# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန်လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ စနေနေ့။ Saturday, 15 February 2020 ၉၉၂၆


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ချင်းပြည်နယ် ဆူရ်ဘုန်လေဆိပ်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**ထန်တလန် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံခရီးသွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း၊ ဦးကျော်မျိုး၊ ဦးမြင့်ကြိုင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့အား ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် တာဝန်ရှိသူများက ကလေးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ချင်းပြည်နယ် ဖလမ်းမြို့၌ တည်ဆောက်နေသည့် ဆူရ်ဘုန်လေဆိပ် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ဆူရ်ဘုန်လေဆိပ်တည်ဆောက်ရေးစီမံကိန်း ခွင့်ပြုချက်ရရှိခဲ့မှု၊ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှု၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်အထိ


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆူရ်ဘုန်လေဆိပ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# မြရည်နန္ဒာတန်ဖိုးမျှတတိုက်ခန်း ၅၀၀ ကျော်အတွက် လျှောက်လွှာဝယ်ယူသူ များပြား

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည့် မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာမှ တိုက်ခန်း ၅၀၀ ကျော်အား အငြိမ်းစားဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြင်ပပုဂ္ဂလိက ကုမ္ပဏီဝန်ထမ်းများနှင့် ပြည်သူများအား ရောင်းချပေးသွားမည်ဖြစ်ရာ အဆိုပါတိုက်ခန်းများအတွက် လျှောက်လွှာဝယ်ယူသူ ၆၀၀၀ ကျော်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

မန္တလေးမြို့ ခြောက်မြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ပြည်သူများအားရောင်းချပေးခဲ့ရာ အရပ်ဘက်နိုင်ငံ့ဝန်ထမ်း ၃၈၂၄ စောင်၊ အငြိမ်းစားဝန်ထမ်း ၉၂၉ စောင်၊ ကုမ္ပဏီဝန်ထမ်း အစောင်၄၇၀၊ ပြည်သူ ၁၂၀၀ စောင် စုစုပေါင်း ဝယ်ယူသွားသည့်လျှောက်လွှာ ၆၄၂၃ စောင်ရှိသည်။


စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ✳




မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာတိုက်ခန်းများကို တွေ့ရစဉ်။


**ကြေးမုံ ယနေ့ဖတ်စရာ**

**တောင်သူများအပေါ် အထောက်အပံ့ပေးနိုင်ရေးအတွက် လယ်ယာသုံးပစ္စည်းများ ပြည်တွင်းတွင် စက်ရုံများ တည်ထောင်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ**

ပြည်သူ့လွှတ်တော် စာမျက်နှာ ၄

**ပညာရေးဝန်ကြီးဌာနနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းများ ရှင်းလင်းဖြေကြား**

အမျိုးသားလွှတ်တော် စာမျက်နှာ ၅

**စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးခြင်း**

**စကားဝိုင်း ကျင်းပ**

စာမျက်နှာ ၉





# ကြေးမုံ

## ပြည်သူ့ကျန်းမာရေး လူမှုဝန်းကျင်မြှင့်တင်

ပြည်သူလူထု နေ့စဉ်ကျန်းမာမှုအတွက် ကျန်းမာရေးနှင့်ညီညွတ်သော လူမှုဘဝနေထိုင်စားသောက်မှုနှင့် သန့်ရှင်းသောပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းတည်ရှိနေရန် လိုအပ်ပါသည်။ နေထိုင်စားသောက်မှုနှင့် ပတ်ဝန်းကျင်ကောင်းမွန်မှသာ ရောဂါဘေးဘယာကင်းဝေးပြီး သက်ရှည်ကျန်းမာ စိတ်အေးချမ်းသာစွာ ရပ်တည်နေထိုင်နိုင်ကြမည်ဖြစ်သည်။

ယခုအခါ ကူးစက်မြန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး 2019 (COVID- 19) ကြောင့် ကမ္ဘာတစ်ဝန်းမှ ပြည်သူများ စိုးရိမ်ကြောင့်ကြဖြစ်နေကြသော အချိန်ကာလ၌ လူတိုင်းလူတိုင်း ရောဂါပိုးမွှားများ ဝင်ရောက်ခြင်းမရှိစေရေး၊ ကိုယ်ခံအားကောင်းစေရေး အတွက် ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်နေထိုင်မှုနှင့် သန့်ရှင်းသောလေကို ရှူရှိုက်နိုင်ရန် အထူးလိုအပ်ပါသည်။

သန့်ရှင်းသောအစားအသောက်များ စားသောက်ရန်အတွက် ရောင်းချသူရော၊ စားသုံးသူပြည်သူများပါ သတိမူဆင်ခြင်၍ ရောင်းချဝယ်ယူစားသောက်မှုပြုလုပ်ကြရန်လိုအပ်ပြီး သန့်ရှင်းသောလေကို ရှူရှိုက်နိုင်ရေးအတွက် ပြည်သူများကိုယ်နှိုက်ရော၊ သက်ဆိုင်ရာတို့ကပါ ဝိုင်းဝန်း ပါဝင်လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မကြာသေးမီက လူတို့ ကျန်းမာရေးအတွက် လေထုအရည်အသွေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ဖွယ် သတင်းအချို့ ကြားသိလိုက်ရပါသည်။

ရာသီဥတုပြောင်းလဲခြင်းကြောင့်လည်းကောင်း၊ လူဦးရေတိုးပွားများပြားလာမှုနှင့်အတူ လူမှုဘဝတိုးတက်ဖြစ်ထွန်းမှုများကြောင့်လည်းကောင်း လေထုညစ်ညမ်းမှုဖြစ်ပေါ်လာခြင်းသည် အပြန်အလှန်အကြောင်းအကျိုးဆက်စပ်မှုရှိသဖြင့် ပေါ်ပေါက်လာရခြင်းဖြစ်သည်။ အထူးသဖြင့် ရန်ကုန်မြို့ကဲ့သို့ လူဦးရေထူထပ်သောမြို့ကြီးများတွင် မြို့ပြဖွံ့ဖြိုးတိုးတက်မှု အမျိုးမျိုးအဖုံဖုံတို့ကြောင့် လေထုညစ်ညမ်းမှုဖြစ်ရသည်မှာ အချိန်ကာလအတိုင်းအတာအလိုက် ကွာခြားမှုရှိမည်ဖြစ်သည်။

ရန်ကုန်မြို့ လေအရည်အသွေးကို ယခင်က ခြောက်လတစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ်သာ ထုတ်ပြန်လေ့ရှိသော်လည်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)စခန်းက ဖေဖော်ဝါရီလ ၆ ရက်နေ့မှစ၍ နေ့စဉ်ထုတ်ပြန်ပေးခဲ့ရာ ရန်ကုန်မြို့၏ လေအရည်အသွေးအခြေအနေမှန်ကို မြို့နေလူထုသိရှိရသဖြင့် စိတ်သက်သာရဖွယ်ဖြစ်မည်ဟုထင်ပါသည်။ ညစ်ညမ်းသောလေထုသည် ပြည်သူလူထုကျန်းမာရေးကို ထိခိုက်မှုဖြစ်စေခဲ့ရာ၌ လေထုအရည်အသွေးအညွှန်းကိန်းတန်ဖိုးသည် အိမ်နီးချင်းနိုင်ငံနှင့်နှိုင်းစာလျှင် များစွာလျော့နည်းနေသဖြင့် စိုးရိမ်မှုလျော့နည်းမည်ဖြစ်သည်။

ရန်ကုန်မြို့ လေအရည်အသွေး အညွှန်းကိန်းတန်ဖိုးမှာ ၅၀ နှင့် ၁၀၀ ကြားတွင်သာရှိသည့်အတွက် ပြည်သူလူထုကျန်းမာရေး ထိခိုက်နိုင်သည့် အနေအထားမရှိပေ။ အိမ်နီးချင်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် တရုတ်နိုင်ငံ ပေကျင်းမြို့တို့၏ လေအရည်အသွေး ၂၄ နာရီ တိုင်းတာမှုမှာ အညွှန်းကိန်းတန်ဖိုး ၁၅၀ အထက်တွင်ရှိနေပြီး အချို့ရက်များတွင် ၃၀၀ ကျော်အထိ ပင်ရှိနေ၍ ထိုနိုင်ငံများ၏စိုးရိမ်ပူပန်မှုအဆင့်ကို ရောဂါကူးစက် ဖြစ်ပွားမှုအနေအထားများနှင့် ချိန်ဆကြည့်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် လေအရည်အသွေးအညွှန်းကိန်းသည် စိုးရိမ်ပူပန်ဖွယ်မဖြစ်သော်လည်း လူဦးရေထူထပ်မှုနှင့် မြို့ပြမွန်းကျပ်မှုအရ ယခင်ကာလများကထက်စာလျှင် လေအရည်အသွေး အညွှန်းကိန်းတန်ဖိုး မြင့်မားလာသည်ဟု ဆိုနိုင်သည်။ လေအရည်အသွေး အညွှန်းကိန်းအဆင့်သည် ၅၀ နှင့် ၁၀၀ ကြား၌ အလယ်အလတ်အဆင့်ရှိပြီး ကျန်းမာရေးဆိုင်ရာ သက်ရောက်မှု မရှိဟုသိရသည်။ ဖေဖော်ဝါရီလ ၆ ရက်နေ့မှစ၍ နေ့စဉ်တိုင်းထွာမှုအရ လေအရည်အသွေး တစ်ရက်နှင့် တစ်ရက် တူညီခြင်းမရှိသော်လည်း ၉၀ အထက်ရှိသော ဖေဖော်ဝါရီ ၈ ရက်၊ ၉ ရက်၊ ၁၁ ရက်နေ့များတွင်မူ ၁၀၀ ဘက်သို့ကပ်လာသဖြင့် သတိထားဆင်ခြင်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ အညွှန်းကိန်း ၁၀၀ အထက်ဆိုလျှင် ခံနိုင်ရည်နည်းပါးသောသူများအတွက် ကျန်းမာရေးထိခိုက်နိုင်သောအဆင့်ဖြစ်၍ လေအရည်အသွေးအညွှန်းကိန်းတက်လာနိုင်သည့် အကြောင်းအချက်များကို သတိပြုရမည်ဖြစ်သည်။ အညွှန်းကိန်း ၁၀၀ အထက်ရှိလာမည်ဆိုပါက အသက်ရှူလမ်းကြောင်းဆိုင်ရာ သို့မဟုတ် နှလုံးရောဂါရှိသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ အသင့်အတင့် ထိခိုက်နိုင်ဖွယ်ရှိသဖြင့် လေထုညစ်ညမ်းမှုမဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မေလတွင် Myanmar-Korea Joint Commission on Trade and Industrial Cooperation အစည်းအဝေးကျင်းပမည့် ကိစ္စ၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာကိစ္စ၊ အာမခံလုပ်ငန်းဖွံ့ဖြိုးမှုဆိုင်ရာကိစ္စ၊ စက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ ချည်မျှင်နှင့် အထည်ထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးအတွက် Textile Testing Center ထူထောင်၍ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စ၊ မြန်မာနိုင်ငံတွင် ကိုရီးယားသမ္မတနိုင်ငံအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်နေသည့် Myanmar Development Institute (MDI) ဖွင့်လှစ်နိုင်ရေး၊ Korea Knowledge Sharing Program ဖြင့် သင်တန်းများ ပံ့ပိုးပေးနေမှု၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကိုရီးယားသမ္မတနိုင်ငံမှ ပံ့ပိုးကူညီပေးမှုဆိုင်ရာကိစ္စနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ ဗန်းမော် မဲဆန္ဒနယ်၏မိတ်ဆွေ ၃၆ ဦးနှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပထဝီဝင်ဌာနမှ ဒေါက်တာခင်ခင်ဟန် (ပါမောက္ခ၊ ဌာနမှူး) ဦးဆောင်သည့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူနှင့် ဝန်ထမ်းများ ၁၇၇ ဦး စုစုပေါင်း ၂၁၃ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး House of Commons မှ Hluttaw Project Coordinator၊ Ms. Mariam Keating ၏ မိသားစုဝင်နှစ်ဦးတို့သည် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်နေ့ရက်မှ ယနေ့အထိ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ပြည်တွင်းဧည့်သည် ၆၀၉၉၆ ဦးနှင့် ပြည်ပဧည့်သည် ၂၄၇၀ ဦး စုစုပေါင်းဧည့်သည် ၆၃၄၆၆ ဦး ရှိပြီဖြစ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်တို့ထံလိပ်မူပြီး အစိုးရရုံးပိတ်ရက်များမပါ သုံးရက် ကြိုတင်ပေးပို့ လျှောက်ထားနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေး အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၄-၂-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ ‌ရောင်းရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၀၀၀ | ၁,၄၀၀ | ၁၅,၉၀၇,၅၀၀ |
| MTSH | ၃,၉၅၀ | ၄,၀၀၀ | ၂,၂၂၃ | ၈,၇၉၁,၀၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၀ | ၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၅ | ၁၄,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ရန်ကုန်(ရွှေဈေး) ၁၂၁၈၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၈၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၁၀/၈၆၅ ကျပ် | ၈၅၅/၈၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၉၀ ကျပ် | ၈၉၀/၉၃၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၂၀/၇၇၀ ကျပ် | ၇၉၀/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၂၀/၈၇၅ ကျပ် | ၈၇၀/၈၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၃၀/၇၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၀/၇၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၉၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၄၆.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၆၇.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၇.၁၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၆.၄၂၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၉.၅၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၂၆၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၁၇.၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂.၃၁ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၂.၅၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၄၀.၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပလက်ဝမြို့နယ်မှ တိုက်ပွဲရှောင်ပြည်သူများအတွက် သိကီးရ်ကျေးရွာ၌ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းသော နေအိမ်များတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

* ရှေ့ဖုံးမှ

လုပ်ငန်းပြီးစီးမှု၊ လေကြောင်းလျှပ်စစ်နှင့် လေကြောင်းဆက်သွယ်ရေးစက်ပစ္စည်း တပ်ဆင်ခြင်းဆောင်ရွက်နေမှု၊ မြေတူးဖြတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လေယာဉ်ပြေးလမ်း ပေ ၆၀၀၀ အား ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ကျောက်စီမြေထိန်းနံရံများ ဆောင်ရွက်ပြီးစီးမှု၊ လေဆိပ်အဆောက်အဦတည်ဆောက်ပြီးစီးမှု၊ လေကြောင်းထိန်းမျှော်စင်နှင့် မီးသတ်အဆောက်အဦဆောင်ရွက်ပြီးစီးမှု၊ ဆူရုံဘုန်လေဆိပ်၌ တပ်ဆင်မည့် လေကြောင်းလမ်းညွှန်စက်နှင့် ဆက်သွယ်ရေးစက်ပစ္စည်းများ ရောက်ရှိမှုအခြေအနေ၊ မိုးလေဝသဆိုင်ရာအချက်အလက်များ အလိုအလျောက်ပေးပို့ စက်ပစ္စည်းရောက်မှု၊ လေဆိပ်ပိုင်မြေအမည်ပေါက်ရရှိရေး ဆောင်ရွက်ပြီးစီးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဆူရုံဘုန်လေဆိပ်ပြီးစီးပါက ချင်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက တည်ဆောက်ရေးလုပ်ငန်းများကို အလေအလွင့်မဖြစ်စေရေးနှင့် အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစေရေး၊ တောင်ပေါ်လေယာဉ်ကွင်းဖြစ်သည့်အတွက် ရာသီဥတုမှတ်တမ်းများအား စနစ်တကျ ဆောင်ရွက်ထားရှိရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

### လိုက်လံကြည့်ရှု

ထို့နောက် ဒုတိယသမ္မတသည် လေယာဉ်ပြေးလမ်း ကျောက်ကတ္တရာခင်းခြင်း ဆောင်ရွက်ထားရှိမှု၊ ပြေးလမ်းအဆုံး၌ မြေသားလုပ်ငန်းဆောင်ရွက်နေမှုနှင့် လေဆိပ်အဆောက်အဦတည်ဆောက်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆူရုံဘုန်လေဆိပ် တည်ဆောက်ပြီးစီးပါက ချင်းပြည်နယ်၏ အဓိက လေကြောင်း ဝင်ပေါက်ဖြစ်လာပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ အချိန်တိုအတွင်း လာရောက်လည်ပတ်နိုင်မည့်အပြင် ဒေသထွက်ကုန်များနှင့် တိုင်းရင်းသားများအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ဒေသအနှံ့အပြားသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေဆိပ်သည် ချင်းပြည်နယ်အလယ်ပိုင်းတွင် တည်ရှိပြီး ဖလမ်းမြို့၊ လုံပီးတောင်၊ ဟားခါး၊ ထန်တလန်၊ တီးတိန်နှင့် ရိဒ်ရေကန် စသည့် ပြည်နယ်၏ မြို့ကြီးများနှင့် ခရီးသွားလည်ပတ်ရန်နေရာများကို အချိန်တိုအတွင်း လာရောက်လည်ပတ်နိုင်သည့်အပြင် မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်လေဆိပ်များသို့ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထန်တလန်မြို့နယ် သိကီးရ်ကျေးရွာ သိကီးရ် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

### ကြည့်ရှု

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ထန်တလန်မြို့နယ် သိကီးရ်ကျေးရွာသို့ရောက်ရှိပြီး သိကီးရ် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဓာတ်မှန်ခန်း၊ လူနာဆောင်၊ ခွဲစိတ်ခန်းနှင့် သားဖွားခန်း၊ ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုသည်။

သိကီးရ်တိုက်နယ်ဆေးရုံမှာ အလျား ၁၄၁ ပေ၊ အနံ ၁၃၆ ပေ၊ RC ကွန်ကရစ်အမျိုးအစားဖြစ်ပြီး ဆေးရုံနှင့်အတူ ဆရာဝန်နေအိမ်၊ သူနာပြုနေအိမ်၊ ဝန်ထမ်းအိမ်ရာတို့ကိုပါ ထည့်သွင်း၍ ဘဏ္ဍာငွေကျပ် ၁၃၆၅ ဒသမ ၄၅ သန်း အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် ပလက်ဝမြို့နယ်မှ တိုက်ပွဲရှောင်ပြည်သူများအတွက် သိကီးရ်ကျေးရွာ၌ နယ်စပ်ရေးရာဝန်ကြီးဌာနမှ နေအိမ်အလုံး ၂၀ နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ နေအိမ်အလုံး ၅၀ တည်ဆောက်နေမှုကို လိုက်လံကြည့်ရှုသည်။

သတင်းစဉ်

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့် Max Planck and the Chubb Rule of Law Fund မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်သည် Max Planck and the Chubb Rule of Law Fund မှ ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၌ လက်ခံတွေ့ဆုံသည်။

### ဆွေးနွေး

တွေ့ဆုံစဉ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် Max Planck and the Chubb Rule of Law Fund တို့အကြား ပူးပေါင်းဆောင်ရွက်မည့်ကိစ္စ၊ ခုံရုံးသုတေသနဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာကိစ္စ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်မှု၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အပြည်ပြည်ဆိုင်ရာဥပဒေများအကြား ဆက်နွှယ်မှုတို့နှင့် စပ်လျဉ်း၍ သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# တောင်သူများအပေါ် အထောက်အပံ့ပေးနိုင်ရေးအတွက် လယ်ယာသုံးပစ္စည်းများ ပြည်တွင်းတွင် စက်ရုံများတည်ထောင်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီနှင့် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီတို့၏ သက်တမ်းကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ လည်းကောင်း၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ သက်တမ်းကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီနှင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတို့၏ သက်တမ်းကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ သက်တမ်းကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ လည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကော်မတီတို့၏ သက်တမ်းကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ လည်းကောင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၏ သက်တမ်းကို ၂၀၂၀ ပြည့်နှစ် မတ် ၁ ရက်မှစ၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ထပ်မံတိုးမြှင့်သတ်မှတ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

### မြန်မာ-အိန္ဒိယ နယ်စပ်ဈေးအား ပန်ဆောင်မြို့တွင် ဖွင့်လှစ်ရန် အစီအစဉ်ရှိ

ဆက်လက်၍ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ၏ နန်းယွန်းမြို့နယ်ရှိ ပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရန် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဈေးအား ပန်ဆောင်မြို့တွင် ဖွင့်လှစ်ပေးမည့် အစီအမံများအား သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာ-အိန္ဒိယ နယ်စပ်ဈေးအား ပန်ဆောင်မြို့တွင် ဖွင့်လှစ်ရန် အစီအစဉ်ရှိပါကြောင်းနှင့် နယ်စပ်ဈေးများ စီမံခန့်ခွဲရေးနည်းလမ်းကို နှစ်နိုင်ငံအပြန်အလှန် ညှိနှိုင်းအတည်ပြုပြီးပါက အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏ မြေယာလျော်ကြေးပေးအပ်ရန် ကတိပေးညှိနှိုင်းထားသည့်အတိုင်း တိကျသည့်အချိန်သတ်မှတ်ပေးပါရန်နှင့် ပြန်လည်နေရာချထားရေး၊ လျော်ကြေးနစ်နာကြေးပေးအပ်ရေးကို တိကျခိုင်မာပြီး မျှတသောမူဝါဒဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးမည့်အစီအစဉ်ကို သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်ထူးက လွှတ်တော်ကိုယ်စားလှယ် ရည်ညွှန်းပြောဆိုခဲ့သည့်မြေသည် မြို့ပြနှင့်အိုးအိမ်ဦးစီးဌာနက ၁၉၄၀-၁၉၄၅ ခုနှစ်တွင် အစားထိုးလျော်ကြေးပေးသိမ်းယူခဲ့သည့် မြေများဖြစ်ပါကြောင်း၊ သို့သော်လည်း ယခုအခါတွင် မူလသိမ်းဆည်းခံ တောင်သူများနှင့် ဆက်ခံခွင့်ရှိသူများက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းမှုကို ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်သို့ ပြန်လည်တောင်းခံနေသဖြင့် စိစစ်နေရသည့် အမှုများဖြစ်ပါကြောင်း။

### စီမံကိန်းဧရိယာအတွင်းမှ မလွတ်ကင်းသည့် အိမ်ထောင်စုများကိုမြေယာလျော်ကြေး၊ သီးနှံလျော်ကြေးနှင့် လူမှုရေးအရ ထောက်ပံ့မှုများကို အဆင့်အလိုက် မြင်သာစွာ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

နိုင်ငံတော်၏ သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းကို အကောင်အထည်ဖော်နေသည့် စီမံခန့်ခွဲရေးကော်မတီ အနေဖြင့် ၂၀၁၄ ခုနှစ် အထူးစီးပွားရေးဇုန်ဥပဒေနှင့်အညီ စီမံကိန်းအောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ရှိပြီး စီမံကိန်းဧရိယာအတွင်းမှ မလွတ်ကင်းသည့် အိမ်ထောင်စုများကို မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးနှင့် လူမှုရေးအရ ထောက်ပံ့မှုများကို အဆင့်အလိုက် ပွင့်လင်းမြင်သာစွာ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ပါ၍ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနက လွှဲပြောင်းပေးထားသည့် မြေနှင့် လက်ရှိအသုံးချပြီး ကျန်ရှိနေသည့်မြေများကို သီလဝါအထူးစီးပွားဇုန် စီမံခန့်ခွဲမှုကော်မတီက နောက်ထပ်ပြောင်းရွှေ့လာမည့် အိမ်ထောင်စုများအတွက် ဆက်လက်နေရာချထားပေးရန် ရည်ရွယ်ပါကြောင်း၊ ယင်းကိစ္စကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီက စိစစ်နေဆဲဖြစ်ပြီး စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အဆိုပါကော်မတီ၏ အဆုံးအဖြတ်အတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးအောင်ထူး



ဒုတိယဝန်ကြီး ဦးလှကျော်



ဆောမဲဆန္ဒနယ်မှ ဦးကျော်တင်



နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ



ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး



အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို

ဆောမဲဆန္ဒနယ်မှ ဦးကျော်တင်၏ ဆောမြို့နယ် ရေရှင်ကျေးရွာရှိ ရေရှင်မြောင်း(ငါးရွာမြောင်း)တွင် ကွန်ကရစ်ကျောက်တိုင် လေးတိုင်နှင့် အစွန်းနှစ်ဖက်ခေါင်းနှုတ်သီးနှစ်ခုတို့ကို ရေရှည်ခိုင်ခံ့မည့် ကျောက်တိုင်ကြီးများအဖြစ် အမြန်ဆုံးတည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုပါမြောင်းသည် ချီချောင်းမှ ရေသွယ်ယူထားသော မြောင်းဖြစ်ပြီး ပေတိုင် ၉၀၀ ခန့်အကွာ ချီချောင်းနံဘေးကမ်းပါး၌ လျှိုချောက်အားဖြတ်၍ တည်ထောင်ထားသော ရေသွယ်လျောက်ဖြစ်ပါကြောင်း၊ ရေသွယ်လျောက်၏ ကျောက်စီတိုင် (Pier) လေးတိုင်အား သံကူကွန်ကရစ်အားဖြည့်၍ ကြံ့ခိုင်အောင်ပြုပြင်ပေးခြင်း၊ ရေသွယ်လျောက်၏ Flume Abutment အား ကျောက်စီနံရံအဖြစ် ပြန်လည်ပြုပြင်ပေးခြင်း၊ ရေသွယ်လျောက် ၁၉၅ ပေအား ရေစိမ့်ယိုမှုမှ ကာကွယ်ရန် ကိုယ်ထည်အား Steel Flume အဖြစ်ပြုပြင်ပေးခြင်း၊ ရေလွှဲရေကာတာအရှည် ၁၅ ပေ သုံးခုတည်ဆောက်ပေးခြင်း စသည့်လုပ်ငန်းများ ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ယင်းရေသွယ်လျောက်သည် ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်း တည်ရှိနေသောကြောင့် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ လယ်ယာလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုနေကြသော တောင်သူများအတွက် လယ်ယာလုပ်ငန်းခွင်၌ လိုအပ်သော လယ်ယာသုံးစက်ကိရိယာ၊ သွင်းအားစု ဓာတ်မြေဩဇာ၊ လယ်ယာသုံးပစ္စည်းများကို ပြည်တွင်း၌ပင် စက်ရုံများတည်ထောင်ကာ ထုတ်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က မြန်မာနိုင်ငံအတွင်း လယ်ယာလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုနေကြသည့် တောင်သူများအပေါ် အထောက်အပံ့ပေးနိုင်ရေးအတွက် လယ်ယာလုပ်ငန်းခွင်တွင်လိုအပ်သည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ၊ သွင်းအားစုဓာတ်မြေဩဇာ စသည့် လယ်ယာသုံးပစ္စည်းများကို ပြည်ပမှတင်သွင်းဖြန့်ဖြူးမှုရှိသကဲ့သို့ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး ပြည်တွင်းတွင် စက်ရုံများတည်ထောင်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ မိုးကောင်းမြို့နယ် နမ္မတီးမြို့မြေပုံအား မည်သည့်အချိန်တွင် အတည်ပြုထုတ်ပြန်ပေးနိုင်မည်ကို သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က မြေပုံနှင့်ပတ်သက်၍ လမ်းနယ်နိမိတ်များ၊ မီးရထားလမ်းနယ်နိမိတ်များအား နယ်နိမိတ်သတ်မှတ်ရေးအရာရှိ မိုးကောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ သက်ဆိုင်ရာဌာနများက တည်ဆဲဥပဒေများနှင့်အညီ အတည်ပြုသတ်မှတ်နိုင်ရေး ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အတည်ပြုသတ်မှတ်ပြီးပါက မြေကွက်ဦးပိုင်တစ်ခုချင်းအလိုက် မြို့မြေပိုင်ဆိုင်ခွင့်များ စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်းများဆောင်ရွက်၍ နယ်နိမိတ်သတ်မှတ်ရေးအရာရှိထံ မြို့မြေများစာရင်း မှတ်တမ်းပြုစုရေးဆွဲ၍ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး အတည်ပြုချက်ရရှိပြီးမှ သာမြေငှားဂရန်များ လျှောက်ထားနိုင်ရေးအတွက် သက်သေခံမြေပုံ(မြေစာရင်းပုံစံ-၁၀၅)နှင့် ဦးပိုင်တစ်ခု၏ မြေရာဇဝင်(မြေစာရင်းပုံစံ-၁၀၆)တို့ကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို၏ နိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသော သီလဝါအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်တို့၏ အခြေအနေများနှင့်ပတ်သက်ပြီး သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်ထူးက လည်းကောင်း၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း၏ ကြို့ပင်ကောက်မြို့နယ် ဂုမ္ဘကွင်းအုပ်စု ကြို့ကုန်းကျေးရွာ၊ အနောက်ဂုမ္ဘကွင်းကျေးရွာ တောင်သူလယ်သမားများ၏ လယ်များမှ ကောက်ပဲသီးနှံများ ကျေးရွာအရောက်သယ်ယူရန် မြို့လယ်ချောင်းကူးတံတား(ကုန်ထုတ်တံတား) တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**



# ပညာရေးဝန်ကြီးဌာနနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းများ ရှင်းလင်းဖြေကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၏ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ပိကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှိ အန္တရာယ်ရှိကျောင်းဆောင်ကို ဖျက်သိမ်းပြီး နှစ်ထပ်ကျောင်းဆောင် တစ်ဆောင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကျိုက်ထိုမြို့နယ် ကျိုက်ပိကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ပေ(၁၁၀ x ၃၀) နှစ်ထပ်ဆောင် အသစ်တစ်ဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်သောရန်ပုံငွေကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေးရန်ပုံငွေ ခေါင်းစဉ်အောက်တွင် ဦးစားပေးအစီအစဉ်အရ စိစစ်လျာထားဆောင်ရွက်ပြီး ဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပါက ကျောင်းဆောင်အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားသည်။


ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း


မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း


ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုင်းစံအောင်


ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးငွေတင်း

## ပလက်ဝမြို့နယ် မီးလက်ဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တွင် RC တစ်ထပ်ဆောင် အသစ်တစ်ဆောင် ဆောက်လုပ်ပေးမည်

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးငွေတင်း၏ ချင်းပြည်နယ် ပလက်ဝမြို့နယ် ရပ်ဝကျေးရွာအုပ်စု မီးလက်ဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) တွင် RC တစ်ထပ်ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပလက်ဝမြို့နယ် မီးလက်ဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တွင် RC တစ်ထပ်ဆောင် အသစ်တစ်ဆောင် ဆောက်လုပ်ရန် လိုအပ်သည့် ရန်ပုံငွေများကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေး ရန်ပုံငွေတွင် ဦးစားပေးအစီအစဉ်အရ လျာထားဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပါက ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ် ရွှေဝါကျေးရွာအုပ်စုရှိ ရွှေဝါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဖြစ်လည်းကောင်း၊ မိန်းပန်းကျေးရွာအုပ်စုရှိ မိန်းပန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာမူလတန်း(လွန်)ကျောင်းအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လွှတ်တော်ကိုယ်စားလှယ်တင်ပြထားသည့် ဟိုပန်မြို့နယ် ရွှေဝါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် မိန်းပန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့ကို ကျောင်းအဆင့်မြှင့်တင်ရေးမူများနှင့် စိစစ်ပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ထန်တလန်မြို့နယ်ရှိ ဒေါန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျောင်းဆောင်အသစ် ဆောက်လုပ်ရန် ဦးစားပေးအစီအစဉ်အရ လျာထားဆောင်ရွက်

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း၏ ချင်းပြည်နယ် ထန်တလန်မြို့နယ် ဒေါန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်အဆောင်(၁)သည် ဟောင်းနွမ်းပျက်စီးနေသဖြင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် RC နှစ်ထပ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ချင်းပြည်နယ် ထန်တလန်မြို့နယ်ရှိ ဒေါန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းဆောင်အသစ် ဆောက်လုပ်ရန် လာမည့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေးရန်ပုံငွေ ခေါင်းစဉ်အောက်တွင် ဦးစားပေးအစီအစဉ်အရ လျာထားဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုချက် ရရှိပါက ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်ရှိ သုံးပန်လှကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ချောင်းဦးမြို့နယ် သုံးပန်လှအခြေခံပညာ အလယ်တန်းကျောင်း၏လက်ရှိကျောင်းအဆင့် သက်တမ်းမှာ သုံးနှစ်ခန့်သာ ရှိသေးပါကြောင်း၊ အလယ်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူဦးရေမှာလည်း (၁၇၈)ဦးသာ ရှိသည့်အပြင် အနီးဆုံးအထက်တန်းအဆင့်သင်ကျောင်းဖြစ်သည့် တောကျောင်းကြီး အခြေခံပညာအထက်တန်းကျောင်းနှင့်လည်း နှစ်မိုင်ခန့်ခရီးအတွင်းသာ ရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ သုံးပန်လှအခြေခံပညာအလယ်တန်းကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ရေးအတွက် လာမည့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ဦးစားပေးအစီအစဉ်အနေဖြင့် သတ်မှတ်လျာထားခြင်းမရှိပါကြောင်း၊ နောင်လာမည့်နှစ်များတွင် ဘဏ္ဍာရေးခွင့်ပြုချက်ရရှိသည်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ မြန်မာနိုင်ငံတွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ အထက်တန်းရှေ့နေ (H.G.P) သင်တန်းတက်ရောက်နိုင်ရန်အတွက် အထက်တန်းရှေ့နေ (H.G.P) သင်တန်းများဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လွှတ်တော်ကိုယ်စားလှယ်တင်ပြသည့် အထက်တန်းရှေ့နေ (H.G.P) စာမေးပွဲသည် ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်သည့် စာမေးပွဲမဟုတ်ဘဲ ဝန်ထမ်းရွေးချယ်ရေးအဖွဲ့က ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အဆိုပါစာမေးပွဲသည် သင်တန်းအမျိုးအစားထဲတွင် မပါဝင်ပါကြောင်း၊ သင်တန်းများလည်း ဖွင့်လှစ်ပေးခြင်းမရှိပါကြောင်း၊ ဖြေဆိုရမည့် သင်ရိုးညွှန်းတမ်းများကို ထုတ်ပြန်ကြေညာထားပြီး အပိုင်းခွဲ၍ စာမေးပွဲစစ်ဆေးသတ်မှတ်ခြင်းသာ ဖြစ်ပါကြောင်း။

အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်တွင်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအတွက် ဥပဒေဘွဲ့(LLB) သင်တန်းများကို နေ့သင်တန်းနှင့် အဝေးသင်သင်တန်းများအဖြစ် နှစ်စဉ်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါသင်တန်းများမှ ကျောင်းဆင်းသွားသည့် ဥပဒေဘွဲ့ (LLB) ရရှိသူများသည် Chamber တစ်နှစ်ဆင်းပြီးပါက အထက်တန်းရှေ့နေ (H.G.P)အဖြစ် တရားရုံးချုပ်တွင် လျှောက်ထားဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားသည်။


ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘွဲ့ခိန်း


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်း

ထို့နောက် ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးနှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်သန်းသန်းဝင်းတို့က ဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့အရ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော ရေးရာကော်မတီ (၁၂)ခု၏ သက်တမ်းအား တစ်နှစ်ပြည့်မြောက်သည့် နေ့မှစတင်၍ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၇ အရ နောက်ထပ်သက်တမ်းတစ်နှစ် တိုးမြှင့်သတ်မှတ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင် (သတင်းစဉ်)**
**ဓာတ်ပုံ - စိုးဝင်းထွန်း**

# မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်တွင် COVID-19 ဗိုင်းရပ်စ် ပညာပေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်းပြုလုပ်သည့် COVID-19 ဗိုင်းရပ်စ် အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၃ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ် စုဝေးခန်းမ၌ ပြုလုပ်သည်။



**မေးမြန်းဆွေးနွေး**

အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး(တာဝန်) ဒေါက်တာသန်းနိုင်စိုးက COVID-19 ဗိုင်းရပ်စ်နှင့် ပတ်သက်သော သိကောင်းစရာများကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအင်ကြင်းအောင်နှင့် လက်ထောက်ဆရာဝန် ဒေါက်တာထက်လင်းတို့က စနစ်တကျ လက်ဆေးနည်းကို သရုပ်ပြသရာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်အမယာမော်နိုင်၊ အချိန်ပြည့်အချိန်ပိုင်း အလုပ်အမှုဆောင်များ၊ ဒုတိယအထွေထွေအတွင်းရေးမှူးများ၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာအင်ကြင်းအောင် နှင့် လက်ထောက်ဆရာဝန် ဒေါက်တာထက်လင်း၊ အသင်းဌာနအသီးသီးမှ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများ၊ ကြက်ခြေနီသူနာပြု တပ်ဖွဲ့မှူးများ၊ ကြက်ခြေနီလူငယ်ခေါင်းဆောင်များနှင့်ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်မျိုး**

# စာရေးဆရာမခက်မာ၏ စာအုပ်သစ်မိတ်ဆက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**
စာရေးဆရာမခက်မာ၏ "ကျမဘေးကလူဘယ်သူလဲ"စာအုပ်သစ်မိတ်ဆက်ပွဲနှင့် လက်မှတ်ရေးထိုးပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

စာအုပ်သစ်မိတ်ဆက်ပွဲတွင် ဆရာမဂျူး၊ ဆရာမရာသက်ပန် (တောင်ငူဆောင်)နှင့် ဆရာမဖြူမွန်တို့က အမှတ်တရစကားများ ပြောကြားပြီး ဆရာမခက်မာက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

စာရေးဆရာမခက်မာသည် ဝတ္ထုတို၊ ဝတ္ထုရှည်၊ လုံးချင်းဝတ္ထု၊ အက်ဆေး၊ ဆောင်းပါး၊ ကဗျာ၊ စာပေမျိုးစုံရေးသားခဲ့ပြီး ဝတ္ထုတိုရေးသူအဖြစ် လူသိများသည်။ ယခုမိတ်ဆက်သည့် "ကျမဘေးကလူ ဘယ်သူလဲ" ဝတ္ထုသည် ပင်ကိုယ်ရေး ဝတ္ထုဖြစ်သည်။

ဆရာမခက်မာသည် အင်္ဂလိပ်၊ ဂျပန်၊ စပိန်ဘာသာပြန်စာပေများ ရေးသားခဲ့ပြီး နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် မာလာလာယူဆွတ်ဇိုင်၏ ဘဝဇာတ်ကြောင်းကို ရေးသားထုတ်ဝေခဲ့သော "ကျွန်မမာလာလာ"ဘာသာပြန်စာအုပ်သည် ရောင်းအားကောင်းသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။ ဆရာမခက်မာသည် လက်ရှိတွင် လွတ်လပ်သည့် အာရှအသံ (Radio Free Asia) တွင် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

"ကျမဘေးကလူဘယ်သူလဲ"ဝတ္ထုစာအုပ်ကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်လမ်းမများစာပေမှ ထုတ်ဝေဖြန့်ချိပြီး တန်ဖိုးမှာ ငွေကျပ် သုံးထောင်ဖြစ်သည်။

**သတင်းစဉ်**

ကြေးမုံ
ဖေဖော်ဝါရီ ၁၅၊ ၂၀၂၀

# စာဖတ်ခြင်းနှင့် အိမ်တွင်းစာအုပ်စင်

မြတ်စန်းငြိမ်း

စာဖတ်ခြင်းသည် မိမိဘဝနှင့် အလုပ်ခွင်တွင် အရည်အသွေးမြင့်မားစွာ နေထိုင်လုပ်ကိုင်နိုင်ခြင်းအတွက် မရှိမဖြစ်လိုအပ်ချက်တစ်ခုပင် ဖြစ်သည်။ အမှန်တကယ်ချမ်းသာခြင်းဆိုသည်မှာ မိမိဘဏ်ထဲတွင် ငွေမည်မျှထည့်ထားသည်မဟုတ်ဘဲ မိမိဦးနှောက်အသိဉာဏ်ကို ဖွံ့ဖြိုးတိုးတက်စေခြင်းသည်သာလျှင် အမှန်တကယ်ချမ်းသာခြင်းဖြစ်ပေသည်။

လူတိုင်း ဝါသနာအသီးသီးရှိကြသည့်အနက် စာရေးသူ၏ စိတ်ကျေနပ်မှုအရှိဆုံး ဝါသနာတစ်ခုမှာ စာအုပ်ကောင်းများ တဖြည်းဖြည်းချင်းစုဆောင်းခြင်းဖြစ်သည်။

စာအုပ်များပိုင်ဆိုင်ခြင်းဖြင့် အသိပညာဗဟုသုတ၊ အချက်အလက်များ အချိန်မရွေးအဆင်သင့် ရရှိစေနိုင်သည်။ ထို့မှတစ်ဆင့် ပိုင်ဆိုင်ထားသောစာအုပ်များကို မိမိဘဝတစ်သက်တာ လေ့လာသင်ယူရေးအတွက်လည်းကောင်း၊ အသိပညာမျှဝေခြင်းဖြင့် လည်းကောင်း အသုံးပြုဖတ်ရှုသွားနိုင်သည်။

စာဖတ်ခြင်းသည် လူတစ်ဦးစီအတွက် အောက်ပါကောင်းကျိုးများရရှိစေနိုင်သည်။ (ကလေးများအတွက်လည်း ဖန်တီးမှုနှင့်စိတ်ကူးကောင်းများဖြစ်ပေါ်စေသည်)

၁။ လူ့ဘဝတစ်လျှောက်လုံး သောက၊ ကြောင့်ကြစိတ်၊ အခက်အခဲ၊ စိတ်ဖိစီးမှုများနှင့် နေ့စဉ် ပြည့်နှက်နေသောကြောင့် စိတ်၏ ငြိမ်းချမ်းမှုနှင့် အချိန်အတိုင်းအတာတစ်ခုတွင် သက်သာရာရစေရန် စာဖတ်ဖို့လိုသည်။

၂။ ကျောင်း၊ တက္ကသိုလ်တက်ရောက်ရန် အခွင့်အရေးမရသောသူများလည်း စာဖတ်ခြင်းဖြင့် မိမိဘဝမှာလိုအပ်သည့် အတွေးအခေါ်၊ ပညာရပ်များကိုရရှိနိုင်သည့် အခွင့်အရေးကို စာအုပ်များမှတစ်ဆင့် ရယူနိုင်မည်။



**❖ စာအုပ်များရွေးချယ်ရာတွင် လတ်တလောထုတ်ဝေသော စာအုပ်(သို့)လွန်ခဲ့သောနှစ် ၃၀ ကျော်ခန့်က ထုတ်သောစာအုပ် စသဖြင့် မည်သည့် စာအုပ်မဆို စာအုပ်တွင်ပါဝင်သော အကြောင်းအရာနှင့် ရည်ရွယ်ချက်များ၊ အချက်အလက်များသည် မိမိမသိသေးသော ပညာရပ်၊ အချက်အလက်များ ဖြစ်နေခြင်း၊ ဆီလျော်မှုရှိခြင်းတို့အတွက် ထိုစာအုပ်သည် ဖတ်သင့်သော၊ ရွေးချယ်စုဆောင်းသင့်သော စာအုပ်ဖြစ်နိုင်သည်။**

**❖ မိမိဖတ်သောစာအုပ်သည် မိမိဘဝအတွက် အလင်းရောင်ပေးသော မိမိတို့သတိမမူမိသောအချက်များ၊ အကြောင်းအရာများကို မီးမောင်းထိုးပြသောစာအုပ်ဖြစ်လျှင် စာအုပ်ကောင်းဖြစ်**

၃။ နေ့စဉ် ပုံမှန်အလုပ်များ လုပ်နေစဉ်မှာပင် စာဖတ်ခြင်းဖြင့် ဘဝ၏ အလေးနက်ဆုံးအကြောင်းအရာများကို နှိုက်နှိုက်ချွတ်ချွတ် သိနားလည်စွမ်းများရရှိနိုင်သည်။

၄။ မိမိဘဝတွင် တွေ့ကြုံနေရသောလူမှုရေး၊ စီးပွားရေးနှင့် အတွေးအမြင်၊ အယူအဆဆိုင်ရာ ပြဿနာများအတွက် စာဖတ်ခြင်းဖြင့် အဖြေရှာနိုင်သည်။ မိမိဖြတ်သန်းလာခဲ့သော ဘဝအတွေ့အကြုံများနှင့်အတူ ထိုပြဿနာများကို တည်တည်ငြိမ်ငြိမ်ဖြေရှင်းနိုင်သည့် အစွမ်းကို စာအုပ်များက ပေးစွမ်းနိုင်သည်။

၅။ နေ့စဉ် ဘဝတစ်လျှောက် ကြုံတွေ့နေရသော ပေါ့ပေါ့တန်တန် အတွေးအခေါ်များ၊ အကျိုးမရှိသော စကားများ၊ လောကသတင်း၊ အတင်းစကားများဖြင့် စိတ်ပင်ပန်းမှုများကို စာဖတ်ခြင်းဖြင့် ပြေပျောက်စေပြီး စိတ်ပျော်ရွှင်မှု၊ စိတ်ကျေနပ်မှုများ ရနိုင်သည်။ သတင်းမှား၊ သတင်းမှန် ခွဲခြမ်းစိတ်ဖြာနိုင်သော သုတပညာကို ရရှိနိုင်သည်။

စာအုပ်များသည် ကျွန်မတို့အား ဒေါသ၊ ခြိမ်းခြောက်မှု၊ ကြောက်လန့်မှုနှင့် ကြမ်းတမ်းသော နည်းလမ်းများမပါဘဲ ကျွန်မတို့နေထိုင်မှုကို လမ်းညွှန်ပြသနေသည်။ ကျွန်မတို့၏ နေ့စဉ်ဘဝအမှားများကိုလည်း လှောင်ပြောင်ရယ်မောခြင်းမပြုဘဲ ဖတ်ခဲ့သော၊ ဖတ်နေသောစာအုပ်များက ညင်သာစွာပြုပြင်ပေးနိုင်သည်။

စာဖတ်အလေ့အကျင့် များလာသည်နှင့်အတူ စာဖတ်ခြင်း၏ အရသာ၊ ပျော်ရွှင်မှု၊ စိတ်ကျေနပ်မှုတို့ကို သိလာ၊ ခံစားလာမည်ဖြစ်သည်။ စာဖတ်ခြင်းဖြင့် ပျော်ရွှင်မှုအပြင် မြောက်မြားလှစွာသော ဘဝအမျိုးမျိုးအဖုံဖုံကို ဖတ်ရှုခံစားရင်း မိမိတို့၏စာဖတ်စွမ်းရည်များ တိုးတက်လာမည်ဖြစ်သည်။ ထိုစွမ်းရည်များကပင် အယောင်ဆောင်၊ အဆိပ်အတောက်ဖြစ်သောစာများ၊ အပေါ်ယံရွှေမှုန်ကြဲထားသော အတုအယောင်စာအုပ်များကို အလိုလိုဖယ်ရှားသွားနိုင်မည်ဖြစ်သည်။

မိမိ၏ အိမ်တွင်းစာကြည့်တိုက် တည်ထောင်လိုသူများအတွက် စာအုပ်များရွေးချယ်ရာ၌ ကျယ်ကျယ်ပြန့်ပြန့်ရှာဖွေရွေးချယ်ဖို့လိုသည်။ မိမိ၏ စိတ်ခံစားမှုနှင့် လိုက်ဖက်မှုရှိသောစာအုပ်ကို ရွေးချယ်နိုင်သည်။ မည်သည့် စာအုပ်အမျိုးအစားမဆို နူးညံ့မှု၊ တိတ်ဆိတ်မှု၊ စိတ်လှုပ်ရှား၊ စိတ်ကူးစိတ်သန်းထက်မြက်ပြီး လှုံ့ဆော်နိုင်စွမ်းအားများ တစ်မျိုးမဟုတ်တစ်မျိုး ပါဝင်နေမှာအမှန်ပင် ဖြစ်သည်။ လူသားများရေးသော စာအုပ်၊ စာမျက်နှာတိုင်းတွင် အောင်မြင်မှု၊ ကျဆုံးမှု၊ အတွေးအခေါ်ကောင်းများ၊ တီထွင်ဖန်တီးမှုများကို တွေ့နိုင်ခံစားနိုင်သည်။ ထို့ကြောင့် မိမိလက်လှမ်းမီရာစာအုပ်ကောင်းများကို ရွေးချယ်စုဆောင်းနိုင်သည်။

မိမိ၏ အိမ်တွင်းစာအုပ်စင်ပေါ်တွင် မိမိအလုပ်နှင့် အသုံးဝင်၊ ဆက်စပ်သောစာအုပ်များလည်း ရှိနိုင်သည်။ တစ်သက်တာလေ့လာသင်ယူခြင်းအတွက် အသုံးဝင်သောစာအုပ်များ၊ ကိန်းဂဏန်းအချက်အလက်များ ရရှိနိုင်သောစာအုပ်များ၊ စိတ်ခွန်အားပေးစေသောစာအုပ်များသည် စာဖတ်သူများအတွက် တန်ဖိုးရှိသောစာပေများဖြစ်သည်။

စာအုပ်များရွေးချယ်ရာတွင် လတ်တလောထုတ်ဝေသောစာအုပ်(သို့)လွန်ခဲ့သောနှစ် ၃၀ ကျော်ခန့်က ထုတ်သော စာအုပ်စသဖြင့် မည်သည့်စာအုပ်မဆို စာအုပ်တွင်ပါဝင်သော အကြောင်းအရာနှင့် ရည်ရွယ်ချက်များ၊ အချက်အလက်များသည် မိမိမသိသေးသောပညာရပ်၊ အချက်အလက်များဖြစ်နေခြင်း၊ ဆီလျော်မှုရှိခြင်းတို့အတွက် ထိုစာအုပ်သည် ဖတ်သင့်သော၊ ရွေးချယ်စုဆောင်းသင့်သော စာအုပ်ဖြစ်နိုင်သည်။

မိမိဖတ်သောစာအုပ်သည် မိမိဘဝအတွက် အလင်းရောင်ပေးသော မိမိတို့သတိမမူမိသောအချက်များ၊ အကြောင်းအရာများကို မီးမောင်းထိုးပြသောစာအုပ်ဖြစ်လျှင် စာအုပ်ကောင်းဖြစ်၏။ မိမိဘဝရပ်တည်ရေးအတွက် အထောက်အကူဖြစ်စေသော၊ မှန်ကန်သောအတွေးအခေါ်များကို ပေးစွမ်းနိုင်သော စာအုပ်သည် စာအုပ်ကောင်းဖြစ်၏။ စာအုပ်ကောင်းတိုင်းသည်လည်း အရွယ်မရွေး၊ အချိန်မရွေး အကျိုးဆက်များစွာ ပေးနိုင်သောစာအုပ်များ ဖြစ်ပေသည်။

ဤနေရာတွင်အဓိကအရေးပါသောမေးခွန်းတစ်ခုမှာ ''ဘယ်လိုစာအုပ်မျိုးကိုဖတ်သင့်သလဲ၊ ဖတ်ရမလဲ''

မိမိတို့သည် စာအုပ်ပင်လယ်ကြီးအတွင်း မောင်းသူမပါဘဲ ရွက်လွှင့်၍မရနိုင်ပါ။ ထို့ကြောင့် ကြီးမြတ်သောလူပုဂ္ဂိုလ်၊ ထူးချွန်သောလူပုဂ္ဂိုလ်များ၏ အနုပညာ၊ သိပ္ပံ၊ စီးပွားရေး၊ ပညာရေးနှင့် အမြော်အမြင်ရှိသော နိုင်ငံရေးခေါင်းဆောင်များ ရွေးချယ်ဖတ်ရှု၊ ကိုးကားထားသော ရည်ညွှန်းစာအုပ်စာရင်းများထဲမှ လေ့လာရွေးချယ်ဖတ်ရှုနိုင်သည်။

မိမိ၏ အိမ်တွင်းစာကြည့်တိုက်အတွက် စာအုပ်ကို မိမိကိုယ်တိုင် ရွေးချယ်စုဆောင်းမည်။ မိမိ၏ဆန္ဒ၊ လိုအပ်ချက်ကို မူတည်ရွေးချယ်မည်။ ဤသို့ ဝယ်ယူရာတွင် ထုတ်ဝေသူများထုတ်သော စာအုပ်သစ်စာရင်းများ၊ ဝတ္ထုအညွှန်းများ၊ အထက်ဖော်ပြပါ ထူးချွန်လူပုဂ္ဂိုလ်များ၏ ရည်ညွှန်းကိုးကားစာအုပ်စာရင်းများထဲမှ မိမိအကြိုက် ဆန္ဒပြုစာအုပ်စာရင်းကိုပြုစု၍ ဝယ်ယူလျှင် စာအုပ်စုဆောင်းခြင်းကို များစွာအထောက်အကူပြုသည်။

မိမိဆန္ဒပြုစာအုပ်စာရင်းနှင့်အတူ စာအုပ်ဆိုင်များတွင်ဝယ်ယူပြီးပါက မိမိအိမ်တွင်းစာအုပ်စင်ပေါ်သို့ Dewey Decimal Classification မျိုးတူစုစနစ်ကို အသုံးပြု၍ စာအုပ်အမျိုးအစားများခွဲကာ စင်တင်နိုင်သည်။

မိမိအခန်းတွင်းစာကြည့်တိုက်တွင် နေထိုင်၍ လူတို့၏ အဆုံးမရှိသောအတွေးအခေါ်များ၊ လူတို့၏ စိတ်အားထက်သန်စွာရေးထားကြသော ရသ၊ သုတစာပေများနှင့် သူတို့ဖြတ်သန်းကျင်လည်ရာ ဘဝအမျိုးမျိုးတို့ကို ဖတ်ရှုလေ့လာနိုင်သည်။

စာအုပ်များမစုဆောင်းခင်ကပင် စာအုပ်စင်များပြင်ဆင်ခြင်း၊ နေရာချခြင်းတို့သည် မိမိတို့၏ အိမ်၊ မိသားစု၏ဉာဏ်ပညာနှင့် ပညာရှင်ဘဝတစ်စိတ်တစ်ပိုင်းကို ထင်ဟပ်စေမည့် စာအုပ်များတည်ရှိရာ နေရာရွေးချယ်နိုင်ခြင်းဖြစ်ပေသည်။ မိမိကလေးများနှင့် ထိုက်တန်သင့်လျော်သောစာအုပ်စင်တစ်စင်ဖြစ်သင့်သည်။

အိမ်တစ်အိမ်တွင် မိဘများသည် နေ့စဉ်သတင်းစာ၊ မဂ္ဂဇင်းလောက်သာဖတ်ရှုပြီး စာအုပ်စင်မရှိ၊ စာအုပ်မရှိပါက ကလေးများ၏ အသိဉာဏ်ပညာတိုးတက်ရန် အခွင့်အလမ်းနည်းပါးနိုင်သည်။

ထို့ကြောင့် မိမိတို့ပတ်ဝန်းကျင်တွင် ကလေးများအတွက် ''မည်သည့်စာအုပ်အမျိုးအစား ဝယ်ရမလဲ'' ဟု စဉ်းစားမနေတော့ဘဲ ကလေးများ၏ နားလည်မှုစွမ်းရည်အတွင်းရှိစာအုပ်များကို စတင်ပေးဖတ်လိုက်ပါ။ ''မိမိ၏ကလေးကို ဘာစာအုပ်ပေးဖတ်ရင်ကောင်းမလဲဟု စဉ်းစားနေချိန်မှာ အခြားကလေးတစ်ယောက်က နှစ်အုပ်လောက်ဖတ်ပြီးသွားပါပြီ''ဟု ပြောစမှတ်ရှိခဲ့သည်။

စာအုပ်ကောင်းတစ်အုပ်ကိုဖတ်ခြင်းဖြင့် နွေးထွေးမှု၊ စိတ်ပျော်ရွှင်မှု၊ စိတ်သက်သာရာရမှုတို့ကို ခံစားနိုင်သည်။ ကျွန်မတို့၏ စိတ်သည် အကောင်းဆုံးများကိုအသိအမှတ်ပြုတတ်သည့် အလေ့အကျင့်ကိုလည်း မွေးမြူပြီးဖြစ်သွားပါလိမ့်မည်။

ထို့ကြောင့် စာအုပ်တစ်အုပ်ကို အမြန်ဆုံးစဖတ်ကြပါစို့။ စာအုပ်ကောင်းများစုဆောင်း၍ အိမ်တွင်းစာအုပ်စင်တစ်စင် စတင်ပြင်ဆင်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။

## စွမ်းအားမြင့်မီးဖိုများ ကျေးရွာအရောက် ပေးအပ်

**ဟိုပုံး ဖေဖော်ဝါရီ ၁၄**

ကိုရီးယားသမ္မတနိုင်ငံ ရာသီဥတုပြောင်းလဲမှုဗဟိုဌာနက ထောက်ပံ့လှူဒါန်းသည့် စွမ်းအားမြင့်မီးဖိုများအား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၃ နာရီတွင် လျှပ်စစ်မီးမရရှိသည့် ကျေးလက်ဒေသများသို့ အရောက် ပေးအပ်ခဲ့သည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ဖြူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်၊ ဟိုပုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးခင်မောင်သိန်းနှင့် ဝန်ထမ်းများသည် ကုန်းကျိုင်းကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာတို့တွင် စွမ်းအားမြင့်မီးဖို ၁၁၅ လုံး ဖြန့်ဝေပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာအုပ်စု ၁၆ အုပ်စုအတွက် စွမ်းအားမြင့်မီးဖို ၇၁၅၅ လုံးကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလကုန်အထိ ဆက်လက်၍မီးမရရှိသေးသည့် ကျေးလက်ဒေသများသို့ အရောက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မခြူး(ဟိုပုံး ပြန်/ဆက်)**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံလမ်းညွှန်မှာကြား

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးများနှင့်တွေ့ဆုံ၍ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ကြီးကြပ်မှာကြားခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်မြင့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးများ တက်ရောက်သည်။

**ပြင်ဆင်ဆောင်ရွက်လျက်ရှိ**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များအားလုံးမှ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးများအား စုံစုံညီညီ တွေ့ဆုံရသည့်အတွက် အင်မတန်ဝမ်းသာပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို စံငါးချက်ဖြစ်သည့် လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံမှုရှိရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ်တစ်ထပ်တည်း ဖြစ်ရမည်ဆိုသည့် စံငါးချက်နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ အခြေခံမဲဆန္ဒရှင်စာရင်း မှန်ကန်ပြည့်စုံမှုရှိစေရေးအတွက်ကိုလည်း ၂၀၁၉ ခုနှစ်ကို မဲစာရင်းပြုစုရေးနှစ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ယခုလက်ရှိအချိန်ကာလသည် စီမံချက်အပိုင်း(၃)ဖြစ်သည့် ပြောင်းလဲနေသည့် လူဦးရေစာရင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းများကို လစဉ်ပြုစုခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းဆောင်ရွက်နေသည့်ကာလ ဖြစ်ပါကြောင်း။

အဆိုပါစီမံချက်ကို မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်မှသာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းသည် ပြည့်စုံမှန်ကန်သော မဲစာရင်းတစ်ခုဖြစ်လာမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအားလုံး မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့်လည်း အမှားအယွင်းကင်းသော မဲဆန္ဒရှင်စာရင်းများ ရရှိစေရေးအတွက် ပြောင်းလဲနေသော မဲဆန္ဒရှင်စာရင်းများကို လစဉ် စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အလားတူ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာချိန်တွင်လည်း မဲဆန္ဒရှင်များ လာရောက်ကြည့်ရှုစစ်ဆေးကြစေရေးနှင့် မဲစာရင်း ပိုမိုပြည့်စုံမှန်ကန်စေရေးအတွက် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့် လှုံ့ဆော်ခြင်း၊ မဲဆန္ဒရှင်အသိပညာပေး ဆောင်ရွက်ခြင်းများ ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း။



**ဖွင့်လှစ်ပို့ချခဲ့**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကော်မရှင်အဖွဲ့ခွဲများမှ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များနှင့် အရာထမ်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်ဆရာဖြစ်သင်တန်းများကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း အုပ်စုသုံးအုပ်စုခွဲ၍ နေပြည်တော်တွင် ဖွင့်လှစ်ပို့ချခဲ့ပြီး ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အဆိုပါရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို တက်ရောက်ခဲ့သည့် နည်းပြများက သက်ဆိုင်ရာ ခရိုင်များအလိုက် ဆင့်ပွားသင်တန်းများကို နှစ်ကြိမ်စီခွဲ၍ ဖွင့်လှစ်ပို့ချပြီးသည်ကို သိရှိရပါကြောင်း၊ အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ အနေဖြင့် ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်၊ ညွှန်ကြားချက်များနှင့်အညီ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကို အောင်မြင်စွာ ကြီးကြပ်ဆောင်ရွက်နိုင်စေရန်အတွက် ရည်ရွယ်ပြီး စွမ်းရည်မြှင့်သင်တန်းများကို ဖွင့်လှစ်ပို့ချရခြင်းဖြစ်ပါကြောင်း။

ယခု တက်ရောက်လာကြသူများသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအား စံငါးချက်နှင့်အညီ စံပြရွေးကောက်ပွဲတစ်ခုအဖြစ် အောင်မြင်အောင် ဥပဒေနှင့်အညီ ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်ပေးကြမည့်သူများဖြစ်သည်ဟုလည်း ယုံကြည်ပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အများယုံကြည်လေးစားသော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင် သုံးဦးအတွက် ၂၀၂၀ ပြည့်နှစ် တစ်နှစ်စာ ချီးမြှင့်ငွေ ခံစားခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စေတနာကို တုံ့ပြန်သောအားဖြင့် အဆင့်ဆင့်သောရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မိမိတို့အား ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာ ကြိုးစားထမ်းဆောင်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်မြင့်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ကြိုတင်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဆိပ်ကမ်းမြို့နယ်တွင် တာဝန်ထမ်းဆောင်ပေးခဲ့ကြသော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများအား တစ်ဦးချင်းစီသို့ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

စုပေါင်းထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသောအသင်းများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အိုးစည်၊ ဒိုးပတ်အကအလှများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ပြိုင်ပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး (သာသနာရေး)၊ ဝန်ကြီးရုံး (ယဉ်ကျေးမှု)၊ သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ အနုပညာဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တို့မှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်း ပါဝင်ဆင်နွှဲခဲ့ကြသည်။ **သတင်းစဉ်**





## နော်ဝေ၊ ဖင်လန်၊ ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံတို့မှ သံရုံးအကြီးအကဲများဦးစီးပြီး Nordic Day အထိမ်းအမှတ်ညှော်ခံပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံဆိုင်ရာ နော်ဝေ၊ ဖင်လန်၊ ဒိန်းမတ်နှင့် ဆွီဒင် နော့ဒစ်လေးနိုင်ငံတို့၏ သံရုံးအကြီးအကဲများက ဦးစီးကျင်းပသည့် Nordic Day အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်းအမှတ်(၃) ရှိ Nordic House ၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး Ms. Tone Tinnes တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့သည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေ၊ ဖင်လန်၊ ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံတို့မှ သံအမတ်ကြီးများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး သံအမတ်ကြီးများက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၏ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နော်ဝေ၊ ဖင်လန်၊ ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံတို့၏ နော့ဒစ်လေးနိုင်ငံဆိုင်ရာ သံရုံးများကို ရန်ကုန်မြို့တွင် ၂၀၁၂ ခုနှစ်က စုပေါင်းရုံးအဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ **သတင်းစဉ်**



# သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော်  ဖေဖော်ဝါရီ ၁၄**

သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

သုံးသပ်ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဇော်ဝင်း၊ ဦးအောင်စိန်နှင့် ဦးစိုင်းထွန်းအေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးမျိုးဝင်း၊ ဦးစိုးသိန်းနှင့် ဦးစိုးမိုး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပြန်လည်သုံးသပ်ဆွေးနွေး

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ဆွေးနွေးပွဲသည် သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေ(မူကြမ်း)နှင့်ပတ်သက်သော အကြံပြုချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးရန်ဖြစ်ပါကြောင်း၊ ယခုသုံးသပ်ဆွေးနွေးပွဲပြီးပါက မူကြမ်းတွင် ထပ်မံပြင်ဆင်ပြီးသည့်အခါ ကျန်ရှိသည့်ပြင်ပမှ သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေနှင့်ပတ်သက်သည့် အခြားအဖွဲ့အစည်းများနှင့် ထပ်မံဆွေးနွေးရန်ရှိပါကြောင်း စသည်ဖြင့်ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေ (မူကြမ်း) အပေါ် မဏ္ဍိုင်ကြီးသုံးရပ်ရှိ အဖွဲ့အစည်းများမှ ပေးပို့ထားသော သုံးသပ်ချက်နှင့် အကြံပြုချက်များမှ ကောက်နုတ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ အကြံပြုချက်များကိုတင်ပြရာ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက အခန်းအလိုက်၊ ပုဒ်မ၊ ပုဒ်မခွဲအလိုက် ထည့်သွင်းပြဋ္ဌာန်းရန် လိုအပ်သည့်အချက်များနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဆွေးနွေးပွဲရလဒ်များနှင့် သဘောတူညီချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ **သတင်းစဉ်**

## ထာဝရငြိမ်းချမ်းရေးစေတီတော် ရင်ပြင်တော် စကျင်တာရာဇိုခင်းခြင်းလုပ်ငန်းအတွက် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးတို့ကိုရည်သန်၍ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက အမှူးပြုသော ဘုရားဒါယကာ၊ ဒါယိကာမများနှင့် (၇) ရက်သားသမီး အလှူရှင်များ၏ ပေါင်းစုကောင်းမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီးတွင် ထာဝရငြိမ်းချမ်းရေးစေတီတော်ကို အနန္တရာယိက မြေသန့်မဟာမင်္ဂလာအခမ်းအနားမှအစပြု၍ အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသကၤန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအထိ မဟာမင်္ဂလာအခမ်းအနား ကိုးမျိုးဖြင့် တည်ထားကိုးကွယ်လျက်ရှိပါသည်။

ယခုအခါ မြန်မာနိုင်ငံအတွင်းရှိ ဘုရား၊ စေတီများတွင် လှူဒါန်းခင်းကျင်းထားခြင်းမရှိသေးသည့် စကျင်တာရာဇိုအား ထာဝရငြိမ်းချမ်းရေးစေတီတော်ရင်ပြင်တော်၌ ခင်းကျင်းလှူဒါန်းသွားမည်ဖြစ်ရာ ၁၀ ပေ ပတ်လည်တစ်ကွက်လျှင် ငွေကျပ် ၈၀၀၀၀၀/- နှုန်းဖြင့် အောက်ဖော်ပြပါ နေရာများသို့ ကုသိုလ်ယူဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | အမည်/ရာထူး | နေရာ | ဖုန်းနံပါတ် |
| --- | --- | --- | --- |
| (၁) | ဦးသောင်းဝင်း ညွှန်ကြားရေးမှူး | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ဝန်ကြီးရုံး)၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် | ၀၆၇-၃၄၀၆၂၇၆<br>၀၉-၄၂၀၇၀၁၄၆၃ |
| (၂) | ဦးဆန်းထွန်းအောင် ညွှန်ကြားရေးမှူး၊ နေပြည်တော် သာသနာရေးမှူး | ထာဝရငြိမ်းချမ်းရေး စေတီတော်ပရိဝုဏ်၊ နေပြည်တော် | ၀၆၇-၃၅၅၀၁၈၃<br>၀၉-၇၆၅၁၀၆၂၇၂ |
| (၃) | ဦးကြင်ခိုင် ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ကမ္ဘာအေးဘုရားဝင်း၊ ရန်ကုန်မြို့ | ၀၁-၆၆၁၂၇၅<br>၀၉-၈၆၀၀၁၁၃<br>၀၉-၅၁၈၃၄၇၁ |
| (၄) | ဦးကျော်လှိုင် ညွှန်ကြားရေးမှူး | မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး | ၀၂-၄၀၃၆၃၁၂<br>၀၉-၂၆၃၉၉၉၀၀၁ |
| (၅) | ဦးစိန်မော် ညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး | ၀၁-၆၆၅၂၉<br>၀၉-၈၆၀၂၁၆၃ |


**ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့မှ စတင်ဖြစ်ပွားသော
အဆုတ်ရောင်ရောဂါ (2019-nCoV) မိမိကစ၍ကာကွယ်ပါ။

ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ
- အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ဝင်ရောက် ကူးစက်ပျံ့နှံ့စေခြင်း
- အရာဝတ္ထုများ၌ ထိကပ်နေသော ရောဂါပိုးများအား လက်နှင့် ကိုင်တွယ် ထိတွေ့ရာမှတစ်ဆင့် ကူးစက်ခြင်း







သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ
လွန်ခဲ့သည့် (၁၄)ရက်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ခရီးသွားခဲ့ခြင်း (သို့မဟုတ်) အဆုတ်ရောင်ရောဂါ (2019-nCoV) ဖြစ်ပွားသည်ဟု အတည်ပြုခြင်းခံရသူနှင့် အတူနေထိုင်ခဲ့ခြင်းတို့ရှိခဲ့ပြီး
- ဖျားခြင်း (အပူချိန် ၃၈°C / ၁၀၀.၄°F နှင့်အထက်ရှိခြင်း)
- ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း

ကာကွယ်နိုင်မည့်နည်းလမ်းများ
- အဆုတ်ရောင်ရောဂါလက္ခဏာ ခံစားနေရသူများနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။
- လက်ကို စင်ကြယ်အောင် မကြာခဏ စနစ်တကျဆေးကြောပါ။
- နှာချေချောင်းဆိုးသည့်အခါ နှာခေါင်းနှင့်ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ပါ။ (အထူးသဖြင့်ဘတ်(စ်)ကားစီးစဉ်)
- တစ်ရှူးအသုံးပြုပါက အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ လက်ကို စနစ်တကျ ပြန်လည်ဆေးကြောပါ။
- တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုဆောင်ရွက်ပါ။ အာဟာရပြည့်ဝစွာ စားသုံးပါ၊ ကောင်းစွာ အိပ်စက်အနားယူပါ။
- လူထုထပ်သည့်နေရာများသို့ သွားလာခြင်းမှ တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- တိရစ္ဆာန်များနှင့် အကာအကွယ်မပါဘဲ တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။

(2019-nCoV)
အသေးစိတ်သိရှိလိုပါက ဤ QR Code ကို Scan ဖတ်ပါ။

အဆုတ်ရောင်ရောဂါ (2019-nCoV) ဖြစ်ပွားသည်ဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အမြန်ဆုံးသတင်းပို့၍ ကုသမှုခံယူပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
Version 1.2 (၃-၂-၂၀၂၀)

စာအုပ်စာပေ
လှူမိတ်ဆွေ



# ဂျပန်ဘုရင်မင်းမြတ်၏ မွေးနေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနား ကျင်းပ

**ရန်ကုန်  ဖေဖော်ဝါရီ ၁၄**

ဂျပန်ဘုရင်မင်းမြတ်၏ မွေးနေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းအမှတ် (၈၀) ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဇနီးတို့ တက်ရောက်ကြသည်။

### စတင်ဖွင့်လှစ်

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ဂျပန်နိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အိချီရော့မာရုယာမနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

### တည်ခင်းညှော်ခံ

ယင်းနောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား ဂျပန်သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးခြင်းစကားဝိုင်းကျင်းပ

**စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးခြင်းစကားဝိုင်းကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးသူရိန်လွင်က အစီအစဉ်မှူးအဖြစ်ဆောင်ရွက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး (စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လွယ်ကူမှုတိုးတက်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းအောင်(ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်းအညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ အတွင်းရေးမှူး)၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန ညွှန်ကြားရေးမှူး ဒေါ်ထားထား(ပဋိညာဉ်များအတည်ပြုဆောင်ရွက်ခြင်း အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့အတွင်းရေးမှူး)နှင့် Zeya & Associate Co.,Ltd. Chairman/CEO ဦးဇေယျာသူရမွန်(ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်) တို့က ပါဝင်ဆွေးနွေးခဲ့သည်။**

တာရာ

**အစီအစဉ်မှူး။** ။ပထမဦးဆုံးအနေနဲ့ Ease of Doing Business အညွှန်းကိန်း ဘယ်လောက်ရှိတယ်ဆိုတာကို ရှင်းပြပေးပါဦးခင်ဗျာ။

**ဦးအောင်စိုး။** ။လက်ရှိတိုင်းတာနေတဲ့ Doing Business အညွှန်းကိန်းက ၁၀ ခု ရှိပါတယ်။ အဲဒီ ၁၀ ခုမှာ စီးပွားရေးလုပ်ငန်းတစ်ခု စတင်တည်ထောင်တာက စပါတယ်။ ပြီးရင် အဆောက်အဦဆောက်လုပ်ခွင့်ရယူခြင်း၊ အခွန်ပေးဆောင်မှု၊ ချေးငွေရရှိနိုင်မှု၊ ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း၊ အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း၊ ပဋိညာဉ်များ အတည်ပြုဆောင်ရွက်ခြင်း၊ အကြွေးမဆပ်နိုင်မှုအခြေအနေကို ဖြေရှင်းပေးနိုင်မှု၊ လျှပ်စစ်ဓာတ်အားရရှိနိုင်မှု၊ ပြည်ပကုန်သွယ်မှု စတဲ့ ၁၀ ခုကို တိုင်းတာပါတယ်။ နောက်ထပ်နှစ်ခု ထပ်ပြီးတိုးချဲ့ဖို့လည်းရှိပါတယ်။ အဲဒါကအလုပ်သမားဈေးကွက်စည်းမျဉ်းတွေနဲ့ အလုပ်အကိုင်ဖန်တီးနိုင်မှုကို တိုင်းတာတဲ့ အညွှန်းကိန်းတစ်ခုနဲ့ အစိုးရနဲ့စာချုပ်ချုပ်ဆိုပြီး ပစ္စည်းဝယ်ယူတာနဲ့ပတ်သက်တာကို တိုင်းတာဖို့လည်းရှိပါတယ်။ ဒီ ၁၀ ခုကို ကမ္ဘာ့ဘဏ်ကဦးစီးပြီး ဆောင်ရွက်ပါတယ်။ ဒီဟာကို ကျွန်တော်တို့နိုင်ငံက ၂၀၁၄ ခုနှစ်ကတည်းက စတင်ပြီးပါဝင်ခဲ့တယ်။ စတင်ပါဝင်တဲ့ အချိန်တုန်းက တစ်ကမ္ဘာလုံးမှာ နိုင်ငံပေါင်း ၁၈၉ နိုင်ငံက ဒီစနစ်ထဲမှာပါဝင်တယ်။

အဲဒီတုန်းက ကျွန်တော်တို့က ၁၈၂ ဆိုတော့ ကျွန်တော်တို့ရဲ့ အောက်မှာ ခုနစ်နိုင်ငံပဲရှိတယ်။ အခုတော့ ကျွန်တော်တို့ရဲ့ ကြိုးစားမှုကြောင့် တဖြည်းဖြည်း တိုးတက်လာတယ်။ မနှစ်တုန်းက ကျွန်တော်တို့က နိုင်ငံပေါင်း ၁၉၀ မှာ ၁၇၁ ဖြစ်တယ်။ ဒီနှစ်မှာတော့ ကျွန်တော်တို့က အဆင့် ၁၆၅ ဖြစ်တဲ့အတွက် အဆင့်ခြောက်ဆင့် တက်လာပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ခံဌာနအဖြစ် တာဝန်ပေးထားတဲ့အတွက် ကျွန်တော်တို့ရဲ့ ဒုတိယဝန်ကြီးဦးဆောင်တဲ့ Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့က ဦးဆောင်ပြီး သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက အညွှန်းကိန်းတစ်ခုချင်းကို တာဝန်ယူကြီးကြပ်ပြီး နှစ်စဉ်ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့်လည်း အခုလို တိုးတက်မှုရရှိခဲ့တာဖြစ်ပါတယ်။ ဒါကိုလည်း ဆက်လက်ပြီး တိုးတက်အောင် ဆောင်ရွက်သွားမယ့်အခြေအနေတွေကို အခုလိုရှင်းလင်းတင်ပြရခြင်းဖြစ်ပါတယ်။

> **လက်ရှိတိုင်းတာနေတဲ့ Doing Business အညွှန်းကိန်းက ၁၀ ခု ရှိပါတယ်။ အဲဒီ ၁၀ ခုမှာ စီးပွားရေးလုပ်ငန်းတစ်ခု စတင်တည်ထောင်တာက စပါတယ်။ ပြီးရင် အဆောက်အဦ ဆောက်လုပ်ခွင့်ရယူခြင်း၊ အခွန်ပေးဆောင်မှု၊ ချေးငွေ ရရှိနိုင်မှု၊ ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း၊ အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း၊ ပဋိညာဉ်များ အတည်ပြုဆောင်ရွက်ခြင်း၊ အကြွေးမဆပ်နိုင်မှုအခြေအနေကို ဖြေရှင်းပေးနိုင်မှု၊ လျှပ်စစ်ဓာတ်အား ရရှိနိုင်မှု၊ ပြည်ပကုန်သွယ်မှု စတဲ့ ၁၀ ခုကို တိုင်းတာပါတယ်။**

**အစီအစဉ်မှူး။** ။အဆင့် ၁၇၁ ကနေ ၁၆၅ ဆင့်အထိ ဘာဖြစ်လို့များ မြင့်တက်ခဲ့တယ်လို့ထင်ပါသလဲခင်ဗျာ။

**ဦးအောင်စိုး။** ။ဒါကတော့ ကျွန်တော်တို့လက်ရှိ စီးပွားရေးနယ်ပယ်ကို အစိုးရက အကူအညီပေးနေတဲ့ ကဏ္ဍအသီးသီးက ဌာနတွေအနေနဲ့ မိမိတို့ရဲ့လက်ရှိလုပ်ငန်းတွေကို ပိုမိုလွယ်ကူအောင် ဆိုရာမှာ အဓိကသုံးချက်နဲ့ တိုင်းတာပါတယ်။ နံပါတ်(၁) က လုပ်ငန်းအဆင့်တွေနည်းအောင်၊ နံပါတ်(၂) က အချိန်သက်သာအောင်၊ နံပါတ် (၃) က ကုန်ကျစရိတ်သက်သာအောင် ဒီသုံးချက်ကိုအခြေခံပြီး ကျွန်တော်တို့က ပြုပြင် ပြောင်းလဲပေးနေရပါတယ်။ ဌာနအသီးသီးရဲ့ပြုပြင်ပြောင်းလဲမှုတွေက တိုးတက်လာတာနဲ့အမျှ အဲဒီလုပ်ငန်းတွေကပိုမိုလွယ်ကူမယ်။ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် စီးပွားရေးလုပ်ရတာအောင်မြင်လာမယ်၊ ကြာမြင့်ချိန်တွေ လျော့လာမယ်၊ ကုန်ကျစရိတ်တွေနည်းလာမယ်။ ဒါကို ဦးတည်ပြီး ကျွန်တော်တို့က ကြိုးစားပါတယ်။ အခုလိုအဆင့်ခြောက်ဆင့်တိုးတက်လာတာဟာ အညွှန်းကိန်းများနဲ့ သက်ဆိုင်တဲ့ဌာနအသီးသီးက သူတို့ရဲ့လုပ်ငန်းစဉ်တွေကို တိုးတက်အောင်ပြုပြင်ပြောင်းလဲနိုင်လို့ဖြစ်ပါတယ်။ ဘာတွေလုပ်တယ်ဆိုတာကိုတော့ သက်ဆိုင်ရာအညွှန်းကိန်းတာဝန်ခံများက ရှင်းပြပါလိမ့်မယ်။

**အစီအစဉ်မှူး။** ။Ease of Doing Business 2020 အစီရင်ခံစာမှာ Registering Property Indicator ဆိုင်ရာ အထောက်အကူပြုအဖွဲ့က လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ ဘယ်လို အခန်းကဏ္ဍက ပါဝင်ပြုပြင်ပြောင်းလဲပြီး အဆင့်နဲ့ရမှတ်တွေ တိုးတက်အောင် ဆောင်ရွက်ခဲ့တယ်ဆိုတာကို ရှင်းပြပေးပါဦး။

**ဦးကျော်ငြိမ်းအောင်။** ။ကျွန်တော်တို့ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း အညွှန်းကိန်း(Registering Property Indicator)က Ease of Doing Business ရဲ့ အညွှန်းကိန်းတစ်ခုပါ။ ဒီအညွှန်းကိန်းက စီးပွားရေးလုပ်ငန်းတစ်ခု မြန်မာပြည်မှာလာပြီးလုပ်ပြီဆိုရင် သူ့ရဲ့ပိုင်ဆိုင်မှုတွေကို မှတ်ပုံတင်ရတယ်။ အထူးသဖြင့် မြေပိုင်ဆိုင်မှုတစ်ခုကို ဒီမှာရယူပြီး ကိုယ့်ပိုင်ဆိုင်မှုကိုခိုင်မာဖို့ မှတ်ပုံတင်တဲ့ လုပ်ငန်းဘယ်လောက်အထိ လွယ်ကူသလဲ၊ ဘယ်လောက်အထိ လျင်လျင်မြန်မြန်လုပ်လို့ရသလဲဆိုတာကို တိုင်းတာတဲ့အညွှန်းကိန်းတစ်ခုပါ။

ဒီအညွှန်းကိန်းကို ရန်ကုန်မြို့နဲ့ မန္တလေးမြို့တွေမှာ အဓိကထားပြီးတိုင်းတာပါတယ်။ အဲဒီလိုတိုင်းတာတဲ့ မြေပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်းဆိုတဲ့ လုပ်ငန်းကို လုပ်တဲ့အခါ ကျွန်တော်တို့မြန်မာနိုင်ငံမှာဆောင်ရွက်ရတဲ့ လုပ်ငန်းဌာန ဥပမာ- ရန်ကုန်မှာဆိုရင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိပါတယ်။ ရန်ကုန်ဆင်ခြေဖုံးဒေသတွေဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီးဌာနနဲ့ ဆက်သွယ်ဆောင်ရွက်လို့ရပါတယ်။ ဥပမာ- မြေပိုင်ဆိုင်မှုတွေကိုမှတ်ပုံတင်ပြီးရင် အခွန်ပေးဆောင်တဲ့လုပ်ငန်းတွေကို ပြည်တွင်းအခွန်များဦးစီးဌာနနဲ့ ဆက်သွယ်ဆောင်ရွက်ရပါတယ်။

မြေပိုင်ဆိုင်မှု၊ မြေဝယ်ယူမှုတွေမှာ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်တဲ့ကိစ္စတွေကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှာ ဆောင်ရွက်ကြရပါတယ်။ ဒါကြောင့် ဒီအညွှန်းကိန်းမှာ ဆက်စပ်တဲ့ဌာနတွေအကုန်လုံးပေါင်းစုပြီး အညွှန်းကိန်းအဆင့် တိုးတက်အောင် ဆောင်ရွက်ကြရတာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်ဖို့ကိုလည်း ၂၀၁၇ ခုနှစ်မှာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို နိုင်ငံတော်က ဒီဆက်စပ်ဌာနတွေကိုစုစည်းပြီး ဒီအညွှန်းကိန်းရဲ့အထောက်အကူပြုအဖွဲ့ဆိုပြီး ဖွဲ့စည်းပေးခဲ့ပါတယ်။

ဒီအဖွဲ့အစည်းမှာတော့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ကျွန်တော်ကအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ပါတယ်။ ကျွန်တော်တို့ဌာနက ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ပြီး တိုးတက်အောင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ အဓိကထားပြီးဆောင်ရွက်ရတာက ဒီအညွှန်းကိန်းအဆင့်မြင့်တက်ဖို့၊ ကမ္ဘာ့ဘဏ်ကတိုင်းတာတဲ့လုပ်ငန်းအဆင့် လျှော့ချနိုင်ဖို့၊ အချိန်ကြာမြင့်မှုလျှော့ချနိုင်ဖို့၊ ကုန်ကျစရိတ်တွေလျှော့ချနိုင်ဖို့ အဓိကဦးတည်ပြီး ကျွန်တော်တို့ဆောင်ရွက်ပါတယ်။

အဲဒီလိုဆောင်ရွက်ရာမှာ အဲဒီအချက်သုံးချက်နဲ့ မြန်မာနိုင်ငံရဲ့အခုဖြစ်ပျက်နေတဲ့အခြေအနေ၊ အခက်အခဲတွေကို သုံးသပ်လိုက်တဲ့အခါ လုပ်ငန်းအဆင့်အနေနဲ့ ကိုယ့်ဒေသတွင်းမှာရှိတဲ့နိုင်ငံတွေနဲ့ ကွာခြားမှုသိပ်မရှိပါဘူး။ အဓိကကွာခြားတာက ကျွန်တော်တို့ဆောင်ရွက်ရမယ့်လုပ်ငန်းကြာမြင့်တဲ့အချိန်ပါ။ အထူးသဖြင့် ကျွန်တော်တို့မြန်မာနိုင်ငံမှာ ကွန်ပျူတာစနစ်တွေ နောက်ကျနေတဲ့အတွက် လုပ်ငန်းဆောင်ရွက်ရာမှာ အချိန်ကြာမြင့်နေတာ ဖြစ်ပါတယ်။

လုပ်ငန်းဆောင်ရွက်ရာမှာလည်း ဌာနတစ်ခုတည်းမှာ ဆောင်ရွက်တာမဟုတ်ဘဲ ဌာနတွေအချင်းချင်း ဆက်စပ်ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ဌာနတွေအချင်းချင်း ဆက်စပ်ဆောင်ရွက်မှုလွယ်ကူသွားပြီး လုပ်ငန်းကြာမြင့်ချိန်လျော့ချနိုင်ဖို့ကို လုပ်ငန်းအဖွဲ့မှာပါဝင်တဲ့ဌာနတွေက အဓိကထားပြီး ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဘဏ်က ကျွန်တော်တို့နိုင်ငံကို စပြီးအကဲဖြတ်တဲ့အချိန်မှာ Registering Property Indicator က လုပ်ငန်းဆောင်ရွက်မှုအဆင့် ခြောက်ဆင့်မှာ ကြာမြင့်တဲ့အချိန် ၁၁၃ ရက်ရှိတယ်ဆိုပြီး ထုတ်ပြန်ခဲ့ပါတယ်။

ဒါကိုကြာမြင့်တဲ့အချိန်လျှော့ချနိုင်ရေး ဆောင်ရွက်လာတဲ့အခါ၂၀၁၄ ခုနှစ်က ၁၁၃ ရက်၊ ၂၀၁၇ ခုနှစ်မှာ ၈၅ ရက်အထိ ကျွန်တော်တို့ လျှော့ချဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီထက်ဆက်လက်လျှော့ချနိုင်အောင် ဆောင်ရွက်မယ်ဆိုပြီး ဆောင်ရွက်တဲ့အခါ ၂၀၂၀ ပြည့်နှစ်မှာ ၆၅ ရက်အထိ လျှော့ချဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီအတွက်ကြောင့် ဒီအညွှန်းကိန်းမှာ အဆင့်တိုးတက်လာခြင်းဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာလည်း ဌာနတွေအချင်းချင်း ညှိနှိုင်းဆက်စပ်ပြီး မလိုအပ်တဲ့အဆင့်တွေ၊ ထောက်ခံစာတောင်းယူတဲ့ကိစ္စတွေ၊ မလိုအပ်ဘဲစိစစ်နေရတဲ့ကိစ္စတွေကို ကျွန်တော်တို့ဖြေလျှော့ပါတယ်။ ဥပမာ- ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဆိုရင် မြေပုံရာဇဝင်တောင်းတဲ့ကိစ္စမှာ ထောက်ခံစာတောင်းတဲ့ကိစ္စတချို့ကို လျှော့ချဆောင်ရွက်ပေးခဲ့ပါတယ်။ စိစစ်တဲ့ကိစ္စတွေမှာလည်း အချိန်လျှော့ချဆောင်ရွက်ပေးခဲ့ပါတယ်။

နောက်ပြီး ပြည်တွင်းအခွန်များဦးစီးဌာနဆိုရင်လည်း အခွန်ဆောင်ဖို့အတွက် တန်ဖိုးသတ်မှတ်ရတဲ့ အချိန်ကာလကိုဟိုတုန်းကရက် ၃၀ လောက်ကြာတဲ့အချိန်ကာလကို မနှစ်ကဌာနမှာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ၁၄ ရက်အထိကို လျှော့ချဆောင်ရွက်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကလည်း စာချုပ်မှတ်ပုံတင်ခြင်းလုပ်ငန်းကို ယခင်ကစာချုပ်ထဲမှာ လူလက်ရေးနဲ့ရေးကူးရတဲ့လုပ်ငန်းကို အခုခေတ်မီကွန်ပျူတာစနစ်တွေနဲ့ ပြောင်းလဲသုံးစွဲလာတဲ့အတွက် အရင်တုန်းကစာချုပ်တစ်ခုလာပြီး မှတ်ပုံတင်ရင် ရက်ပေါင်း ၃၀ လောက်ကြာတဲ့အနေအထားကနေ အခု ၁၅ ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဒါကြောင့် ကျွန်တော်တို့အညွှန်းကိန်းက အရင်တုန်းက ၂၀၁၉ခုနှစ်မှာ အဆင့် ၁၃၆ ရှိရာက ၂၀၂၀ အစီရင်ခံစာမှာ အဆင့် ၁၂၅ အထိ တိုးတက်လာခြင်းဖြစ်ပါတယ်။




**အစီအစဉ်မှူး။** ။Ease of Doing Business 2020 အစီရင်ခံစာမှာ Enforcing Contracts Indicator ဆိုင်ရာအထောက်အကူပြုအဖွဲ့မှာ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးအနေနဲ့ ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်ပြုပြင်ပြောင်းလဲပြီး အဆင့်နဲ့ရမှတ်တွေ တိုးတက်အောင် ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာ ရှင်းပြပေးပါဦး။

**ဒေါ်ထားထား။** ။Enforcing Contracts Indicator ရဲ့ အထောက်အကူပြုအဖွဲ့မှာ ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ်က ခေါင်းဆောင်အဖြစ်ပါဝင်ပြီး ကျွန်မက အတွင်းရေးမှူးအနေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီအညွှန်းကိန်းတစ်ခုလုံးဟာ တရားစီရင်ရေးလုပ်ငန်းနဲ့တိုက်ရိုက်သက်ဆိုင်နေတဲ့ အညွှန်းကိန်းတစ်ခုဖြစ်ပါတယ်။

ဥပမာဆိုရင် လူအချင်းချင်း ဒါမှမဟုတ် ကုမ္ပဏီတွေအချင်းချင်း စီးပွားရေးကူးသန်းရောင်းဝယ်ရာကနေ ပြဿနာဖြစ်လာပြီ၊ တရားမကြီးမှုစတင်စွဲဆိုတဲ့အချိန်ကနေစပြီး ဒီဂရီမှုပြီးပြတ်တဲ့အချိန်အထိ တစ်နည်းဆိုရမယ်ဆိုရင် တရားလိုက သက်သာခွင့်စတင်တောင်းတဲ့အချိန်ကနေ သူ့လက်ရောက်ရတဲ့အချိန်အထိ ကြာမြင့်ချိန်၊ ကုန်ကျစရိတ်၊ ပြန်လည်ရရှိမယ့်ရာခိုင်နှုန်းတွေကို အခြေခံပြီး တရားစီရင်ဆောင်ရွက်မှုအရည်အသွေးကို တိုင်းတာတဲ့ အညွှန်းကိန်း ဖြစ်ပါတယ်။

ဒီအညွှန်းကိန်းအတွက် ပေးမှတ် ၁၈ မှတ်ဖြစ်ပြီး ကျွန်မတို့ပြီးခဲ့တဲ့နှစ်က ၄ မှတ်ရရှိကာ ယခုနှစ်တော့ ၃ မှတ် ရရှိထားပါတယ်။ ဒီလိုအမှတ်တိုးတက်လာခြင်းရဲ့ အဓိက အချက်ကတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်တရားရုံးတွေမှာ ပြီးပြတ်တဲ့တရားမမူလအမှုတွေရဲ့ကြာမြင့်ချိန်၊ ပြီးပြတ်မှုနှုန်းတွေကို ကျွန်မတို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဝက်ဘ်ဆိုက်မှာ လွှင့်တင်နိုင်ခဲ့တာလည်းရှိပါတယ်။ နောက်တစ်ချက်က ရန်ကုန်တိုင်းဒေသကြီးမှာ ၂၀၁၈ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာမှာလည်း ဒီအချက်တွေကို ထည့်သွင်းဖော်ပြနိုင်ခဲ့ပါတယ်။ အဲဒီလိုဝက်ဘ်ဆိုက်မှာ လွှင့်တင်နိုင်ခြင်း၊ တရားရုံးနှစ်စဉ်အစီရင်ခံစာမှာ ထုတ်ပြန်နိုင်ခြင်းတွေဟာ တရားစီရင်ဆောင်ရွက်ချက်တွေကို ပြည်သူတွေက အလွယ်တကူသိရှိနိုင်တယ်ဆိုပြီး ကမ္ဘာ့ဘဏ်က ပွင့်လင်းမြင်သာမှုအနေနဲ့ အမှတ်ပေးတာဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# ညွှန်းကိန်းအသစ်များနှင့် Doing Business 2020

ရင်းနှီး-မောင်

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးလုပ်ဆောင်ရန် လွယ်ကူချောမွေ့မှုရှိပါက ရင်းနှီးမြှုပ်နှံသူများ အများအပြားဝင်ရောက်လာပြီး နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို လုပ်အားခသက်သာမှု၊ သယံဇာတကြွယ်ဝမှု၊ ဈေးကွက်ကြီးမားမှု၊ အချက်အချာကျမှုတို့အပြင် ရင်းနှီးမြှုပ်နှံသူများအတွက် အခွန်ကင်းလွတ်ခွင့်ဆိုင်ရာ မက်လုံးများပေးခြင်းဖြင့် ဆွဲဆောင်နေသော်လည်း အဆိုပါရင်းနှီးမြှုပ်နှံမှုများ အမှန်တကယ်ဝင်ရောက်လာစေရန်အတွက် စီးပွားရေးဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးပေးရန်မှာ အခရာကျလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဝန်းကျင် ပိုမိုကောင်းမွန်စေရန်၊ စီးပွားရေးလုပ်ဆောင်ရာမှာ ပိုမိုလွယ်ကူမြန်ဆန်စွာနှင့် ပွင့်လင်းမြင်သာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ကမ္ဘာ့ဘဏ်၏ နှစ်စဉ်အကဲဖြတ်မှု Doing Business အဆင့်သတ်မှတ်ချက် ပိုမိုကောင်းမွန်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**Doing Business ဆိုသည်မှာ–**

Ease of Doing Business ကို အတိုကောက်ခေါ်ဝေါ်ခြင်းဖြစ်ပြီး စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာ၌ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မှုကို ဆိုလိုခြင်းဖြစ်သည်။ စီးပွားရေးလုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မှုကို သတ်မှတ်ညွှန်းကိန်းများနှင့်တိုင်းတာ၍ အဆင့်သတ်မှတ်ပြီး ကမ္ဘာ့ဘဏ်၏ Ease of Doing Business Report ကို ၂၀၀၂ ခုနှစ်တွင် စတင်ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာထုတ်ပြန်သည့်ခုနှစ်ကို တစ်နှစ်စော၍ သတ်မှတ်လေ့ရှိပြီး ၂၀၁၉ ခုနှစ်တွင်ထုတ်ပြန်သည့် အစီရင်ခံစာကို Ease of Doing Business Report 2020 လို့ သတ်မှတ်ထုတ်ပြန်ပါသည်။

အစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်ခဲ့ရာတွင် မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် စတင်ပါဝင်ခဲ့ပါသည်။ ကမ္ဘာ့ဘဏ်အနေနဲ့ အစီရင်ခံစာ စတင်ထုတ်ပြန်ခဲ့သည့် ၂၀၀၂ ခုနှစ်တွင် နိုင်ငံပေါင်း ၈၅ နိုင်ငံကို အကဲဖြတ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံပေါင်း ၁၉၀ ကိုအကဲဖြတ်မှု ပြုလုပ်ခဲ့ပါသည်။ ကမ္ဘာ့ဘဏ်သည် နှစ်စဉ် ဇန်နဝါရီလတွင် မေးခွန်းများပြုစုခြင်း၊ ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ အချက်အလက်စုဆောင်းခြင်း၊ စစ်ဆေးခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ပြီး အောက်တိုဘာလတွင် အစီရင်ခံစာထုတ်ပြန်လေ့ရှိပါသည်။

**စီးပွားရေးလုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့မှုအဆင့်သတ်မှတ်ချက်( Ease of Doing Business Ranking)၏ အရေးပါမှု**

စီးပွားရေးလုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့မှုအဆင့်ကောင်းမွန်နေခြင်းသည် စီးပွားရေးလုပ်ကိုင်ရာတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ လွယ်ကူမြန်ဆန်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းတိကျခြင်း၊ စီးပွားရေးဆိုင်ရာဥပဒေများနှင့် စည်းမျဉ်းမူဘောင်များ အားကောင်းခြင်းတို့၏ ပြယုဂ်တစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။

ကမ္ဘာ့ဘဏ်၏ “စီးပွားရေးလုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့မှုအဆင့်သတ်မှတ်ချက်”သည် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတစ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်ထည့်သွင်းစဉ်းစားသည့်အချက်များတွင် တစ်ခုအပါအဝင်ဖြစ်သည့်အတွက် Ease of Doing Business Ranking သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပြင် ကုန်သွယ်ရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးဖော်ဆောင်ပေးနိုင်ရေးနှင့် စီးပွားရေးဝန်းကျင်တစ်ခုလုံးအတွက် အရေးပါလျက်ရှိပါသည်။ Ease of Doing Business Ranking တိုးတက်လာလေ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာလေလေဖြစ်ကြောင်း နိုင်ငံပေါင်း ၁၃၅ နိုင်ငံကို သုတေသနပြုလေ့လာခဲ့တဲ့ ရလဒ်ကို ကမ္ဘာ့ဘဏ်ရဲ့အစီရင်ခံစာမှာ ဖော်ပြထားပါသည်။

**Doing Business 2020 အစီရင်ခံစာတွင် ပါဝင်လာသည့် ညွှန်းကိန်းအသစ်များ**

စီးပွားရေးလုပ်ဆောင်ရာတွင် လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်မှု အစီရင်ခံစာ (၂၀၂၀)၌ **အလုပ်ခွင့်ရှိ အလုပ်သမားများနှင့် အစိုးရနှင့်ချုပ်ဆိုသော စာချုပ်များ**ဟူသည့် ညွှန်းကိန်းနှစ်ခု ထပ်မံထည့်သွင်းလျက် ညွှန်းကိန်း ၁၂ ချက်နဲ့ တိုင်းတာခြင်းဖြစ်ပါသည်။

ကမ္ဘာ့ဘဏ်အနေဖြင့် အကဲဖြတ်မှုပြုလုပ်မည့်နိုင်ငံများ၏ စီးပွားရေးမြို့တော်ကြီးများရှိ ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရဌာနရှိ မေးခွန်းများ ပါဝင်ဖြေကြားသူ(Contributors)များသို့ ညွှန်းကိန်းတစ်ခုချင်းစီအလိုက် Case Study အခြေခံမေးခွန်းများမေးမြန်း၍ ဖြေကြားချက်များအရ အမှတ်ပေးစည်းမျဉ်းနှင့်အညီ အောက်ပါအတိုင်း တိုင်းတာသတ်မှတ်ခြင်းဖြစ်သည်–

| စဉ် | တိုင်းတာသည့်ညွှန်းကိန်းများ | တိုင်းတာမည့်အချက်များ |
|---|---|---|
| ၁။ | စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း [Starting a business] | လီမိတက်ကုမ္ပဏီတစ်ခု စတင်တည်ထောင်ရန် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများ၊ အချိန်နှင့် ကုန်ကျစရိတ်၊ အနည်းဆုံးထည့်ဝင်ရမည့် မတည်ငွေရင်းပမာဏ။ |
| ၂။ | ဆောက်လုပ်ခွင့်ရယူခြင်း [Dealing with Construction Permit] | ဆောက်လုပ်ခွင့်ပြုမိန့်လုပ်ငန်းစဉ်တွင် အဆောက်အဦတစ်လုံး တည်ဆောက်ရန် လိုအပ်သောလုပ်ငန်းစဉ်များ၊ ကြာချိန်၊ ကုန်ကျစရိတ်၊ အရည်အသွေးထိန်းချုပ်ခြင်းနှင့် လုပ်ငန်းခွင်လုံခြုံမှုကို တိုင်းတာခြင်း။ |
| ၃။ | လျှပ်စစ်ဓာတ်အားရရှိနိုင်မှု [Getting electricity] | လျှပ်စစ်ဓာတ်အား ချိတ်ဆက်သွယ်တန်းရယူရန်အတွက် လျှောက်ထားဆောင်ရွက်ရမည့်အဆင့်များ၊ ကြာမြင့်ချိန်၊ ကုန်ကျစရိတ်၊ ယုံကြည်စိတ်ချစွာ မီးရယူသုံးစွဲနိုင်မှုနှင့် မီတာခနှုန်းထားများ ပွင့်လင်းမြင်သာရှိမှု။ |
| ၄။ | ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း [Registering property] | ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းအတွက် လုပ်ငန်းစဉ်၊ ကြာချိန်၊ ကုန်ကျစရိတ်နှင့် မြေယာစီမံခန့်ခွဲမှုစနစ်၏ အရည်အသွေး။ |
| ၅။ | ချေးငွေရရှိနိုင်မှု [Getting credit] | ချေးငွေဆိုင်ရာ သတင်းအချက်အလက်စနစ်၊ အပေါင်ခံခြင်းဆိုင်ရာ ဥပဒေများတွင် ငွေချေးခြင်းကို အထောက်အပံ့ပြုသည့် သေချာသော သွင်ပြင်လက္ခဏာ အချက်အလက်များပါရှိခြင်း ရှိ/မရှိ။ |
| ၆။ | အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း [Protecting minority investors] | ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွင် လည်းကောင်း၊ ဆက်နွှယ်သည့် ပုဂ္ဂိုလ်နှင့် လုပ်ငန်းဆောင်ရွက်ချက်တွင် လည်းကောင်း၊ လူနည်းစုအစုရှယ်ယာရှင်များ၏ အခွင့်အရေးများ။ |
| ၇။ | အခွန်ပေးဆောင်ခြင်း [Paying Taxes] | လုပ်ငန်းတစ်ခုအနေဖြင့် အခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အခွန်ပေးဆောင်မှုများ၊ အခွန်ပေးရသည့်အချိန်နှင့် အခွန်နှုန်းတို့အပြင် ကြေညာလွှာတင်ပြီးနောက်ပိုင်း လုပ်ငန်းစဉ်များ။ |
| ၈။ | နယ်စပ်ဖြတ်ကျော်ကုန်သွယ်ခြင်း [Trading across borders] | ကုန်ပစ္စည်းများတင်သွင်းရန်နှင့် တင်ပို့ရန် ဆောင်ရွက်ရသည့် လုပ်ထုံးလုပ်နည်းများ၊ ကုန်ကျစရိတ်နှင့် ကြာချိန်။ |
| ၉။ | ပဋိညာဉ်များအတည်ပြုဆောင်ရွက်ခြင်း[Enforcing contracts] | စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းရန် ကြာမြင့်ချိန်နှင့် ကုန်ကျစရိတ်၊ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများ၏ အရည်အသွေး။ |
| ၁၀။ | လူမွဲခံယူမှုကိုဖြေရှင်းခြင်း [Resolving insolvency] | စီးပွားရေးဆိုင်ရာ လူမွဲခံယူခြင်းအတွက် ကြာမြင့်ချိန်၊ ကုန်ကျစရိတ်၊ ရလဒ်နှင့် ကြွေးမြီပြန်လည်ရရှိနိုင်သော ရာခိုင်နှုန်းနှင့် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေမူဘောင်အားကောင်းမှု။ |
| ၁၁။ | အလုပ်ခွင့်ရှိအလုပ်သမားများ[Employing workers] | အလုပ်အကိုင်ဆိုင်ရာ စည်းမျဉ်းများ လိုက်လျောညီထွေရှိမှု၊ အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေမူဘောင် အားကောင်းမှု။ |
| ၁၂။ | အစိုးရနှင့်ချုပ်ဆိုသောစာချုပ်များ [Contracting with the government] | အစိုးရပိုင်ပစ္စည်းများ ဝယ်ယူခြင်းဆိုင်ရာ စည်းမျဉ်းမူဘောင်၊ အစိုးရပိုင်ပစ္စည်းဝယ်ယူရန် တင်ဒါယှဉ်ပြိုင်ခြင်း၊ တင်ဒါအောင်မြင်ခြင်းနှင့် လုပ်ငန်းစာချုပ်ချုပ်ဆိုခြင်း စသည့်အဆင့်အထိ ရောက်ရှိအောင် ဆောင်ရွက်ရသည့် လုပ်ထုံးလုပ်နည်းများနှင့် ကြာချိန်။ |

စီးပွားရေးလုပ်ဆောင်ရာမှာ လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်မှု အစီရင်ခံစာ ၂၀၂၀ တွင် ညွှန်းကိန်း ၁၂ ချက်ဖြင့် တိုင်းတာထားသော်လည်း ကနဦးညွှန်းကိန်း ၁၀ ချက်ကိုသာ အမှတ်ပေး၍ အဆင့်သတ်မှတ်ထားခြင်းဖြစ်သည်။ ထပ်မံထည့်သွင်းထားသည့် ညွှန်းကိန်းနှစ်ခုကို အနာဂတ်အမှတ်ပေးစည်းမျဉ်းတွင် ထည့်သွင်းပါဝင်လာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ထားရန်လည်း လိုအပ်ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့ဘဏ်က နိုင်ငံပေါင်း ၁၉၀ ကို အကဲဖြတ်ခဲ့ရာတွင် နယူးဇီလန်နိုင်ငံသည် အဆင့်(၁)ဖြင့် စီးပွားရေးလုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့မှုအရှိဆုံးနိုင်ငံအဖြစ် ရပ်တည်ခဲ့ပြီး အဆင့် ၁၉၀ မှာ ဆိုမာလီယာနိုင်ငံဖြစ်သည်။ နိုင်ငံအများစုဆောင်ရွက်ခဲ့ကြသည့် ပြုပြင်ပြောင်းလဲမှုမှာ စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း ညွှန်းကိန်းဖြစ်ပြီး အနည်းဆုံးဆောင်ရွက်ခဲ့ကြတဲ့ ပြုပြင်ပြောင်းလဲမှုမှာ လူမွဲခံယူမှုကိုဖြေရှင်းခြင်း ညွှန်းကိန်းဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ အဆိုပါအစီရင်ခံစာ ၂၀၂၀ တွင် ဖော်ပြထားသည်။

**မြန်မာနိုင်ငံ၏ အဆင့်သတ်မှတ်ခံရမှု**

ကမ္ဘာ့ဘဏ်ကထုတ်ပြန်ခဲ့သည့် ၂၀၂၀ ပြည့်နှစ်အတွက် စီးပွားရေးလုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မှုအစီရင်ခံစာ၌ မြန်မာနိုင်ငံသည် ယခင်နှစ်က အဆင့် ၁၇၁ ရှိခဲ့ရာမှ အဆင့် ၁၆၅ အဖြစ် သတ်မှတ်ခံခဲ့ရပြီး အဆင့်(၆)ဆင့် တိုးတက်လာခဲ့သည့်အပြင် တိုးတက်မှုအရှိဆုံးနိုင်ငံ ၂၀ စာရင်းတွင်လည်း ပါဝင်ခဲ့သည်။

၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ခုနှစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ရရှိခဲ့သည့် အဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

| စဉ် | ညွှန်းကိန်းများ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|---|
| ၁။ | စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း [Starting a business] | ၁၈၉ | ၁၈၉ | ၁၆၀ | ၁၄၆ | ၁၅၅ | ၁၅၂ | ၇၀ |
| ၂။ | ဆောက်လုပ်ခွင့်ရယူခြင်း [Dealing with Construction Permit] | ၁၅၀ | ၁၃၀ | ၇၄ | ၆၆ | ၇၃ | ၈၁ | ၄၆ |
| ၃။ | လျှပ်စစ်ဓာတ်အားရရှိနိုင်မှု[Getting electricity] | ၁၂၆ | ၁၂၁ | ၁၄၈ | ၁၄၉ | ၁၅၁ | ၁၄၄ | ၁၄၈ |
| ၄။ | ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း [Registering property] | ၁၅၄ | ၁၅၁ | ၁၄၅ | ၁၄၃ | ၁၃၄ | ၁၃၆ | ၁၂၅ |
| ၅။ | ချေးငွေရရှိနိုင်မှု[Getting credit] | ၁၇၀ | ၁၇၁ | ၁၇၄ | ၁၇၅ | ၁၇၇ | ၁၇၈ | ၁၈၁ |
| ၆။ | အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း[Protecting minority investors] | ၁၈၂ | ၁၇၈ | ၁၈၄ | ၁၇၉ | ၁၈၃ | ၁၈၅ | ၁၇၆ |
| ၇။ | အခွန်ပေးဆောင်ခြင်း[Paying Taxes] | ၁၀၇ | ၁၁၆ | ၈၄ | ၁၁၉ | ၁၂၅ | ၁၂၆ | ၁၂၉ |
| ၈။ | နယ်စပ်ဖြတ်ကျော်ကုန်သွယ်ခြင်း [Trading across borders] | ၁၁၃ | ၁၀၃ | ၁၄၀ | ၁၅၉ | ၁၆၃ | ၁၆၈ | ၁၆၈ |
| ၉။ | ပဋိညာဉ်များအတည်ပြုဆောင်ရွက်ခြင်း[Enforcing contracts] | ၁၈၈ | ၁၈၅ | ၁၈၇ | ၁၈၈ | ၁၈၈ | ၁၈၈ | ၁၈၇ |
| ၁၀ | လူမွဲခံယူမှုကိုဖြေရှင်းခြင်း [Resolving insolvency] | ၁၅၅ | ၁၆၀ | ၁၆၂ | ၁၆၄ | ၁၆၄ | ၁၆၄ | ၁၆၄ |
| | **ရရှိသည့်အဆင့်(Overall Ranking)** | **၁၈၂** | **၁၇၇** | **၁၆၇** | **၁၇၀** | **၁၇၁** | **၁၇၁** | **၁၆၅** |

၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ခုနှစ်နှစ်တာကာလအတွင်း ရရှိခဲ့သည့်အဆင့်များကို လေ့လာပါက “စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း”ညွှန်းကိန်းသည် တိုးတက်မှုအရှိဆုံးညွှန်းကိန်းဖြစ်ပြီး ၂၀၁၄ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၀ ပြည့်နှစ်တွင် ၁၁၉ ဆင့် တိုးတက်ခဲ့သည်။ “နယ်စပ်ဖြတ်ကျော်ကုန်သွယ်ခြင်း”ညွှန်းကိန်းသည် ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၀ ပြည့်နှစ်တွင် အဆင့် ၅၅ ဆင့် ကျဆင်းခဲ့ပါသည်။

ညွှန်းကိန်းတစ်ခုချင်းစီ၏ အဆင့်များကို စုပေါင်းပြီး Overall Ranking သတ်မှတ်ခြင်းဖြစ်သည့်အတွက် ညွှန်းကိန်းတစ်ခုတိုးတက်နေရုံမျှဖြင့် Overall Ranking တိုးတက်နိုင်မည်မဟုတ်ဘဲ ညွှန်းကိန်းအားလုံးပြိုင်တူ တိုးတက်ရန် လိုအပ်ပါသည်။

**Doing Business Ranking တိုးတက်ရန်ဆောင်ရွက်နေမှု**

Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းထားပြီး Ease of Doing Business Indicator များအလိုက် ညွှန်းကိန်း ၁၀ ခုကို လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။ အဓိကတာဝန်ယူသည့်ဝန်ကြီးဌာနအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ Ease of Doing Business Ranking ကို ၂၀၂၀ ပြည့်နှစ်တွင် အဆင့် ၁၀၀ အတွင်း ရောက်ရှိလာစေရန်နှင့် ၂၀၃၅ ခုနှစ်တွင် အဆင့် ၄၀ အတွင်းရောက်ရှိလာစေရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း(MIPP)တွင်လည်း ထည့်သွင်းရည်မှန်းထားပြီးဖြစ်ပါသည်။

**Doing Business Ranking တိုးတက်ရန်လိုအပ်ချက်များ**

ညွှန်းကိန်းတစ်ခုချင်းစီ၏ အဆင့်များကို စုပေါင်းပြီး Overall Ranking သတ်မှတ်ခြင်းဖြစ်သည့်အတွက် ညွှန်းကိန်းတစ်ခုတိုးတက်နေရုံမျှဖြင့် Overall Ranking တိုးတက်နိုင်မည်မဟုတ်ဘဲ ညွှန်းကိန်းအားလုံး ပြိုင်တူတိုးတက်ရန်နှင့် သိသိသာသာအဆင့်တိုးတက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ အတူတကွပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုသည် အလွန်အရေးပါသောကဏ္ဍတွင် ပါဝင်ပါသည်။

ထို့အပြင် ကမ္ဘာ့ဘဏ်၏ အကဲဖြတ်မေးခွန်းများကို ဖြေဆိုကြသည့် ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရဌာနရှိ Contributors များ၏ ဖြေဆိုမှုများသည် နိုင်ငံ၏စီးပွားရေးလုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မှု အဆင့်သတ်မှတ်ရာ၌ များစွာအရေးပါလျက်ရှိပါသည်။ မိမိ၏အတွေ့အကြုံနှင့် ထင်မြင်ယူဆချက်များကိုမူတည်ပြီး ဖြေကြားချက်များကြောင့် မြန်မာ့စီးပွားရေးဝန်းကျင်၏ ပကတိအခြေအနေအမှန်များကို တိုင်းတာနိုင်မှုမရှိဘဲ အဆင့်သတ်မှတ်ချက်မှာ တိုးတက်သင့်သလောက် တိုးတက်မှုရှိမလာခြင်းဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မှု အဆင့်သတ်မှတ်ချက်ကို တိုးတက်စေရေးအတွက် အဆိုပါမေးခွန်းများဖြေကြားမည့်သူများသည် မေးခွန်းများဖြေဆိုရာတွင် မြန်မာ့စီးပွားရေးဝန်းကျင်ဆိုင်ရာအခြေအနေကို တိတိကျကျ နားလည်သိရှိအောင်ဆောင်ရွက်ခြင်းနှင့် Case Study များကို သေချာစွာဖတ်ရှု၍ မှန်ကန်တိကျသည့်အဖြေများကို ဖြေဆိုပေးခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ပေးရန် လိုအပ်လျက်ရှိပါသည်။

နိဂုံးချုပ်အားဖြင့် စီးပွားရေးလုပ်ဆောင်ရာတွင် လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်မှသာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဝင်ရောက်လာပြီး နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ရာ Doing Business အဆင့်သတ်မှတ်ချက် ပိုမိုကောင်းမွန်စေရေးအတွက် လုပ်သာကိုင်သာရှိသော၊ ကြိုတင်ခန့်မှန်းနိုင်သော၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော၊ အာမခံချက်ရှိသော မြန်မာ့စီးပွားရေးဝန်းကျင်ကောင်းတစ်ရပ်ကို အစိုးရနှင့်

**စာမျက်နှာ ၁၁ သို့** »»

# လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၁၈ / ၂၀၂၀) ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

Coronavirus Disease 2019 (COVID–19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၁၈/၂၀၂၀) ကို ယနေ့နံနက် ၁၁ နာရီခွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မိမိတို့နိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်း မိုင်ပေါင်းများစွာ ထိစပ်နေသည်ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် Coronavirus Disease 2019 (COVID–19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားပျံ့နှံ့မှုအခြေအနေများသည် လက်ရှိတွင် တည်ငြိမ်မှုမရှိသေးပါကြောင်း၊ မိမိတို့အနေဖြင့် ရောဂါဖြစ်ပွားမှုဖြစ်စဉ်အပေါ် အလွယ်တကူ ကောက်ချက်ချ၍မရနိုင်ဘဲ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်ကို သတိကြီးစွာဖြင့် ကြိုတင်တွက်ဆပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အဆိုပါ နယ်စပ်ဒေသများတွင် Coronavirus Disease 2019 (COVID–19) ရောဂါကျန်းမာရေးအသိပညာ အချက်အလက်များအား မြန်မာဘာသာဖြင့်သာမက တရုတ်ဘာသာဖြင့်ပါ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဖြန့်ဝေသွားရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးလုံခြုံမှုအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၏ ဦးဆောင်မှုသည် ယခုအချိန်တွင် အလွန်အရေးကြီးပြီး ကျန်းမာရေးဝန်ထမ်းများအားလုံးကလည်း အားတက်သရော ပါဝင်ဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများအနေဖြင့် အဆိုပါ နယ်စပ်ဝင်/ထွက်ပေါက်များသို့ ကွင်းဆင်းသွားရောက်၍ လိုအပ်သည်များ ဖြည့်ဆည်းပေးခြင်း၊ နီးနွယ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ ထိုသို့ ဆွေးနွေးချက်များအား ညွှန်ကြားရေးမှူးချုပ်ထံသို့တင်ပြ၍ ထပ်မံလိုအပ်သည်များကို အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်စပ်ရှိဆေးရုံကြီး ငါးရုံတွင် ထပ်မံလိုအပ်မည့် ဆေးပစ္စည်းကိရိယာများကို ကြိုတင်တွက်ဆဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

ရန်ကုန်နှင့် မန္တလေးမြို့များရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝင်ရောက်လာကြသူများ နေထိုင်မှုအများဆုံးဖြစ်သည့် ရပ်ကွက်များတွင် လက်ကမ်းစာစောင်များ၊ ပိုစတာများ ဖြန့်ဝေခြင်းနှင့် ကျန်းမာရေးအသိပေးနှိုးဆော်မှုများ ဆောင်ရွက်ခြင်းကို ဆက်လက်အားဖြည့်ဆောင်ရွက်စေလိုပါကြောင်း၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပေးဟောပြောမှုများအား ပိုမိုအရေးပေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာလေဆိပ်များရှိ ခရီးသည်များအား တည်းခိုသော လိပ်စာရယူရာတွင် မြို့နယ်အလိုက် မြေပုံဖြင့်စာရင်းပြုစုထားရှိရမည် ဖြစ်ပါကြောင်း။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်၍ ဟိုတယ်များ၌ တည်းခိုသည့် ဖျားနာလူနာများအား သတင်းရယူဆောင်ရွက်နိုင်ရေးကို ဆက်လက်အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၄ နိုင်ငံအနက် ၂၅ နိုင်ငံတွင် ရောဂါဖြစ်ပွားမှုရှိနေပါကြောင်း၊ သုတေသနတွေ့ရှိချက်တစ်ခုတွင် ကိုရိုနာဗိုင်းရပ်(စ်) ပိုးများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ လင်းနို့များမှတစ်ဆင့် ကူးစက်ပျံ့နှံ့ခဲ့သည်ဟု ဖော်ပြထားပါကြောင်း။

အလားတူ တိရစ္ဆာန်များမှတစ်ဆင့် လူတို့ထံသို့ ရောဂါပိုးများ ကူးစက်ပျံ့နှံ့ခဲ့ပြီး အထူးသဖြင့် သားသတ်ရုံများမှ အစပြု၍ ရောဂါပိုးများ ကူးစက်ပျံ့နှံ့ခဲ့သည့် ဖြစ်စဉ်များလည်း ရှိပါကြောင်း၊ ထို့အတွက် မိမိနိုင်ငံရှိ သားသတ်ရုံများကို အထူးကြပ်မတ်စစ်ဆေးမှုများ လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ထို့အပြင် ပြည်သူများအနေဖြင့် သားရိုင်းတိရစ္ဆာန်များအား ကိုင်တွယ်ခြင်းနှင့် သာမန်စားသုံးနေကျမဟုတ်သည့် ထူးခြားသော အသားဟင်းလျာ (ဥပမာ – လင်းနို့)များ စားသုံးခြင်းကို သတိပြုရှောင်ရှားကြစေလိုပါကြောင်း၊ နေအိမ်၌သာ နေထိုင်စေ၍ အသွားအလာတားမြစ်ပိတ်ပင်ခြင်း/ ကန့်သတ်ခြင်း (Home Quarantine) ဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုမှုခံရသူများ လိုက်နာရန် အချက်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိစေရေး ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် လွယ်ကူစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး ရောဂါကူးစက်မှုကာကွယ်ရာတွင် အလွန်ထိရောက်သည့် စနစ်တကျ လက်ဆေးခြင်းအလေ့အထကို ကျင့်သုံးစေလိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်များကို စီးပွားရေးနှင့် လူမှုရေးတည်ငြိမ်မှုရှုထောင့်ကို အလေးပေးချိန်ထိုးစဉ်းစားကာ ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများမှ အားနည်းချက်နှင့် လိုအပ်ချက်များကို ဆန်းစစ်ဖော်ထုတ်၍ ဆက်လက်ဆောင်ရွက်မည့် မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် သုတေသနအစည်းအဝေးကြီးတစ်ရပ်ကို နှစ်ရက်ကြာ ကျင်းပလျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကွန်ရက်ချိတ်ဆက်၍ သတင်းအချက်အလက်များ အပြန်အလှန်ဝေမျှခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် မိမိတို့ဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အမြဲမပြတ် စောင့်ကြည့်ဆန်းစစ်ခြင်းနှင့် အသုံးချသုတေသနပုံစံဖြင့် ဆန်းစစ်ခြင်းများကို ဆောင်ရွက်သွားကာ လိုအပ်ချက်နှင့် အားနည်းချက်များကို ချက်ချင်းအားဖြည့်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

အသုံးချသုတေသနများဖြင့် ဆေးရုံများတွင် သံသယလူနာများနှင့် လူနာများအတွက် အဆင်သင့်ပြင်ဆင်ထားရှိမှုအခြေအနေနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများအကြား စနစ်တကျ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်စေလိုပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ကလည်း ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သုတေသနသည် အဓိကအရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်သည်ဟု အလေးပေးပြောကြားခဲ့ပါကြောင်း၊ ဝန်ကြီးဌာနမှ ထုတ်ဝေထားသော ရောဂါကာကွယ်နှိမ်နင်းရေး၊ ကုသရေး၊ ဓာတ်ခွဲစမ်းသပ်ရေးလုပ်ငန်းလမ်းညွှန်များနှင့် စံလုပ်ထုံးလုပ်နည်းများကို လက်ရှိ ပြောင်းလဲလာသော ကူးစက်ရောဂါဖြစ်ပွားမှုဖြစ်စဉ်များနှင့်အညီ လိုအပ်သလို မွမ်းမံပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များအနေဖြင့် ပြည်သူများအကျိုးအတွက် မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စသဖွယ် ဆက်လက်ဆောင်ရွက်သွားစေလိုပါကြောင်း။

ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကဏ္ဍပေါင်းစုံပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါဖြစ်ပွားပျံ့နှံ့မှုအခြေအနေများကို အထူးသတိပြုစောင့်ကြည့်ကာ လိုအပ်သလို အမြန်ဆုံး တုံ့ပြန်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်မှ နောက်ဆုံး (update) ထုတ်ပြန်ချက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့တစ်ဝန်းတွင် ရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာ ကူးစက်ရောဂါဗေဒရှုထောင့်မှ အသေးစိတ်သုံးသပ်ချက်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအသီးသီးမှ ပေးပို့လာသော (စောင့်ကြည့်လူနာ ၁၈ ဦးတို့၏ ကျန်းမာရေးအခြေအနေကောင်းမွန်မှုအပါအဝင်) ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆောင်ရွက်နေမှုနှင့် သတင်းပေးပို့နေမှုအခြေအနေများ၊ ပုံမှန်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ထူးခြားဖြစ်စဉ်များအား တင်ပြခြင်း၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ စစ်ဆေးမှုနှင့် ယနေ့အထိ အဖြေရရှိမှုအခြေအနေများ၊ လက်ရှိအချိန်ထိ Coronavirus Disease 2019 (COVID–19) ရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးခြင်းတွင် ပိုစတာ၊ လက်ကမ်းစာစောင် ၁၈ မျိုး၊ စံလုပ်ထုံးလုပ်နည်းများ ၁၁ မျိုးနှင့် ပညာပေးဗီဒီယိုနှစ်မျိုးအား ထုတ်ဝေခဲ့မှု၊ တရားဝင် နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များရှိသည့် Fever Surveillance Points များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသော ကျေးလက်ကျန်းမာရေးဌာနများသို့ Tablet များ ဖြန့်ဝေကာ အရေးကြီးသတင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် စီစဉ်ထားရှိမှု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများနှင့် ကျင်းပခဲ့သည့် Teleconference တွင် ဆွေးနွေးခဲ့မှုအခြေအနေများ၊ Clinical Management Committee ဖွဲ့စည်းဆောင်ရွက်ခဲ့မှုနှင့် Surveillance and Quarantine လုပ်ငန်းများအား ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သော အခြေအနေများ၊ မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာလေဆိပ် သုံးခုနှင့် တိုင်းဒေသကြီး/ ပြည်နယ် ရှစ်ခုမှ မြို့နယ် ၂၀ ရှိ တရားဝင် နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက် ၂၇ ခုတွင် အဖျားရောဂါ စောင့်ကြပ်ကြည့်ရှုသည့် အခြေအနေနှင့် သံသယလူနာ/ စောင့်ကြည့်လူနာ မတွေ့ရှိရခြင်း၊ နိုင်ငံတကာအလှူရှင်များထံမှ PPE, Hand Gel, Isolation Gown, Surgical နှင့် N95 Mask စသည့် ပစ္စည်းများရရှိရန် ဆောင်ရွက်ထားရှိမှုအခြေအနေ တင်ပြခြင်း၊ အင်တာနက်၊ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ပြည်သူများ ထိတ်လန့်စေရန်သော်လည်းကောင်း၊ အကျိုးအမြတ် တစ်မျိုးမျိုးရရှိရန်သော်လည်းကောင်း ရည်ရွယ်ချက်ရှိရှိဖြင့် သတင်းအမှား ထုတ်ပြန်သူများ တွေ့ရှိရမှုအခြေအနေနှင့် တည်ဆဲဥပဒေများဖြင့် အရေးယူနိုင်မှုများကို ဆွေးနွေးခြင်း စသည်တို့ အပါအဝင် နောက်ဆုံးသတင်းအချက်အလက်များကို တင်ပြခြင်း၊ ဝေမျှခြင်းနှင့် ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်သည်။ **သတင်းစဉ်**

»»» **စာမျက်နှာ ၁၀ မှ**

ပြည်သူတို့၏ ပေါင်းစည်းအားဖြင့် အတူတကွ လက်တွဲပူးပေါင်းဖန်တီးပုံဖော်ကြရန် လိုအပ်ကြောင်း တိုက်တွန်းအပ်ပါသည်။

**ကိုးကားစာရင်း**

Doing Business Report (2020), https://openknowledge.worldbank.org/bitstream/ handle/ 10986/32436/9781464814402.pdf

Ease of Doing Business Index, https://en.wikipedia.org/wiki/Ease_of_doing_business_index

Myanmar Ease of Doing Business Reforms to Better Ranking, https://www.facebook.com/ Myanmar-Ease-of-Doing-Business-Reforms-to-Better-Ranking

Myanmar President Office Website, https://www.president-office.gov.mm/?q=briefing-room/news/2018/04/27/id-13796

Myanmar Doing Business, https://www.myanmardoingbusiness.org/my/content/getting-credit

The World Bank, Doing Business, https://www.doingbusiness.org/en/data/exploretopics/ employing-workers

NAING Group မှ
နှစ်ပေါင်း(၃၀)ကျော် ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံတို့ဖြင့်
လူကြီးမင်းတို့၏အဆောက်အဦးများအား
PAE စနစ်ဖြင့် အရည်အသွေးအကောင်းဆုံး
စိတ်တိုင်းကျဆောက်လုပ်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်ဖုန်း
09 977122021
09 421002834
09 961611504
09 965418911

# လူမွဲခံယူခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်း

**လူမွဲခံယူခြင်းဆိုင်ရာဥပဒေ**
**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁ ။)**
**၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်**
**၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း(၁)**
**အခန်း(၁)**
**အမည်နှင့် စတင်အာဏာတည်ခြင်း**

**အမည်နှင့် စတင်အာဏာတည်ခြင်း**

၁။ (က) ဤဥပဒေကို **လူမွဲခံယူခြင်းဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။
( ခ ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်။ သို့ရာတွင် ဤဥပဒေ၏ အပိုင်း (၁၀) ပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်သမ္မတက သီးခြားအမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့်နေ့ရက်မှသာလျှင် စတင်အာဏာတည်စေရမည်။

**အခန်း (၂)**
**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၂။ ဤဥပဒေတွင် –
(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။
( ခ ) **သက်ဆိုင်ရာဥပဒေ** ဆိုသည့် စကားရပ်တွင် သက်ဆိုင်ရာကိစ္စရပ်အပေါ် အကျိုးသက်ရောက်မှုရှိသော တည်ဆဲဥပဒေများနှင့် ဥပဒေကဲ့သို့ စည်းနှောင်အားရှိသောနည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်တို့ ပါဝင်သည်။
( ဂ ) **တွဲဖက်လုပ်ကိုင်သူ** ဆိုသည်မှာ –
(၁) အထူးသဖြင့် ကုမ္ပဏီတစ်ခုနှင့်သက်ဆိုင်သည့်အခါတွင်–
(ကက) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် အဓိပ္ပာယ်ဖော်ပြသတ်မှတ်ထားသည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး၊
( ခခ ) ဆက်စပ်သည့်အဖွဲ့အစည်း၊
( ဂဂ ) ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး၊
(ဃဃ) ကုမ္ပဏီကို ထိန်းချုပ်အုပ်ချုပ်နေသော သို့မဟုတ် ကုမ္ပဏီ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုခံရသော ကုမ္ပဏီအပါအဝင် ပုဂ္ဂိုလ်တစ်ဦးဦး၊
( ငင ) ပုဒ်မခွဲငယ် (ကက) သို့မဟုတ် ( ဂဂ ) သို့မဟုတ် (ဃဃ) တွင် ရည်ညွှန်းဖော်ပြထားသည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ ဇနီး၊ ခင်ပွန်း၊ မိဘ၊ ညီအစ်ကိုမောင်နှမ သို့မဟုတ် သားသမီးတစ်ဦးဦး၊
( စစ ) ဤအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ရည်ညွှန်းဖော်ပြထားသည့်ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းချုပ်အုပ်ချုပ်နေသော ကုမ္ပဏီတစ်ခုခု။
(၂) ယေဘုယျအားဖြင့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခု (ကုမ္ပဏီတစ်ခုအပါအဝင်)နှင့် သက်ဆိုင်သည့်အခါတွင်–
(ကက) ပုဂ္ဂိုလ်တစ်ဦး၏ ဇနီး၊ ခင်ပွန်း၊ မိဘ၊ ညီအစ်ကိုမောင်နှမ သို့မဟုတ် သားသမီးတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ်
( ခခ ) အဖွဲ့အစည်းကို ထိန်းချုပ်အုပ်ချုပ်နေသော သို့မဟုတ် အဖွဲ့အစည်း၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို ခံရသော ကုမ္ပဏီအပါအဝင် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်
( ဂဂ ) ဤအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ရည်ညွှန်းဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းချုပ်အုပ်ချုပ်သော ကုမ္ပဏီတစ်ခုခုကို ဆိုသည်။
(ဃ) **အသင်း** ဆိုသည်မှာ အပိုင်း (၃) အရ ဖွဲ့စည်းထားသော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်းကို ဆိုသည်။
( င ) **လူမွဲ** ဆိုသည်မှာ ကြွေးမြီပြန်လည်မပေးဆပ်နိုင်သဖြင့် အပိုင်း(၈) ပါ ပြဋ္ဌာန်းချက်များအရ လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်း ခံရသူတစ်ဦးဦးကိုဆိုသည်။ ယင်းစကားရပ်တွင် ကြွေးမြီမပေးဆပ်နိုင်သူ မြီစားလည်းပါဝင်သည်။
( စ ) **လူမွဲအဖြစ်ခံယူစေသည့်အမိန့်** ဆိုသည်မှာ ကြွေးမြီပြန်လည်မပေးဆပ်နိုင်သဖြင့် လူပုဂ္ဂိုလ်တစ်ဦးဦးအား လူမွဲအဖြစ်ခံယူစေရန် ဆုံးဖြတ်သည့်အမိန့်တစ်ရပ်ကို ဆိုသည်။
(ဆ) **စာအုပ်စာတမ်းများ** ဆိုသည်မှာ ငွေစာရင်းများ၊ စာချုပ်စာတမ်းများ၊ ရေးသားချက်များနှင့် စာရွက်စာတမ်းများကို ဆိုသည်။
( ဇ ) **အလုပ်လုပ်ကိုင်ရက်** ဆိုသည်မှာ စနေ၊ တနင်္ဂနွေနှင့် နိုင်ငံတော်အတွင်း ဘဏ်ပိတ်ရက်အဖြစ် သတ်မှတ်ထားသည့်နေ့ရက်မှအပ အခြားမည်သည့်နေ့ရက်ကိုမဆို ဆိုသည်။
( ဈ ) **စီးပွားရေးလုပ်ငန်းဆိုင်ရာကြွေးမြီ** ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ခုခုက ဆောင်ရွက်နေသည့် လုပ်ငန်းကိုဖြစ်စေ၊ စီးပွားရေးကိုဖြစ်စေ၊ လည်ပတ်နေရန်အတွက် ကုန်စည်များပေးသွင်းရန် သို့မဟုတ် ဝန်ဆောင်မှုများပေးရန် သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ကို ပြုလုပ်ရန်အလို့ငှာ ယင်း၏လုပ်ငန်းလည်ပတ်မှုများသို့ ငွေကြေးထည့်ဝင်သည့် နည်းလမ်းဖြင့်သော်လည်းကောင်း၊ အရင်းအနှီးလိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် နည်းလမ်းဖြင့်သော်လည်းကောင်း ကျခံဆောင်ရွက်ပေးသဖြင့် တင်ရှိသောကြွေးမြီတစ်ရပ်ရပ်ကို ဆိုသည်။
(ည) **တောင်းဆိုချက်** ဆိုသည်မှာ ငွေပေးချေရန်တောင်းခံပိုင်ခွင့် တစ်ရပ်ဖြစ်ပေါ်စေသည့် လုပ်ငန်းတာဝန်တစ်ရပ်ကို ချိုးဖောက်မှုအတွက် ကုစားခွင့်၊ တောင်းခံပိုင်ခွင့် အပါအဝင် ငွေပေးချေမှုတစ်ရပ်အား တောင်းခံပိုင်ခွင့်တစ်ရပ်ရပ်ကို ဆိုသည်။ ယင်းအခွင့်အရေးသည် တရားရုံး၏ စီရင်ချက်အရဖြစ်စေ၊ ပုံသေသတ်မှတ်ထားချက်အရဖြစ်စေ၊ ကိစ္စတစ်ရပ်အပေါ် မူတည်သည်ဖြစ်စေ၊ မတည်သည်ဖြစ်စေ၊ အငြင်းပွားနေသည်ဖြစ်စေ၊ အငြင်းမပွားသည်ဖြစ်စေ၊ အာမခံအကျိုးခံစားခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အကျုံးဝင်စေရမည်။
( ဋ ) **ကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့်ကုမ္ပဏီ သို့မဟုတ် တည်ဆဲကုမ္ပဏီတစ်ခုခုကို ဆိုသည်။
( ဌ ) **ကုမ္ပဏီတစ်ခုနှင့်စပ်လျဉ်း၍ ကြွေးမြီပေးဆပ်ရသူ** ဆိုသည်မှာ အောက်ပါတစ်ဦးဦးကို ဆိုသည်–
(၁) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခဲ့လျှင် ကုမ္ပဏီတွင် လက်ရှိပါဝင်နေသူဖြစ်စေ၊ ကုမ္ပဏီတွင် ယခင်ကပါဝင်ခဲ့သူဖြစ်စေ ကုမ္ပဏီ၏ပိုင်ဆိုင်မှုအတွက် ထည့်ဝင်ရန်တာဝန်ရှိသူ၊
(၂) အစုရှယ်ယာမတည်ငွေရင်းထားရှိသော ကုမ္ပဏီဖြစ်ပါက အစုရှယ်ယာတန်ဖိုးအား အပြည့်အဝပေးချေဝယ်ယူ ပိုင်ဆိုင်ထားသူ၊
(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) အရ ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူများအား ဆုံးဖြတ်နိုင်ခြင်းမရှိမီ ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူဟု စွပ်စွဲဖော်ပြခံရသူ။

**(ဆက်လက်ဖော်ပြပါမည်)**

# လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ။)**
**၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ လယ်ယာမြေဥပဒေတွင်ပါရှိသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့"ဆိုသည့် စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ လယ်ယာမြေဥပဒေ ပုဒ်မ ၃ တွင်–
(က) ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည်–
"(က) **လယ်ယာမြေ** ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့်ခြံမြေဟု သော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း၊ ရွှေ့ပြောင်းတောင်ယာမြေဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသော မြေများမပါဝင်။"
( ခ ) ပုဒ်မခွဲ ( ဂ ) ကို အောက်ပါအတိုင်း အစားထိုးရမည်–
"( ဂ ) **မြေနုကျွန်းမြေ** ဆိုသည်မှာ ရေအောက်သို့ နစ်မြုပ်လေ့ရှိပြီး ရေကြောင်းအနေအထားအရ တည်နေရာ၊ အကျယ်အဝန်း၊ မြေသားနှင့် ပုံသဏ္ဌာန်ပြောင်းလဲတတ်သည့် ခိုင်မြဲမှုမရှိသောမြေကို ဆိုသည်။"
( ဂ ) ပုဒ်မခွဲ ( ဂ ) ၏ နောက်တွင် ပုဒ်မခွဲ (ဃ) နှင့် ( င ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–
"(ဃ) **ကိုင်းကျွန်းမြေ** ဆိုသည်မှာ ရေအောက်သို့ နစ်မြုပ်လေ့ရှိပြီး ရေကြောင်းအနေအထားအရ တည်နေရာ၊ အကျယ်အဝန်း၊ မြေသားနှင့် ပုံသဏ္ဌာန်မပြောင်းလဲသည့် ခိုင်မြဲမှုရှိသောမြေကို ဆိုသည်။
( င ) **ရွှေ့ပြောင်းတောင်ယာမြေ** ဆိုသည်မှာ တောင်ကုန်း၊ တောင်စောင်းနှင့် ကုန်းမြင့်ဒေသများတွင် သစ်ပင်ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်း၍ တစ်နေရာတည်းတွင် အမြဲတမ်း အတည်တကျ စိုက်ပျိုးခြင်းမရှိဘဲ အလှည့်ကျမြေအနားပေးစနစ်ဖြင့် စိုက်ပျိုးသောမြေကို ဆိုသည်။"
(ဃ) ပုဒ်မခွဲ (ဃ)၊ ( င )၊ ( စ )၊ (ဆ)၊ ( ဇ ) နှင့် (ဈ) တို့ကို ပုဒ်မခွဲ ( စ )၊ (ဆ)၊ ( ဇ )၊ ( ဈ )၊ (ည) နှင့် ( ဋ ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။
(င) ပြောင်းလဲအမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည်–
"(ဆ) **တောင်သူလယ်သမား** ဆိုသည်မှာ အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့် ကိုက်ညီသူကို ဆိုသည်–
(၁) မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းနှစ်ရပ်လုံးကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင် အစဉ်တစိုက်လုပ်ကိုင်ခဲ့သူ၊
(၂) ဆိုင်ရာနှစ်တွင် မြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ခြင်းကိုဖြစ်စေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းကိုတွဲဖက်၍ လုပ်ကိုင်ခြင်းကိုဖြစ်စေ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ငန်းလုပ်ကိုင်ချိန်တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူ၊
(၃) မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် သို့မဟုတ် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ရန်အလို့ငှာ အရင်းအနှီး မတည်စိုက်ထုတ်၍ လုပ်ငန်းလုပ်ကိုင်ချိန်တစ်လျှောက်လုံး ကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံလုပ်ကိုင်သူ၊
(၄) မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ၊
(၅) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့်ဆက်နွှယ်လျက်ရှိသော ထုတ်လုပ်မှုလုပ်ငန်း အလို့ငှာ မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များ ကိုယ်တိုင်ထုတ်လုပ်ရောင်းချသူ။"
( စ ) ပုဒ်မခွဲ (ည) ကို ပုဒ်မခွဲ ( ဌ ) အဖြစ် အောက်ပါအတိုင်း အစားထိုးရမည်–
"( ဌ ) **တောင်သူလယ်သမားအဖွဲ့အစည်း** ဆိုသည်မှာ တောင်သူလယ်သမားအခွင့်အရေးနှင့် အကျိုးစီးပွားများအတွက် ကိုယ်စားပြုကာကွယ်ဆောင်ရွက်နိုင်ရန် ထုတ်ပြန်ထားသောဥပဒေတစ်ရပ်ရပ်နှင့်အညီ တောင်သူလယ်သမားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။"
(ဆ) ပုဒ်မခွဲ ( ဋ ) ကို ပုဒ်မခွဲ ( ဍ ) အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် –
"( ဍ ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။"
( ဇ ) ပုဒ်မခွဲ ( ဌ ) ကို ပုဒ်မခွဲ ( ဎ ) အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် –
"( ဎ ) **ဦးစီးဌာန** ဆိုသည်မှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို ဆိုသည်။"

၄။ လယ်ယာမြေဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးရမည်–
"(က)( ၂ ) အကြောင်းထူးမရှိလျှင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အခြေချနေထိုင်သူဖြစ်ရမည်။ မြေတည်ရာဒေသတွင် အခြေချနေထိုင်သည့် မြေမဲ့ယာမဲ့များကို ဦးစားပေးရမည်။"

၅။ လယ်ယာမြေဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (က)နှင့် ( င ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် –
"(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့ လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊
( င ) လယ်ယာမြေတွင်စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊"

**(ဆက်လက်ဖော်ပြပါမည်)**

# အာဖဂန်တွင် ယာယီအပစ်အခတ်ရပ်စဲရေးရယူရန် အမေရိကန်သတ်မှတ်



အမေရိကန်ကာကွယ်ရေးဝန်ကြီး မက်ခ်အက်စ်ပါအား ဘရပ်ဆဲလ်မြို့၌ ကျင်းပသော နေတိုးအစည်းအဝေး၌ တွေ့ရစဉ်။

**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၁၄**
အမေရိကန်ပြည်ထောင်စုက တာလီဘန်များနှင့် ယာယီအပစ်အခတ်ရပ်စဲရေးကို ခုနစ်ရက်တိုင်တိုင်သတ်မှတ်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ယခုယာယီရရှိထားသော အပစ်အခတ်ရပ်စဲရေးကို ထာဝရတည်တံ့သော ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ပြီး ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုရန်အရေးမှာ အလွန်နီးကပ်နေပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ထရမ့်က ပြောကြားခဲ့သည်။ အာဖဂန်သမ္မတ အာဆတ်ဂါနီက အကြမ်းဖက်သောင်းကျန်းသူများနှင့် ဆွေးနွေးရာတွင် တိုးတက်မှုရလဒ်များရရှိခဲ့သည်ဟု ပြောကြားခဲ့ပြီးနောက် ဘရပ်ဆဲလ်ငြိမ်းချမ်းရေး အစည်းအဝေးတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး မက်ခ်အက်စ်ပါက ငြိမ်းချမ်းရေးဆိုင်ရာ အဆိုပြုချက်များကို တင်သွင်းခဲ့သည်။

"ကျွန်တော်ထင်တာကတော့ ငြိမ်းချမ်းရေးရဖို့နီးကပ်လာပြီဆိုတာပါပဲ။ ကျွန်တော်တို့မှာ ငြိမ်းချမ်းရေးရယူဖို့ အခွင့်အလမ်းတွေရှိနေပြီး အဲဒီအချက်ကို ကျွန်တော်တို့ သဘောပေါက်ပါတယ်"ဟု စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှုအပြီး အမေရိကန်တပ်ဖွဲ့များက တာလီဘန်အစိုးရအား ဖြုတ်ချခဲ့ပြီးနောက် ၁၈ နှစ်အကြာ ယခုအချိန်တွင် သမ္မတ ထရမ့်က ပြောကြားခဲ့သည်။ ယခုရယူမည့် ယာယီအပစ်အခတ်ရပ်စဲရေးမှာ မည်သည့်အချိန်တွင် စတင်မည်ကို အမေရိကန်ကာကွယ်ရေးဝန်ကြီး မက်ခ်အက်စ်ပါက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့သော်လည်း တာလီဘန်အဖွဲ့ကမူ သောကြာနေ့တွင် စတင်မည်ဟု ပြောကြားခဲ့သည်။

အပစ်အခတ်ရပ်စဲတာဟာ အဖြေတစ်ခုမဟုတ်ဘဲ နိုင်ငံရေးအရ သဘောတူညီချက်ရယူနိုင်ခြင်းကသာလျှင် အဖြေဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း မက်ခ်အက်စ်ပါက ပြောကြားသည်။ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးရရှိဖို့ အခြေအနေအပေါ်ကိုမူတည်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်ဟု ၎င်းက ပြောကြားသည်။

ပြီးခဲ့တဲ့ရက်တွေမှာ ငြိမ်းချမ်းရေးဆွေးနွေးခဲ့စဉ်က အမှန်တကယ်တိုးတက်မှုတွေရရှိခဲ့ပါတယ်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ဂျာမနီနိုင်ငံ မြူးနစ်မြို့ လုံခြုံရေးညီလာခံသို့ သွားရောက်သည့်ခရီးစဉ်တွင် သတင်းထောက်များအား ပြောကြားသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - စိုးသူရ**

# ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး ဆေးဝန်ထမ်းများကို တရုတ်အစိုးရက ဆုချီးမြှင့်မည်



**ပေကျင်း ဖေဖော်ဝါရီ ၁၄**
နိဗယ် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုကို တိုက်ဖျက်ရန်အတွက် တိုက်ပွဲဝင်နေသည့် ဆေးဝန်ထမ်းများကို ၎င်းတို့၏ ကြိုးပမ်းဆောင်ရွက်မှုနှင့် စွန့်လွှတ်အနစ်နာခံမှုတို့အတွက် ဆုချီးမြှင့်မည့် အစီအမံအများအပြားကို တရုတ်အာဏာပိုင်များက ထုတ်ဖော်ကြေညာခဲ့သည်။

ယင်းဗိုင်းရပ်စ်ပိုး ကူးစက်ခံရ၍ သေဆုံးခဲ့သည့် သို့မဟုတ် ဗိုင်းရပ်စ်ကူးစက်မှုခံရသည့် ရှေ့တန်းမျက်နှာစာတွင် တာဝန်ထမ်းဆောင်နေသည့် ဆေးဝန်ထမ်းများကို ၎င်းတို့၏ လုပ်ငန်းခွင်ဆိုင်ရာ ဒဏ်ရာအနာတရဖြစ်မှုအတွက် အလုပ်နှင့် ဆက်နွှယ်သည့်ဒဏ်ရာ အာမခံမှုတစ်ဆင့် လျော်ကြေး ပေးအပ်သွားမည်ဟု အမျိုးသား ကျန်းမာရေးကော်မရှင် ဒုတိယညွှန်ကြားရေးမှူး ကျန်ယိရှင်က သောကြာနေ့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဤအတောအတွင်း ကူးစက်ရောဂါအဓိကဖြစ်ပွားရာဒေသတွင် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်နေသည့် ဆရာဝန်များနှင့် သူနာပြုများကို ထောက်ပံ့ကြေးများနှင့် ခွင့်ပြုငွေများအပါအဝင် အမျိုးမျိုးသော ငွေကြေးအထောက်အပံ့များကို ပေးအပ်သွားမည်ဟု ကျန်က ဆက်လက်ပြောကြားသည်။

ဆေးဘက်ဆိုင်ရာ အကူအညီ၊ ကာကွယ်ဆေးသုတေသနနှင့် ဖွံ့ဖြိုးရေးနှင့် အခြားကဏ္ဍများတွင် ထူးချွန်စွာ အထောက်အကူပြုခဲ့ကြသည့် ဆေးဘက်ဆိုင်ရာ အလုပ်သမားများနှင့် အဖွဲ့များကိုလည်း ဆုများ၊ ဂုဏ်ပြုဆုငွေများ ချီးမြှင့်မည်ဖြစ်ကြောင်း လူ့အရင်းအမြစ်နှင့် လူမှုဖူလုံရေး ဒုတိယဝန်ကြီး ကျန်ယိကွန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **ကိုးကား - ဆင်ဟွာ ဘာသာပြန် - အောင်ဇော်လင်း**

# နိုင်ဂျီးရီးယားနိုင်ငံ၌ လက်ဆာအဖျားရောဂါကြောင့် သေဆုံးသူ ၇၀ အထိ မြင့်တက်

**အဘူဂျာ ဖေဖော်ဝါရီ ၁၄**
နိုင်ဂျီးရီးယားနိုင်ငံ၌ လက်ဆာအဖျားရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၇၀ အထိ မြင့်တက်လာခဲ့ကြောင်း နိုင်ဂျီးရီးယားရောဂါထိန်းချုပ်ရေးဗဟိုဌာန (NCDC)က ပြောကြားလိုက်သည်။ အာဖရိကတိုက်၏ လူနေအထူထပ်ဆုံး နိုင်ဂျီးရီးယားနိုင်ငံ၌ ဆက်လက်ပျံ့နှံ့နေသည့် လက်ဆာအဖျားရောဂါကူးစက်ခံရသူမှာ စုစုပေါင်း ၄၇၂ ဦးအထိရှိလာခဲ့ပြီဟု NCDC က ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံရှိ ပြည်နယ် ၃၆ ခုအနက် ပြည်နယ် ၂၃ ခုတွင် ယခုအခါ လက်ဆာအဖျားရောဂါ ကူးစက်ခံနေရပြီး ကူးစက်ခံရသူအများဆုံးမှာ တောင်ပိုင်းဒေသများဖြစ်သော အီဘွန်ယီ၊ အီဒိုနှင့် အွန်ဒိုပြည်နယ်တို့မှဖြစ်ကြောင်း ထုတ်ပြန်ချက်က ဆိုသည်။ ယခုနှစ်အတွင်း အဆိုပါရောဂါဖြစ်ပွားမှုကြောင့် သေဆုံးမှုနှုန်းမှာ ၁၄ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ပြီးခဲ့သည့်တစ်နှစ်က မှတ်တမ်းတင်ထားသည့် ၁၈ ဒသမ ၇ ရာခိုင်နှုန်းထက် လျော့နည်းသည်ဟု ထုတ်ပြန်ချက်က ဖော်ပြသည်။ လက်ဆာအဖျားရောဂါမှာ လူသားတို့၏ တံတွေး၊ ဆီးနှင့် ကြွက်များ၏ အညစ်အကြေးများမှကူးစက်ပြီး ၄က်ဖျားရောဂါနှင့် ရောဂါလက္ခဏာများဆင်တူသည်ဟု ဆိုသည်။ လက်ဆာအဖျားရောဂါမှာ နိုင်ဂျီးရီးယားနိုင်ငံ၌ ဇန်နဝါရီလနှင့် ဧပြီလကြား ခြောက်သွေ့သောရာသီ၌ ဖြစ်ပွားလေ့ရှိကြောင်း မကြာသေးမီကပြုလုပ်ခဲ့သည့် ရောဂါကူးစက်မှုဆိုင်ရာအချက်အလက်များက ပြသနေသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း နောက်ဆုံးအကြိမ် လက်ဆာအဖျားရောဂါဖြစ်ပွားခဲ့ပြီး ပထမဆုံးကူးစက်မှုမှာ နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဘော်ချီပြည်နယ်၌ ဖြစ်ပွားခဲ့သည်။ နိုင်ငံတစ်ဝန်းတုံ့ပြန်ရေးလှုပ်ရှားမှုများ ညှိနှိုင်းဆောင်ရွက်ရန် NCDC က အမျိုးသားအရေးပေါ်ဆောင်ရွက်ရေးဗဟိုဌာနတစ်ခု တည်ထောင်ခဲ့သည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ကျော်ထိုက်စိုး**

# ဂျပန်တော်ဝင်မင်းသား၏ စားပွဲတွင် ဓားများ တင်ထားသူ ထောင်ဒဏ်ချမှတ်ခံရ

**တိုကျို ဖေဖော်ဝါရီ ၁၄**
ဂျပန်တော်ဝင်မင်းသား ဟီဆာဟီတို၏ ကျောင်းစာသင်ခန်းစားပွဲပေါ်တွင် မီးဖိုချောင်သုံး ဓားနှစ်ချောင်းကို ချထားသူ ဂျပန်အမျိုးသားတစ်ဦးသည် သောကြာနေ့က ဆိုင်းငံ့ထောင်ဒဏ်အပြစ်ပေးခြင်းခံရသည်။ အဆိုပါမင်းသားသည် ထီးနန်းဆက်ခံမည့် လျာထားစာရင်းတွင် ဒုတိယနေရာတွင် ရှိနေသူဖြစ်သည်။ ဓားချထားသူအမျိုးသားသည် လေးနှစ်ဆိုင်းငံ့ဖြင့် ထောင်ဒဏ် ၁၈ လ အပြစ်ပေးခြင်းခံရကြောင်း တိုကျိုခရိုင် တရားရုံးပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

ကာအိုရူ ဟာဆဲဂါဝါသည် ဘုရင့်သားတော် တက်ရောက်နေသည့် ဂျူနီယာ အထက်တန်းကျောင်း ပရဝဏ်အတွင်းသို့ တရားမဝင်ဝင်ရောက်သည်ဟု မသင်္ကာမှုဖြင့် ဧပြီလက ဖမ်းဆီးခြင်းခံခဲ့ရသည်။ ၎င်းသည် ဂျပန်နိုင်ငံ လက်နက်ဥပဒေကို ချိုးဖောက်သည်ဟုလည်း စွပ်စွဲခြင်းခံခဲ့ရသည်။ ဓားများကို စားပွဲပေါ်၌ ထားသည့်အချိန်က မင်းသားသည် ကျောင်းထဲ၌ ရှိမနေခဲ့ပေ။ အဆိုပါဓားများကို တာဝန်ရှိသူများက နောက်မှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အသက် ၁၃ နှစ် အရွယ်ရှိ ဟီဆာဟီတိုသည် ဂျပန်ဘုရင် နာရူဟီတို၏ ညီတော် အာခီရှီနို၏ သားတော်ဖြစ်သည်။ အာခီရှီနိုသည် ထီးနန်းဆက်ခံရမည့် လျာထားစာရင်းတွင် ပထမနေရာတွင် ရှိနေသူဖြစ်သည်။ ဦးဆောင်တရားသူကြီးက ဟာဆဲဂါဝါသည် လူအများ၏ အာရုံစိုက်မှုကို ရယူလိုသည့် တစ်ကိုယ်ကောင်းဆန်သည့်စိတ်ကြောင့် ပြစ်မှုကျူးလွန်ခဲ့ကြောင်း၊ ၎င်းကို သက်ညှာထောက်ထားရန် အကြောင်းမရှိဟု ပြောကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေ အသံလွှင့်ဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

လူသိများ ထင်ရှားသည့် ယခင်ဂျပန်ဘုရင် အာခီဟီတိုသည် နှစ် ၃၀ ကြာ ထီးနန်းစိုးစံခဲ့ပြီးနောက် ၎င်း၏ ထီးနန်းစွန့်လွှတ်ပွဲမတိုင်မီ အာဏာပိုင်များက လုံခြုံရေးတိုးမြှင့်ဆောင်ရွက်စဉ် ယင်းဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ကိုးကား - အေအက်ဖ်ပီ ဘာသာပြန် - အောင်ဇော်လင်း**

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ဂျပန်နိုင်ငံတွင် ပထမဆုံးအကြိမ် တွေ့ရှိ

**တိုကျို ဖေဖော်ဝါရီ ၁၄**
ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးသွားခဲ့ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့အတည်ပြုပြောကြားခဲ့သည်။

ကာနာဂါဝါပြည်နယ်တွင် နေထိုင်သော အသက် ၈၀ အရွယ်အမျိုးသမီးသည် ဂျပန်နိုင်ငံတွင် ဗိုင်းရပ်စ်ပိုးကူးစက်မှုကြောင့် ပထမဆုံးသေဆုံးသူဖြစ်လာခဲ့သည်။ ဇန်နဝါရီ ၂၂ ရက်တွင် ရောဂါလက္ခဏာများ စတင်ပေါ်ပေါက်လာခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်တွင် ၎င်းအား ဆေးရုံသို့ ပို့ဆောင်ခဲ့သည်ဟု ကျန်းမာရေးဝန်ကြီး ကတ်ဆုနိုဘူကာတိုက ပြောကြားခဲ့သည်။ ထို့နောက် ဖေဖော်ဝါရီ ၁၃ ရက်တွင် သေဆုံးခဲ့သည်။ ဆေးစစ်ချက်များအရ အဆိုပါအမျိုးသမီးသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံနေရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

၎င်းအမျိုးသမီးသည် နိုင်ငံရပ်ခြားသို့ ခရီးသွားဖူးခြင်းမရှိကြောင်း သိရသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။ သို့သော် ၎င်း၏သားမက်ဖြစ်သူ အငှားယာဉ်မောင်းသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံနေရသူတစ်ဦးဖြစ်သည့်အတွက် ၎င်းထံမှတစ်ဆင့် ကူးစက်ခြင်းဖြစ်သည်ဟု ယူဆရသည်။ ရောဂါလက္ခဏာများ စတင်မပြသမီ ရက်သတ္တနှစ်ပတ်အတွင်း တရုတ်နိုင်ငံ ဟူပေပြည်နယ်သို့ သွားရောက်ခဲ့ခြင်းမရှိကြောင်းနှင့် နိုင်ငံခြားသားခရီးသွားများကိုလည်း ခရီးပို့ဆောင်ပေးခဲ့ခြင်းမရှိကြောင်း သားမက်ဖြစ်သူ အငှားယာဉ်မောင်းက ဆိုသည်။ ဂျပန်နိုင်ငံတွင် နောက်ထပ်ဗိုင်းရပ်စ်ကူးစက်ခံရသူတစ်ဦးမှာ ဂျပန်နိုင်ငံ အနောက်ပိုင်းဆေးရုံတစ်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အသက် ၅၀ အရွယ် ဆရာဝန်တစ်ဦးဖြစ်သည်။ နောက်ထပ် ဗိုင်းရပ်စ်ကူးစက်ခံရသူတစ်ဦးမှာ တိုကျို မြို့အပြင်ဘက်တွင်နေထိုင်သော အသက် ၂၀ အရွယ် အမျိုးသားတစ်ဦးဖြစ်သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးရသူဦးရေ ၁၃၈၀ ရှိလာ

**ပေကျင်း ဖေဖော်ဝါရီ ၁၄**
တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခြင်းခံရသည့် ကျန်းမာရေးဝန်ထမ်းဦးရေ ၁၇၀၀ ကျော်ရှိလာပြီးနောက်တွင် ၎င်းတို့အား ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်ရေးအတွက် ကြိုးပမ်းမှုများ တိုးမြှင့်လုပ်ဆောင်သွားမည်ဟု တရုတ်ကျန်းမာရေးတာဝန်ရှိသူများက ကတိပေးခဲ့သည်။

နိုင်ငံတွင်း၌ ယင်းဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးရသူဦးရေမှာ ၁၃၈၀ ထိ တိုးမြှင့်လာခဲ့ကြောင်း တရုတ်အမျိုးသား ကျန်းမာရေးကော်မရှင်က ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူဦးရေမှာ တရုတ်နိုင်ငံတစ်ဝန်းလုံးတွင် ၆၃၈၅၁ ဦးရှိပြီး ဖေဖော်ဝါရီ ၁၃ ရက် တစ်ရက်တည်းတွင် ယင်းဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူဦးရေမှာ ၅၀၉၀ တိုးလာခဲ့သည်။

ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ကျန်းမာရေးဝန်ထမ်းဦးရေမှာ ၁၇၁၆ ဦးရှိပြီး ယင်းတို့ထဲမှ ခြောက်ဦးသေဆုံးခဲ့ကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင် ဒုတိယအကြီးအကဲ ကျန်းယီရှင်းက သတင်းထောက်များအား ပြောကြားခဲ့သည်။

ဗိုင်းရပ်စ်ပိုးပြန့်ပွားမှု ရှေ့တန်းစစ်မျက်နှာမှ ဆေးကုသရေးဝန်ထမ်းများ၏ လုပ်ငန်းခွင်အခြေအနေ တိုးတက်ရေးအား အမျိုးသားကျန်းမာရေးကော်မရှင်က ကူညီသွားမည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အနေအထားများကို စောင့်ကြည့်သွားမည်ဟု မစ္စတာကျန်းက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ ဘာသာပြန် - ဇော်ဝင်း**

## ရခိုင်ပြည်နယ်၌ လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် စံညွှင်းဝေကျေးရွာအုပ်စု ခမွေချောင်း(ခမီး) ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက လက်နက်ကြီးကျည်ကျရောက်သဖြင့် ဒဏ်ရာရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်သောအဖွဲ့နှင့်အတူ ဒဏ်ရာရရှိသည့် ကျောင်းသား ကျောင်းသူ ၁၇ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၈၅၀၀၀၀ နှင့်ကျားလုံချည် ၁၀ ထည်၊ မလုံချည် ခုနစ်ထည်၊ တီရှပ် ၃၄ ထည်၊ ခြင်ထောင် ၁၇ လုံး၊ စောင် ၁၇ ထည်၊ ဆပ်ပြာ ၁၇ တောင့်၊ တဘက် ၁၇ ထည် တို့အား ယမန်နေ့နှင့် ယနေ့တွင်သွားရောက်ထောက်ပံ့ခဲ့ပြီး ဒဏ်ရာရ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏မိသားစုများအား စိတ်လူမှုရေးဆိုင်ရာ နှစ်သိမ့်အားပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ဒဏ်ရာရ ကျောင်းသား ကျောင်းသူ ၁၇ ဦးရှိခဲ့ပြီး ၎င်းတို့အနက် မခင်မေဦး(၁၁)နှစ်နှင့် မနီခိုင်(၉)နှစ်တို့ နှစ်ဦးမှာ ဒဏ်ရာရရှိမှုများပြားသဖြင့် ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ်လည်းကောင်း၊ ကျန်ရှိသည့် ကျောင်းသား ကျောင်းသူ ၁၅ ဦးမှာ ဂန္ဓာရီ(ပရဟိတ) ကျောင်းတွင် တည်းခိုနေထိုင်၍ ပြင်ပလူနာအဖြစ်လည်းကောင်း ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ဝါယာရှော့ဖြစ်၍ ကုန်တင်ယာဉ်တစ်စီး မီးလောင်

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၁၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံ-ဘားအံသွား ကားလမ်းမပေါ် နော်သင့်ကျေးရွာအနီးတွင် ယနေ့ ညနေ ၄ နာရီခန့်က ဝါယာရှော့ဖြစ်၍ ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထီလုံမှ ဘားအံသို့ မောင်းနှင်လာသော ယာဉ်သည် နော်သင့်ကျေးရွာအနီးအရောက်တွင် မော်တော်ယာဉ်မှာ ဝါယာရှော့ဖြစ် မီးလောင်ခဲ့သည်။

မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦး၊ မော်တော်ယာဉ် နှစ်စီး၊ ထီလုံနယ်မြေစခန်းမှူး ရဲအုပ် ရဲမင်းထွန်းဦးစီး၍ တပ်ဖွဲ့ဝင် ၁၀ ဦးတို့က မီးငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၄၀ တွင် ငြိမ်းသတ်နိုင်ခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်ခဲ့သဖြင့် စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ရေဦးမြို့နယ်၌ အမျိုးသမီးတစ်ဦးကို ရိုက်နှက်မီးရှို့သူအား ဖမ်းဆီးရမိ

**ရေဦး ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အင်ပင်ရေကျေးရွာအနီး အမျိုးသမီးတစ်ဦးကို ရိုက်နှက်သတ်ဖြတ်၍ မီးရှို့သူအား ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီ မိနစ် ၂၀ က ဖမ်းဆီးရမိခဲ့ကြောင်း ရေဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးညွန့်ဝင်းထံမှ သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၃ နာရီခန့်က ရေဦးမြို့နယ် ညောင်နီကန်ကျေးရွာအုပ်စု အင်ပင်ရေကျေးရွာနေ မနီလာအေးမှာ နွားကျောင်းရင်း နေအိမ်နွားခြံနှင့် လေးဖာလုံခန့်အကွာရှိ အင်တိုင်းတောအတွင်း မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ဖမ်းဆီးရမိရေးအတွက် ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်မောင် အနီးကပ်ကြီးကြပ်၍ ရေဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးညွန့်ဝင်းဦးစီးအဖွဲ့က မသင်္ကာသူကို စုံစမ်းစစ်ဆေးခဲ့ရာ ဒီပဲယင်းမြို့နယ် သစ်ရာအိုက်ကျေးရွာနေ ငထွန်း(ခ) သာထွန်းအောင်သည် မနီလာအေးနှင့် စကားများရန်ဖြစ်ရာမှ ရိုက်နှက်သတ်ဖြတ်ကာ မီးရှို့ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ငထွန်း(ခ) သာထွန်းအောင်ကို တင်းတိမ်ရုံနယ်မြေရဲစခန်းက အမှုဖွင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **မိုးသောက်(ရွှေဘို)**



ငထွန်း(ခ) သာထွန်းအောင်ကို သက်သေခံပစ္စည်းများနှင့် အတူ တွေ့ရစဉ်။

## ဝက်လက်မြို့နယ်၌ မော်တော်ယာဉ်တစ်စီး မီးလောင်

**ဝက်လက် ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မန္တလေး- ရွှေဘိုကားလမ်းတွင် ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက ၁၂ ဘီးမော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်ထံမှ သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၂ နာရီခန့်က ဝက်လက်မြို့နယ် မန္တလေး - ရွှေဘိုကားလမ်း မိုင်တိုင်အမှတ် ၆၁/၂ နှင့် ၆၁/ ၁ အကြားတွင် ၁၂ ဘီးယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ရာ ယာဉ်၏ ဘယ်ညာ နောက်ဘီး ရှစ်လုံးမီးလောင်ဆုံးရှုံးခဲ့ပြီး လူထိခိုက်မှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ကျော်မျိုးထက်ကို ဝက်လက်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မိုးသောက်(ရွှေဘို)**



# ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရေးအဖွဲ့ ပထမအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရေးအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့ ညနေ ၄နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လုပ်ငန်းအစီအစဉ်များကို ဆွေးနွေး**

ရှေးဦးစွာ အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အမှာစကားပြောကြားရာတွင် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်၌ ARSA လက်နက်ကိုင်အကြမ်းဖက်အဖွဲ့က ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရဲကင်းစခန်း၊ ရဲစခန်းနှင့် တပ်မတော်တပ်ရင်းတို့အား တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းနောက် လုံခြုံရေးတပ်ဖွဲ့များနှင့် ARSA အကြမ်းဖက်အဖွဲ့တို့အကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြောင်း၊ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (Independent Commission of Enquiry – ICOE)၏ အပြီးသတ် အစီရင်ခံစာအရ အဆိုပါတိုက်ခိုက်မှုဖြစ်စဉ်တွင် အဓိကအားဖြင့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များအတွင်း နေရာ ၁၃ ခု ၌ ရာဇဝတ်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ARSA အကြမ်းဖက်အဖွဲ့ဝင်များနှင့် ၎င်းတို့၏အလိုတူပူးပေါင်းပါဝင်ခဲ့သူများ၊ လုံခြုံရေးတပ်ဖွဲ့များနှင့် အရပ်သားများက ရာဇဝတ်မှုများကျူးလွန်ခဲ့ကြကြောင်း၊ အဆိုပါ ရာဇဝတ်မှုများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတရုံးသည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၄ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၉/၂၀၂၀ ဖြင့် 'ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရေးအဖွဲ့'ကို ပြည်ထောင်စုရှေ့နေချုပ်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါအဖွဲ့သည် ရခိုင်ပြည်နယ်ဖြစ်စဉ်အတွင်း ရာဇဝတ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူရေးအတွက် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယင်းအတွက် ဆက်လက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက်အစည်းအဝေးတက်ရောက်လာကြသူများက ICOE ၏ အပြီးသတ် အစီရင်ခံစာပါ အကြံပြုချက်များအရ လုံခြုံရေးတပ်ဖွဲ့များနှင့် ARSA အကြမ်းဖက်အဖွဲ့တို့ ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုဖြစ်စဉ်များအတွင်း ရာဇဝတ်မှုကျူးလွန်သူများကို စုံစမ်းစစ်ဆေးတရားစွဲဆို ဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးကြသည်။



အစည်းအဝေးသို့ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အဖွဲ့ဝင်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# သမဝါယမတက္ကသိုလ်(စစ်ကိုင်း) (၈) နှစ်မြောက်တက္ကသိုလ် တည်ထောင်သည့်နေ့အခမ်းအနား ကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၄**

သမဝါယမတက္ကသိုလ်(စစ်ကိုင်း) (၈)နှစ်မြောက် တက္ကသိုလ်တည်ထောင်သည့်နေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် တိုင်းရင်းသားပဒေသာကပွဲကို ဖေဖော်ဝါရီ ၁၁ ရက်တွင် သမဝါယမတက္ကသိုလ်(စစ်ကိုင်း)တွင် ကျင်းပသည်။ (၈)နှစ်မြောက်တက္ကသိုလ် တည်ထောင်သည့်နေ့ အထိမ်းအမှတ်အနေဖြင့် နံနက်ပိုင်းတွင် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်ခြင်း၊ ရေစက်ချတရားနာကြားခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် (၈)နှစ်မြောက် တက္ကသိုလ်တည်ထောင်သည့်နေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် တိုင်းရင်းသားပဒေသာကပွဲဖွင့်ပွဲကို ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးကမ်ဇာမုန်၊ တိုင်းဒေသကြီး ကျောက်မျက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း(မန္တလေး)မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ်နှင့် သင်ကြား၊ စီမံဌာနများမှ ဌာနမှူးများ၊ အရာထမ်းအမှုထမ်းများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။





အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပါမောက္ခချုပ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် အခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီး ဦးကမ်ဇာမုန်၊ တိုင်းဒေသကြီး ကျောက်မျက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ကြီး၊ ပါမောက္ခချုပ် ဒေါက်တာဒေါ်မို့မို့ရီနှင့် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဝင်းနိုင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး Jade Colour ကျောက်မျက်ရောင်းဝယ်ရေးလုပ်ငန်း (မန္တလေး) ဥက္ကဋ္ဌ ဦးအောင်သောင်းနှင့်ဇနီး လှူဒါန်းထားသော ကျောက်စိမ်းတုံးအား အမွှေးနံ့သာရည်များ ပက်ဖျန်းကြကာ ဈေးရောင်းပွဲတော်တွင် ဖွင့်လှစ်ရောင်းချနေသည့် ဆိုင်ခန်းများနှင့် တိုင်းရင်းသားပဒေသာကပွဲကို အားပေးလှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**❖ ကျောဖုံးမှ**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူနှင့် ရေပန်းဥယျာဉ်ကို နှစ်ရှည်ငှားရမ်းလုပ်ကိုင်ဆောင်ရွက်ခွင့်တင်ဒါအောင်မြင်ထားသည့် ဆန်းမြတ်ထွန်းကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာနေလင်းထွန်းတို့က ပန်းပွဲတော်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ဖွင့်ပွဲအခမ်းအနား တက်ရောက်ကြသည့် တာဝန်ရှိသူများသည် ရေပန်းဥယျာဉ်အတွင်း ပန်းများဆင်ယင်ပြသထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

နေပြည်တော်တွင် ပထမဦးဆုံးအကြိမ်ကျင်းပသည့် ပန်းပွဲတော်ကို ဖေဖော်ဝါရီ ၁၄ ရက်မှ မတ် ၃၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ရာ ပန်းမျိုးစိတ်ပေါင်းသုံးဆယ်ခန့်နှင့် ပန်းပင်ပေါင်းနှစ်သိန်းကျော်ကို ခင်းကျင်းပြသထားရှိကြောင်း သိရသည်။

ထို့ပြင် ပန်းပွဲတော်အတွင်း နိုင်ငံကျော်အဆိုတော်များက မတ်လ ၃၁ ရက်အထိ အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တို့တွင် အခမဲ့သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ – ဟိန်းမင်းစိုး**

# MRTV Channel အား HD စနစ်ဖြင့် ပုံမှန်ထုတ်လွှင့်သွားမည်

၁။ မြန်မာ့ရုပ်မြင်သံကြားကြည့်ပရိသတ်များ အရုပ်/အသံ အရည်အသွေး ပိုမိုကြည်လင်စွာ ကြည့်ရှုနိုင်ရန်အတွက် MRTV Channel အား ပုံမှန်ထုတ်လွှင့်နေသော Standard Definition (SD) စနစ်အပြင် High Definition (HD) စနစ်ဖြင့်ပါ (၁၅–၁–၂၀၂၀) ရက်နေ့မှ စတင်စမ်းသပ်ထုတ်လွှင့်ပေးခဲ့ပြီး (၁၅–၂–၂၀၂၀)ရက်နေ့မှ စတင်၍ HD စနစ်တစ်မျိုးတည်းဖြင့်သာ ပုံမှန်ထုတ်လွှင့်ပေးသွားမည် ဖြစ်ပါသည်။

၂။ ထိုသို့ HD စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲထုတ်လွှင့်မှုများသည် အရုပ်/အသံ အရည်အသွေးကောင်းမွန်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်ပြီး Digital စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေကြသည့် ရုပ်မြင်သံကြားဖမ်းစက်များအနေဖြင့် HD အရည်အသွေးအတိုင်း ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

၃။ Analogue စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေသော TV များတွင်မူ မည်သည့်ချိန်ညှိမှုကိုမှ ပြုလုပ်ရန် မလိုအပ်ဘဲ ယခင်အတိုင်း ဆက်လက်ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

၄။ မြန်မာ့ရုပ်မြင်သံကြားပရိသတ်များအနေဖြင့် MRTV Channel အား HD စနစ်ကို ကြည့်ရှုနိုင်ရန် DVB–T2 Set–top Box (သို့မဟုတ်) DVB–T2 Tuner ပါရှိသော LCD/LED TV များအား Auto Tuning ပြန်လည် ပြုလုပ်ခြင်းဖြင့် ရုပ်/သံ အရည်အသွေးကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

(က) DVB–T2 Set–top Box ဖြင့် ဖမ်းယူပါက
Menu မှ Channel Search ကိုရွေးပြီး Auto Search သို့ သွား၍ OK နှိပ်ပါ။
Menu ➛ Channel Search ➛ Auto Search ➛ OK

(ခ) DVB–T2 Tuner ပါရှိသော LCD / LED Flat TV များဖြင့် ဖမ်းယူကြည့်ရှုပါက Menu မှ Channel ကိုသွားပြီး Tuner Type တွင် Antenna ကို ရွေး၍ OK နှိပ်ပါ။ ပြီးလျှင် Auto Scan ကိုနှိပ်ပါ။ Country တွင် (Myanmar) နှင့် Mode တွင် ( DTV+ ATV ) တို့ကို ရွေးချယ်၍ Start သို့ သွားပြီး OK နှိပ်ပါ။
Menu ➛ Channel ➛ Tuner Type ➛ Antenna ➛ Auto Scan ➛ Country (Myanmar) ➛ Mode(DTV+ATV) ➛ Start ➛ OK

(ဂ) Analogue TV (Tube) ကို Set–top Box နှင့် ချိတ်ဆက်ကြည့်ရှုပါက ရုပ်ပုံအရွယ်အစား ချိန်ညှိရန်အတွက် Set–top Box ၏ Menu မှ Picture ကိုနှိပ်ပြီး Aspect Ratio မှ 16:9 Wide Screen ကို ရွေး၍ OK နှိပ်ပါ။
Menu ➛ Picture ➛ Aspect Ratio ➛ 16:9 Wide Screen ➛ OK

၅။ ဖမ်းယူချိန်ညှိပြီးပါက Channel Box တွင် အောက်ပါအစီအစဉ်အတိုင်း Channel များကို ဖမ်းယူရရှိမည် ဖြစ်ပါသည် –

| | |
|---|---|
| (1) MRTV HD | (12) MNTV |
| (2) MRTV Hluttaw | (13) Channel–9 |
| (3) MRTV NRC | (14) Mizzima |
| (4) MRTV Farmer | (15) DVB |
| (5) MRTV Sport | (16) Channel K |
| (6) MITV | (17) YTV |
| (7) EDU | (18) Fortune TV |
| (8) MRTV Entertainment | (19) Myanma Radio |
| (9) MRTV–4 | (20) Upper Tineyinthar |
| (10) Channel–7 | (21) Lower Tineyinthar |
| (11) 5 Plus | |

၆။ ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများအား ဖမ်းယူကြည့်ရှုနေသူများအနေဖြင့်လည်း (၁၅–၂–၂၀၂၀) ရက်နေ့မှစတင်၍ အထက်ပါ အစီအစဉ်များအတိုင်း ရရှိရန် Auto Tuning ပြန်လည်ပြုလုပ်ရန် လိုအပ်မည် ဖြစ်ပါသည်။

၇။ မြန်မာ့ရုပ်မြင်သံကြားကြည့် ပရိသတ်များအနေဖြင့် ထိုသို့ ဖမ်းယူကြည့်ရှုရာတွင် အဆင်မပြေမှု တစ်စုံတစ်ရာရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

(က) 9 Meter Earthstation (တပ်ကုန်း ၊ ရုံးချုပ်) ဖုန်း၊ ၀၉–၄၀၈၀၈၂၀၉၀

(ခ) 9 Meter Earthstation (ရန်ကုန် ၊ ပြည်လမ်း) ဖုန်း၊ ၀၉–၄၀၈၀၈၂၀၈၀

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

## ဟားခါးမြို့ ရှုခင်းသာ(View Point)၌ သိရိပုံချို ဦးကီယိုမန်းကျောက်တိုင် ဖွင့်လှစ်

**ဟားခါး ဖေဖော်ဝါရီ ၁၄**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဟားခါးမြို့ ရှုခင်းသာ (View Point)၌ ချင်းတိုင်းရင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော သိရိပုံချို ဦးကီယိုမန်း ကျောက်တိုင် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျောက်တိုင်ရှေ့၌ ကျင်းပသည်။

ချင်းအမျိုးသားကြီး ဦးကီယိုမန်းသည် ၁၉၄၇ ခုနှစ် ပင်လုံညီလာခံသို့ တက်ရောက်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့ကြသော ချင်းတိုင်းရင်းသား ကိုယ်စားလှယ်တစ်ဦးဖြစ်သည်။

ချင်းအမျိုးသားကြီး ဦးကီယိုမန်းကို ၁၉၁၂ ခုနှစ် မတ် ၁၅ ရက်တွင် ဖွားမြင်ခဲ့ပြီး ၁၉၈၂ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ကွယ်လွန်ခဲ့ရာ ၎င်းအား ဂုဏ်ပြုသောအနေဖြင့် ဦးကီယိုမန်း သမိုင်းမှတ်တမ်းများ ထိန်းသိမ်းနိုင်ရန် ချင်းတိုင်းရင်းသား ဘာသာ(ဟားခါး)၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ သုံးမျိုးဖြင့် သုံးဖက်မြင်ကျောက်စာတိုင် စိုက်ထူရခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**




## ပိုးမွေးမြူရေးနှင့် ပိုးချည်မျှင်ထုတ်လုပ်ခြင်းစီမံကိန်း လွှဲပြောင်းပေးအပ်

**ဘားအံ ဖေဖော်ဝါရီ ၁၄**

ပိုးမွေးမြူရေးနှင့် ပိုးချည်မျှင်ထုတ်လုပ်ခြင်း မိတ်ဆက်ဖြန့်ဖြူးမှုစီမံကိန်း လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီက ကရင်ပြည်နယ် ဘားအံမြို့နယ် ကမော့ကပိုမျိုးစေ့ခြံ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး JICA( Japanese International Cooperation Agency) မှ Mr. Ew Ai Nobuo (Senior Representative JICA Myanmar Officer) က နှုတ်ခွန်းဆက်စကားပြောကြားကာ ပိုးမွေးမြူခြင်း၊ ပိုးချည်မျှင်ထုတ်လုပ်ခြင်း၊ မိတ်ဆက်ဖြန့်ဖြူးမှု စီမံကိန်းနှင့်ပတ်သက်သည့် အဆောက်အဦ၊ စက်ပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ DiamatsuCo.,Ltd ၏ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတစ်ဦးတို့က ရှင်းလင်းပြောကြားသည်။

ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးစောမြင့်ဦးနှင့် JICA မှ Mr. Ew Ai Nobuo (Senior Representative JICA Myanmar Officer) တို့က လက်မှတ်ရေးထိုးပြီး မှတ်တမ်းလွှာ အပြန်အလှန်လွှဲပြောင်းပေးအပ်ကြသည်။

ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ JICA မှ တာဝန်ရှိသူများ၊ Daimatsu Co.Ltd မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပိုးမွေးမြူရေးလုပ်ငန်းကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ဆောင်းသီးနှံကုလားပဲများ မန္တလေးဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်

**မန္တလေး ဖေဖော်ဝါရီ ၁၄**

ဆောင်းသီးနှံအဖြစ် ဇန်နဝါရီလကုန်ပိုင်းမှစတင်ထွက်ရှိလာသည့် ကုလားပဲအုပ်စုဝင် V2, V7, 929 နှင့် ထိုင်ဝမ်ကုလားပဲများ ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်ကာ အရောင်းသွက်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါပဲများကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်၊ သဲတော၊ ဝမ်းတွင်း၊ ပုသိမ်ကြီး၊ မတ္တရာနှင့် စဉ့်ကူးမြို့နယ်တို့မှ အစောဆုံး ထွက်ရှိလာပြီး အဖွင့်ဈေးမှာလည်း အများဆုံး ထွက်ရှိသည့် V2 အမျိုးအစား ကုလားပဲမှာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ်ရှစ်သောင်းနှုန်းဖြင့် စတင်ခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက် ပေါက်ဈေးမှာငွေကျပ် ၇၅၀၀၀ နှုန်းဖြင့် အရောင်းသွက်လျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ကုလားပဲသီးနှံက အဓိက ပြည်တွင်းမှာပဲ စားသုံးကြတာပါ။ဒီနှစ်က အထွက်နှုန်းကလည်း ကောင်းတဲ့ အပြင် ဈေးကွက်ထဲဝင်လာသမျှ ကုလားပဲတွေကတော့ အရောင်းသွက်နေတဲ့အတွက် လက်ရှိပေါက်ဈေးထက် ဈေးကျဖို့မရှိတော့ဘူး "ဟု ၎င်းက ဆက်လက်ပြောပြသည်။

လက်ရှိတွင် ဈေးကွက်အတွင်း၌ ကုလားပဲအုပ်စုဝင် ပဲများဖြစ်သည့် V2 မှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ V7 မှာ ငွေကျပ် ၇၄၀၀၀ နှုန်းဖြင့်လည်းကောင်း၊ 929 ပဲ အမျိုးအစားမှာ ကျပ် ၇၇၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ထိုင်ဝမ်ပဲအမျိုးအစားမှာ ငွေကျပ် ၇၇၀၀၀ နှုန်းဖြင့်လည်းကောင်း အရောင်းသွက်လျက်ရှိပြီး ၎င်းပဲအမျိုးအစားများအနက် ထိုင်ဝမ်နှင့် V7 ပဲများကို အိန္ဒိယဝယ်လက်များကလည်း ဝယ်ယူလေ့ရှိကြောင်းလည်း သိရသည်။

အဆိုပါ ကုလားပဲအုပ်စုဝင် ပဲများကို ပြည်တွင်း၌ မြန်မာ့ရိုးရာ အစားအစာ ထုတ်လုပ်ရာတွင် အများဆုံး ထည့်သွင်းအသုံးပြုလျက်ရှိပြီးမတ်လအတွင်းတွင် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့မှ ၎င်းပဲအမျိုးအစားများ ထပ်မံထွက်ရှိကာ ဈေးကွက်သို့ ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

## FDAထောက်ခံချက်ရရှိသော မြန်မာထုတ်ကုန်များရောင်းချ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံစားသောက်ကုန်ထုတ် လုပ်တင်ပို့ရောင်းချသူများအသင်း၏ ဆဋ္ဌမအကြိမ်မြောက် မြန်မာ့စားသောက်ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မင်းနန္ဒာလမ်းရှိ Myanmar Expo ခန်းမ၌ ကျင်းပသည်။

"ဒီပြပွဲမှာရောင်းချတဲ့ မြန်မာထုတ်ကုန်ပစ္စည်းတွေဟာ FDA စစ်ဆေးပြီးတော့စားသုံးရန်အရည်အသွေးပြည့်မီတဲ့ ထုတ်ကုန်တွေဖြစ်ပါတယ်။ မြန်မာထုတ်ကုန်တွေ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များအထိ ထိုးဖောက်နိုင်အောင်လည်း ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ကုန်သည်/ စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောသည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံပြည်တွင်း၌ ထုတ်လုပ်သော စားသောက်ကုန်အမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ထုပ်ပိုးပစ္စည်းအမျိုးမျိုးတို့အပါအဝင် ပြည်တွင်းကုမ္ပဏီပေါင်း ၁၅၀ ကျော်က ပြခန်းပေါင်း၂၀၀ ဖြင့် ခင်းကျင်းပြသရောင်းချပေးလျက်ရှိပြီး ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ ဇလ**

**＊ မြရည်နန္ဒာတန်ဖိုးမျှတမှ**

မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာစီမံကိန်းမှ အိမ်ခန်းဝယ်ယူလိုသူများအတွက် အိမ်ခန်းလျှောက်လွှာများကို တစ်စောင်လျှင် တစ်ထောင်ကျပ်ဖြင့် ဇန်နဝါရီ ၂၇ ရက်မှစတင်၍ ရုံးပိတ်ရက်များအပါအဝင် ဖေဖော်ဝါရီ ၇ ရက်အထိ ရောင်းချပေးခဲ့ပြီး အဆိုပါလျှောက်လွှာများကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၈ ရက်အတွင်း ပြန်လည်လက်ခံပေးသွားမည်ဖြစ်သည်။

**ရောင်းချပေးသွားမည်**

ရောင်းချပေးသွားမည့်တိုက်ခန်း ၅၇၄ ခန်းမှာ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ RC လေးခန်းတွဲ ခြောက်ထပ်၊ အဆောက်အအုံ ၂၁ လုံးမှ အိမ်ခန်း တစ်ခန်းလျှင် ၆၆၁ စတုရန်းပေရှိ အခန်းပေါင်း ၄၀၅ ခန်းနှင့် ယခင်ရောင်းချခဲ့ပြီးသော တိုက်ခန်းများမှပြန်လည်အပ်နှံသောအခန်းနှင့် တိုက်ခန်းပိုင်ရှင်များမှ မဆက်သွယ်သောအခန်းတို့ဖြစ်ပြီး တိုက်ခန်းတစ်ခန်းလျှင် ကုန်သွယ်လုပ်ငန်းခွန် သုံးရာခိုင်နှုန်းအပါအဝင် မြေညီထပ်တစ်ခန်းလျှင် ငွေကျပ် ၂၈၈ ဒသမ ၄ သိန်း၊ ပထမထပ်တစ်ခန်းလျှင် ငွေကျပ် ၂၅၇ ဒသမ ၅ သိန်း၊ ဒုတိယထပ်တစ်ခန်းလျှင် ငွေကျပ် ၂၃၁ ဒသမ ၇၅ သိန်း၊ တတိယထပ်တစ်ခန်းလျှင် ငွေကျပ် ၂၁၁ ဒသမ ၁၅ သိန်း၊ စတုတ္ထထပ် တစ်ခန်းလျှင် ငွေကျပ် ၁၉၅ ဒသမ ၇ သိန်း၊ ပဉ္စမထပ်တစ်ခန်းလျှင် ငွေကျပ် ၁၈၀ ဒသမ ၂၅ သိန်းတို့ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

## တိုးချဲ့ဝန်ထမ်းအိမ်ရာများ ရာနှုန်းပြည့် တည်ဆောက်ပြီးစီး

**မလှိုင် ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများတွင် တာဝန်ထမ်းဆောင်နေသော နေအိမ်အခက်အခဲရှိသည့် နိုင်ငံ့ဝန်ထမ်းများနေထိုင်ရေး အခက်အခဲမရှိစေရန်ရည်ရွယ်၍ တိုးချဲ့ဝန်ထမ်းအိမ်ရာများကို ဆောက်လုပ်ပေးလျက်ရှိရာ ဖေဖော်ဝါရီလ ဒုတိယပတ်က ဝန်ထမ်းအိမ်ရာများ ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဝန်ထမ်းအိမ်ရာများကို ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး RC သုံးထပ်ဆောင် နှစ်လုံး၊ RC လေးထပ်ဆောင် နှစ်လုံး တည်ဆောက်ပေးခဲ့သည်။ အဆိုပါ ဝန်ထမ်းအိမ်ရာများကို ပညာရေးဝန်ထမ်းများအတွက် ၅၀ ရာခိုင်နှုန်း၊ အခြားဌာနဆိုင်ရာဝန်ထမ်းများအတွက် ၅၀ ရာခိုင်နှုန်း သတ်မှတ်ပြီး ဝန်ထမ်းနေရာချထားရေးကို ဖေဖော်ဝါရီလ တတိယပတ်မှစတင်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**

## နည်းပညာထုတ်ကုန်ပြပွဲနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၁၄**

ကွန်ပျူတာအကျိုးပြု ဒေသအကျိုးပြုလုပ်ငန်းဆောင်ရွက်ရာတွင် သတင်းအချက်အလက်နည်းပညာဖြင့် ကူညီပေးနိုင်ရန်ရည်ရွယ်၍ ကွန်ပျူတာတက္ကသိုလ်(ထားဝယ်)တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ၏ စိတ်ကူးဖြင့်ဖန်တီးထားသောစတုတ္ထအကြိမ်မြောက် နည်းပညာထုတ်ကုန်ပြပွဲ (Software & Hardware Applications ) နှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ထားဝယ်မြို့ ကွန်ပျူတာတက္ကသိုလ်(ထားဝယ်) ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးအောင်သူရက ယနေ့ခေတ်တွင် ICT ၏ အခန်းကဏ္ဍသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသော နယ်ပယ်အသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသောအလွန်ရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ လောကကောင်းကျိုးတိုးပွားစေရန်အထောက်အကူပြုမည့် ICT အသုံးချဝတ္ထုပစ္စည်းများကို ထုတ်လုပ်နိုင်မည့်စဉ်းစားတီထွင်ဖန်တီးခြင်းများကို ဖွဲ၊ ဝီရိယအခြေခံ၍ တစိုက်မတ်မတ်ဖြင့် ဆက်လက်ကြိုးပမ်းသွားနိုင်ပြီး ဒေသကောင်းကျိုး၊ နိုင်ငံကောင်းကျိုး ဆထက်တိုးသယ်ပိုးကြရန်လိုကြောင်း ပြောသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ် (ထားဝယ်) ဒုတိယပါမောက္ခချုပ်ဒေါက်တာခင်အေးသန်းက ဒေသအကျိုးပြု အပလီကေးရှင်းများကို ရေးသား အကောင်အထည်ဖော်နိုင်သော ကျောင်းသား ကျောင်းသူများ၏ စွမ်းဆောင်ရည်များကိုဖော်ထုတ်ရန်၊ IT Products များ ထုတ်လုပ်နိုင်သော ကျောင်းသား ကျောင်းသူများ၏စိတ်အားထက်သန်မှုကို အားပေးမြှင့်တင်ရန်နှင့် ကျောင်းသား ကျောင်းသူများ၏ အနာဂတ်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်များပြားလာစေရန်စသည့် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ တိုင်းဒေသကြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသော Software & Hardware Applications များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# အမျိုးသမီးများဦးဆောင်သည့် လယ်မြေများဖြစ်ပေါ်လာရေး ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

လယ်ယာလုပ်သားရှားပါးပြီး အထွက်နှုန်းလျော့ကျနေသည့် ပြည်နယ်အချို့တွင် အမျိုးသမီးများဦးဆောင်သည့် လယ်မြေများဖြစ်ပေါ်လာရေး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စိုက်ပျိုးရေးအဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်က ပြောသည်။

"အမျိုးသမီးတစ်ဦးတည်းလွယ်လွယ်ကူကူလုပ်သွားနိုင်တဲ့ တိုက်ရိုက်မျိုးစေ့ချ ကိရိယာလိုဟာမျိုးကို ကျွန်တော်တို့ရဲ့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ကျယ်ကျယ်ပြန့်ပြန့် သက်သက်သာသာနဲ့ လာမယ့်မိုးစပါးရာသီအမီ ဖြန့်ဖြူးပေးသွားဖို့ ရှိပါတယ်။ နောက်သွင်းအားစုပိုင်းမှာလည်း ဘယ်လိုသွင်းအားစုတွေကို ဘယ်လိုချိန်မှာသုံးသင့်တယ်ဆိုတာမျိုးနည်းပညာပိုင်းကိုလည်း တစ်ဆက်တည်းဖြန့်ဝေသွားဖို့ ရှိပါတယ်" ဟု ဒေါက်တာမျိုးအောင်ကျော်က ပြောသည်။



လယ်ယာလုပ်ငန်းခွင်သည် အမျိုးသမီးများဦးဆောင်ရန် ခက်ခဲသည့်လုပ်ငန်းခွင်ဖြစ်သော်လည်း စက်ပစ္စည်းကိရိယာများကူညီမှု၊ မှန်ကန်သည့်သွင်းအားစုများနှင့် မှန်ကန်သည့်နည်းစနစ်များအသုံးပြုမှု၊ စိုက်ပျိုးထုတ်လုပ်သည်မှ ဈေးကွက်ရောက်သည်အထိ ပူးပေါင်းချိတ်ဆက်နိုင်မှုအားကောင်းခြင်းဖြင့်အမျိုးသမီးများ လယ်ယာလုပ်ငန်းခွင်ကို ဦးဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်းကရင်ပြည်နယ်ဘားအံမြို့နယ် သာယာကုန်းကျေးရွာမှ အမျိုးသမီးတောင်သူတစ်ဦးဖြစ်သူ ဒေါ်မြဝေက ပြောသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် စိုက်ပျိုးထုတ်လုပ်နိုင်သည့် မြေဧရိယာပေါ်များသော်လည်း လယ်လုပ်သူနှင့် လယ်ယာလုပ်သားရှားပါးမှု၊ အထွက်နှုန်းလျော့ကျမှုကြောင့် လယ်ယာလုပ်ငန်းများလျော့နည်းလာမှုကိုလျှော့ချနိုင်ရန်အတွက် အဆိုပါဒေသများတွင် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်ကို အမျိုးသမီးများဦးဆောင်နိုင်သည့်လုပ်ငန်းခွင်ဖြစ်လာစေရန်နှင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုလုံးကိုထောက်ပံ့ချိတ်ဆက်နိုင်ပေးသည့် အစီအမံများဆောင်ရွက်နေကြောင်း Mennonite Economic Development Associatesမှ အကြီးတန်းပရိုဂရမ်မန်နေဂျာ စောစေးထူးက ပြောသည်။

**ဇာနည်မောင်**

■

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် သင်တန်းဖွင့်



**သထုံ ဖေဖော်ဝါရီ ၁၄**

သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ကျေးရွာ ၁၈ ရွာအား နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (Annual Village Investment Plan) သင်တန်းကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သထုံခရိုင် ကျေးလက်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းကအဖွင့်အမှာစကားပြောကြားပြီး သထုံမြို့နယ် ကျေးလက်မှ ဒုတိယဦးစီးမှူး ဒေါ်ယဉ်သူဇာက သင်တန်းနှင့်ပတ်သက်၍ ကျေးရွာများ၏ ပကတိလိုအပ်ချက်များ၊ စီမံချက်လုပ်ငန်းများ၏ အခက်အခဲပြဿနာ အကြောင်းအရင်းများကို ရှင်းလင်းပြောပြသွားကြောင်း သိရသည်။ **မိုးဝင်း**

# နိုင်ငံတကာအဆင့်မီဆင်ပြတိုက် ဖွင့်လှစ်မည်



**ညောင်ဦး ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အနောက်ပုလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားသည့် ပလင်းကမ်းသာယာ ဆင်စခန်းဝင်းတွင် နိုင်ငံတကာအဆင့်မီ ပလင်းကမ်းသာယာဆင်ပြတိုက် မကြာမီဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၃ ရက်က ပလင်းကမ်းသာယာ ဆင်စခန်း တာဝန်ခံ ဦးမျိုးမင်းကို (လက်ထောက်မန်နေဂျာ)ထံမှ သိရသည်။

ပလင်းကမ်းသာယာဆင်စခန်းဝင်းတွင်းရှိ ဆင်ပြတိုက်ကြီးတွင် ဆင်တို့ဖြစ်တည်လာပုံ သမိုင်းအကြောင်း၊ ဆင်များနေထိုင် ကျက်စားမှု၊ အာရှဆင်နှင့် အာဖရိကဆင်တို့၏ခြားနားချက်၊ ဆင်စွယ်အကြောင်းသိကောင်းစရာ၊ မြန်မာနိုင်ငံမှ ဆင်ဖြူတော်များ၊ တောဆင်ရိုင်းများ ကာကွယ်ရေးနှင့် ဆင်နှင့်လူပဋိပက္ခများ ဖြေရှင်းရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းပြကွက်များ၊ ဆင်ဦးစီးများ အသုံးပြုသည့်အမိန့်ပေးသံများ (စကားလုံးများ) လေ့လာနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

အဆိုပါပြတိုက်တွင် ဆင်များကိုထိန်းချုပ်ခိုင်းစေရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများ၊ တောတွင်းဆင်ဝန်ထမ်းများနေထိုင်သည့် ဆင်ဝိုင်းပုံစံငယ်အိမ်များ၊ ဆင်ဦးစီးများ၏ တောတွင်းနေထိုင်မှုဘဝ စသည့်ဗီဒီယိုဖိုင်များ ပြသသွားမည်ဖြစ်သည်။

ဧရာဝတီမြစ်ဘက် အထွက် လေညင်းခံတံတား တည်ဆောက်နေရာ စုစုပေါင်း တံတားအရှည်ပေ ၁၃၀၊ တံတားလျှောက်လမ်းခန်းပွင့်အကျယ် ၅ပေ၊ ဆင္ဒဂံဆောင်အခန်းဖွင့်အကျယ် ခြောက်ပေ၊ တံတားတိုင် ၈၃ လုံး(ကျွန်းတိုင်)များဖြင့် တည်ဆောက်ပြီး ဆင်ပြတိုက်နှင့်အတူ ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိသည်။

**ကိုထိန်(ငါ့သရောက်)**

## သတင်းစုံကဏ္ဍ

### ရေတာရှည်တွင် သံဂဟေဆက်နှင့် သံပန်းသင်တန်းဖွင့်လှစ်

**ရေတာရှည်**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံဂဟေဆက်နှင့် သံပန်းပြုလုပ်ခြင်းသင်တန်းအမှတ်စဉ် (၃/၂၀၂၀) ကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီက တောင်ငူမြို့နယ် ကံရိုးကျေးရွာရှိ အစိုးရနည်းပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရေတာရှည်မြို့နယ် တိမွေးကုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကြည်လင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီး ဦးကျော်မင်းလတ်က သင်တန်းတွင်ပါဝင်သည့် သင်ခန်းစာဘာသာရပ်များနှင့် သင်တန်းမှရရှိလာမည့် ပညာများဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွန့်က သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့ပြီး ၁၅ ရက်ကြာမြင့်မည့်သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်လျက်ရှိကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**

### ပဲခူးမြို့နယ်၌ စွမ်းအားမြင့်မီးဖိုများ အခမဲ့ဖြန့်ဖြူး

**ပဲခူး**

ပဲခူးမြို့နယ်အတွင်းရှိ လျှပ်စစ်မီးမရရှိဘဲ ထင်းမီးသုံးစွဲနေသည့် ကျေးရွာအုပ်စု ၃၆ အုပ်စုရှိ အိမ်ထောင်စု ၁၅၈၉၀ အား နှစ်ကြိမ်ခွဲ၍ စွမ်းအားမြင့်မီးဖိုများ အခမဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး ပထမအကြိမ်အနေဖြင့် ကျေးရွာအုပ်စု ၁၅ အုပ်စုရှိ အိမ်ထောင်စု ၇၉၄၅ စုအား ကျေးရွာများအရောက် ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ပဲခူးမြို့နယ်အတွင်းရှိ ထင်းမီးသုံးစွဲနေသည့်ကျေးရွာများသို့ စွမ်းအားမြင့်မီးဖိုများကို ပဲခူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ သွားရောက်ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်းသိရသည်။

**ဌေးနိုင်(ပဲခူး)**

### ခရမ်းမြို့နယ်တွင် မူခင်းအသိပညာပေးဟောပြော

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပိန်းကန်နယ်မြေရဲကင်းစခန်းမှူး ရဲအုပ်လမင်းထွန်းသည် ဖေဖော်ဝါရီ ၈ ရက် ညနေ ၅ နာရီခွဲက ပိန်းကန်စံပြကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မူခင်းအသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

### ကျောက်ကပ်ဆေးစက်ဝယ်ယူရန် ငွေလှူဒါန်း

**သီပေါ**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပြည်သူ့ဆေးရုံ အာယုဒါန ကျောက်ကပ်သန့်စင်ဌာနအတွက် ကျောက်ကပ်ဆေးစက်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူနိုင်ရန် အလှူရှင်ငါးဦးက ငွေကျပ်သိန်း ၅၀ မတည်လှူဒါန်းပြီး အလှူရှင် ၈၅ ဦးတို့က ဖေဖော်ဝါရီ ၁၃ ရက် အထိ ငွေကျပ် ၁၈၅ သိန်းကျော်ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

သီပေါမြို့နယ်မှ ကျောက်ကပ်ရောဂါဝေဒနာရှင်များအနေဖြင့် ရန်ကုန်၊ မန္တလေးမြို့များသို့ သွားရောက်ကာ ကျောက်ကပ်ဆေးကြောကုသခြင်းများ ဆောင်ရွက်ခဲ့ကြရပြီး ယခုအခါ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် နှမ်းပါးသူဝေဒနာရှင်များ ကုသခွင့်ရရှိကြတော့မည်ဖြစ်သဖြင့် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**



ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက သုံးခွမြို့နယ် အောင်ဘုံသာကျေးရွာ မူလတန်းကျောင်း၌ မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်နိုင်ဦးက မူခင်းအသိပညာပေး ဟောပြောစဉ်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



## သန်လျင်၌ ပရိယတ္တိတံခွန်စာမေးပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အစိုးရပထမပြန်နှင့် ဓမ္မာစရိယအထောက်အကူပြု ပရိယတ္တိတံခွန်စာမေးပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက်ရှိ မဟာခေမိကာရာမ ရွှေကျောင်စာသင်တိုက်၌ ကျင်းပသည်။

ယင်းနေ့ကျင်းပသော အစိုးရပထမပြန်နှင့် ဓမ္မာစရိယအထောက်အကူပြု ပရိယတ္တိတံခွန်စာမေးပွဲသို့ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်များမှ စာဖြေသံဃာနှင့် သီလရှင် ၄၅၁ ပါး ဝင်ရောက်ဖြေဆိုကြကြောင်းသိရသည်။

**သန်းဝင်း(သန်လျင်)**

## သတင်းစုံကဏ္ဍာ

### ကာယဗလနှင့် ဝတ်စားဆင်ယင်မှုဖက်ရှင်ပြိုင်

**ဂန့်ဂေါ**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကာယဗလနှင့် ဝတ်စားဆင်ယင်မှု ဖက်ရှင်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ည ၆ နာရီက ဂန့်ဂေါမြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ကာယဗလပြိုင်ပွဲများနှင့် ဝတ်စားဆင်ယင်မှုပြိုင်ပွဲ ဆုရရှိကြသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီသန်းက ဆုများချီးမြှင့်ကြသည်။

**စိန်ကျော်**

### ဉာဏ်စမ်းပဟေဠိနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

**ငါ့သရောက်**

မြန်မာနိုင်ငံကလေးများနေ့(ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့)အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် ဖေဖော်ဝါရီ ၁၃ရက် နံနက် ၁၀ နာရီက ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများသို့ ငါ့သရောက်မြို့ တောင်ကုန်းရပ် အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုထိန် (ငါ့သရောက်)**

### မှူခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြော

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့မရဲစခန်းမှ ဒုရဲအုပ်အောင်မြင့်မော်၊ ယာဉ်ထိန်းတပ်ဖွဲ့စု (၃၇) မှ ဒုရဲမှူးကျော်ဆန်းဦးနှင့် တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက သာကေတမြို့နယ် အထက (၁) ကျောင်းဝင်းအတွင်း မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## ရန်ကုန်၌ မြန်မာနိုင်ငံကလေးများနေ့အခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာနက ကြီးမှူးပြီး မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ International Business Centre (IBC)၌ ကျင်းပသည်။

ထာဝရလမ်းပြကြယ်သီချင်းဖြင့် သီဆိုဖျော်ဖြေသည့် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန အောက်ရှိမူကြိုကျောင်းများမှ ရင်သွေးငယ်လေးများအား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက မြန်မာနိုင်ငံကလေးများနေ့ ဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်တို့က ပွဲဖြစ်မြောက်ရေးအတွက် လှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုလွှာများပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြန်မာနိုင်ငံ ကလေးများနေ့အကြို ကာယစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိကြသည့်ကလေးငယ်များအား ဆုများပေးအပ်သည်။

ယင်းနေ့ကျင်းပသည့် မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားတွင် မူကြိုကျောင်းများမှ ကလေးငယ်များက တေးသီချင်းများ၊ အကများဖြင့် ပျော်ရွှင်စွာ သီဆိုကပြဖျော်ဖြေကြသည်။

ထို့ပြင် မြန်မာနိုင်ငံကလေးများနေ့ အကြိုလှုပ်ရှားမှုအဖြစ် လူမှုဝန်ထမ်း ဦးစီးဌာန လက်အောက်ရှိ မူကြိုကျောင်းများမှ ကလေးငယ်လေးများအား ပြင်ပလေ့လာရေးခရီး ပို့ဆောင်ပေးခြင်း၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ အကနှင့် ကဗျာပြိုင်ပွဲများနှင့် သီချင်းဆိုပြိုင်ပွဲများကိုလည်း ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနက ပြုလုပ်ပေးခဲ့ကြောင်း ယင်းနေ့အခမ်းအနားမှ သိရသည်။

**စိမ်းခက်**



## လှိုင်ကော်၌ မြန်မာနိုင်ငံကလေးများနေ့အခမ်းအနား ကျင်းပ

**လွိုင်ကော် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံ ကလေးများနေ့ (ဗိုလ်ချုပ်အောင်ဆန်း၏ ၁၀၅ နှစ်မြောက် မွေးနေ့) အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူက "ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဖြူစင်ရိုးသားပွင့်လင်းတဲ့စိတ်၊ ကိုယ်ကျိုးမဖက်တဲ့စိတ်၊ နိုင်ငံချစ်စိတ်နဲ့ စွန့်လွှတ်စွန့်စားအနစ်နာခံတတ်တဲ့စိတ်တွေကို ရင်သွေးငယ်လေးများ အတုယူအားကျပြီး ကြိုးစားချင်တဲ့ ဗိုလ်ချုပ်လို စိတ်ဓာတ်တွေရရှိစေဖို့ ဗိုလ်ချုပ်မွေးနေ့မှာ မြန်မာနိုင်ငံကလေးများနေ့ကို တစ်နိုင်ငံလုံး စည်ကားသိုက်မြိုက်စွာ ကျင်းပပေးလျက်ရှိပါတယ်။ ကလေးတွေအပေါ် မေတ္တာ၊ စေတနာ၊ ကရုဏာ၊ အကြင်နာတို့ ထားရှိကာ ကလေးသူငယ်တိုင်း ဖွံ့ဖြိုးတိုးတက်ရေး ကာကွယ်စောင့်ရှောက်မှုပေးရေးတို့ကို ပိုမိုအားရုံစိုက် ပူးပေါင်းဆောင်ရွက်ကြပြီး ကလေးများရဲ့ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ပေးကြပါ" ဟု ပြောသည်။




ထို့နောက် မြန်မာနိုင်ငံကလေးများနေ့ (ဗိုလ်ချုပ်အောင်ဆန်း၏ ၁၀၅ နှစ်မြောက်မွေးနေ့) အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိသည့် ရင်သွေးငယ်ကလေးများနှင့် ကပြဖျော်ဖြေခဲ့သည့် ရင်သွေးငယ်လေးများအား ပြည်နယ်ဝန်ကြီး ဦးခင်မောင်ဖြူနှင့် တာဝန်ရှိသူများက ဆုများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

**ကိုစိုင်း(လွိုင်ကော်)**

## ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံး အဆောက်အဦပန္နက်တင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံး (၁၂၀ x ၅၆) ပေ R.C.C သုံးထပ် ရုံးအဆောက်အဦ ဆောက်လုပ်ရန်အတွက် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိလမ်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအကြား ရုံးအမှတ်(၆)အနီး၌ ကျင်းပသည်။

ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဝင်း၊ အတွင်းရေးမှူး ဦးခင်ဇော်နှင့် အဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဇော်နှင့် တာဝန်ရှိသူများက ပန္နက်တင်ပေးခဲ့ကြောင်း သိရသည်။

**စုလှိုင်**

## ကျိုင်းတုံမြို့ သာယာလှပရေး ဆွေးနွေး

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာရေးခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းတင်ပြ

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးနှင့် ကျိုင်းတုံခရိုင် အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းတို့က အမှာစကားပြောကြားပြီး ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်တို့က နာရီစင်တည်ဆောက်နိုင်ရေး၊ နောင်တုံကန် သန့်ရှင်းသာယာလှပရေး၊ နောင်ခမ်းကန် အဆင့်မြှင့်တင်နိုင်ရေး၊ မြို့တွင်းလမ်းများအဆင့်မြှင့်တင်ရေး၊ ကျေးရွာလမ်းများနှင့် ပတ်ဝန်းကျင်သာယာလှပရေး၊ ASEAN Clean Tourist City Standard မြို့တွင် ပါဝင်နိုင်စေရန် ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ဆွေးနွေး

ထို့နောက် တက်ရောက်လာကြသည့်ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ မြို့မိဖြိုဖများ၊ ထိုင်းနိုင်ငံမှဖိတ်ကြားထားသည့် ဗိသုကာပညာရှင်တို့က ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ အကြံပြုရှင်းလင်းတင်ပြဆွေးနွေးကြကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## မြန်မာ့ဖရဲ၊ သခွားမွှေးပွဲတော် မြေပဒေသာကျွန်း၌ ငါးရက်ကြာ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာ့ဖရဲ၊ သခွားမွှေးပွဲတော်ကို ရန်ကုန်မြို့ မြေပဒေသာကျွန်းရှိ ဆင်ရုပ်ကြီးရှေ့နေရာတွင် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ပွဲတော်တွင် မြန်မာနိုင်ငံမှထွက်ရှိသော ဖရဲ၊ သခွားမွှေးမျိုးစုံကို ခင်းကျင်းပြသခြင်း၊ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချခြင်းများအပြင် စားသုံးသူများအနေဖြင့် ဖရဲသခွားမွှေးများ များများဝယ်ယူပါက အထူးဝန်ဆောင်မှုအဖြစ် အိမ်အရောက်ပို့ဆောင်ပေးမည့် အစီအစဉ်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်တွင် ဖရဲ၊ သခွားမွှေးသာမက တခြားသီးနှံများပါ ဆိုင်ခန်းပေါင်း ၃၀ ခန့်ဖြင့် ဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။

ထိုသို့ ပွဲတော်ကျင်းပခြင်းကြောင့် စားသုံးသူပြည်သူများအနေဖြင့် ပြည်တွင်း စိုက်ပျိုးသည့် ဖရဲ၊ သခွားအမျိုးအစားများနှင့် စိုက်ပျိုးသည့်ဒေသများပါ လေ့လာနိုင်သည့်အပြင် ဝယ်လက်များအနေဖြင့် သီးနှံများကို မြည်းစမ်း၍ နိုင်ငံခြားတင်ပို့ရန် ဈေးကွက်များရရှိနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ပြောသည်။

ပွဲတော်ကျင်းပပြီးပါကလည်း တောင်သူနှင့် ကုန်သည်များအနေဖြင့် ယင်းနေရာတွင် ရောင်းချမည်ဆိုပါက ဆက်လက်ရောင်းချခွင့်ကို တိုင်းဒေသကြီးအစိုးရက ခွင့်ပြုထားကြောင်း မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများဇဟိုအသင်းဥက္ကဋ္ဌ ဦးနိုင်ဝင်းက ပြောသည်။

မြန်မာနိုင်ငံတွင် ကယားနှင့် ချင်းပြည်နယ်မှလွဲ၍ စိုက်ပျိုးလျက်ရှိသော ဖရဲနှင့် သခွားမွှေးများသည် လာမည့်မေလကုန်အထိ သီးနှံများထွက်ရှိမည်ဖြစ်ကာ တစ်နှစ်လျှင် ဖရဲတန်ချိန် ရှစ်သိန်းကျော်နှင့် သခွားမွှေးတန်ချိန် တစ်သိန်းခွဲကျော် တင်ပို့လျက်ရှိကြောင်းသိရသည်။

**ငြိမ်းငြိမ်း**




ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းဟာ ၂၀၂၁ ခုနှစ်မှာ ရီးယဲလ်မက်ဒရစ်အသင်းဆီသို့ တိုက်စစ်မှူး အမ်ဘတ်ပီ ပြောင်းရွှေ့ကစားဖို့ရှိနေတာကြောင့် ရီးယဲလ်မက်ဒရစ်သို့ မပြောင်းရွှေ့ရေး တစ်နှစ်လျှင် ပေါင် ၄၁ သန်း ပေးဖို့ ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။

ပီအက်စ်ဂျီအသင်းအနေနဲ့ အခုနှစ်နွေရာသီမတိုင်ခင်မှာ တိုက်စစ်မှူးအမ်ဘတ်ပီအား စာချုပ်သစ်ချုပ်ဆိုဖို့ ပစ်မှတ်ထားနေတာဖြစ်ပြီး ကမ္ဘာ့နာမည်ကြီး တိုက်စစ်မှူးတွေဖြစ်တဲ့ လီယွန်နယ်မက်ဆီနဲ့ စီရိုနယ်လ်ဒိုတို့ရဲ့ လစာနှုန်းထားအတိုင်း ပေးသွားဖို့လည်း ဆန္ဒရှိနေတယ်လို့ ဆိုပါတယ်။

တိုက်စစ်မှူးအမ်ဘတ်ပီဟာ ၂၀၁၈ ခုနှစ်က ပြင်သစ်အသင်းနဲ့အတူ ကမ္ဘာ့ဖလားချန်ပီယံဆုဖလားရယူပေးနိုင်ခဲ့ပြီးနောက် စပိန်လာလီဂါထိပ်တန်းကလပ် ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့မယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အမ်ဘတ်ပီရဲ့လက်ရှိပီအက်စ်ဂျီအသင်းနဲ့ စာချုပ်သက်တမ်းဟာ ၁၂ လ ကျန်ရှိနေသေးတာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်က ၂၀၂၁ ခုနှစ်အတွင်းမှာ အသက် ၂၁ နှစ်အရွယ် အမ်ဘတ်ပီကိုစာချုပ်ချုပ်ဆိုခေါ်ယူသွားဖို့ စီစဉ်နေတယ်လို့ စပိန်သတင်းဌာန အေအက်စ်က ဖော်ပြထားပါတယ်။

လက်ရှိ ပီအက်စ်ဂျီအသင်းမှာ ဘရာဇီးတိုက်စစ်မှူးနေမာက တစ်ပတ်လုပ်ခလစာ ပေါင် ခြောက်သိန်းရရှိနေချိန်မှာ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီက တစ်ပတ်လုပ်ခလစာ ပေါင် ၃၇၅၀၀၀ သာ ရရှိထားတာဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းက နောက်ထပ်ချုပ်ဆိုဖို့ စီစဉ်ထားတဲ့ စာချုပ်သစ်အစီအစဉ်အရ တိုက်စစ်မှူးအမ်ဘတ်ပီဟာ တစ်ပတ်လုပ်ခလစာ ပေါင် ၇၅၀၀၀၀ ရရှိမှာဖြစ်တယ်လို့လည်း သိရပါတယ်။ အမ်ဘတ်ပီဟာ အခုနှစ်ဘောလုံးရာသီမှာ ပီအက်စ်ဂျီအသင်းအတွက် ၁၇ ပွဲမှာ ၂၃ ဂိုး သွင်းယူပေးထားတာ ဖြစ်ပါတယ်။

# မန်ယူအသင်းက မောက်ဆာဒမ်ဘီလီအား ပေါင်သန်း ၆၀ ဖြင့် ခေါ်ယူမည်ဟုဆို


မန်ယူအသင်းဟာ လိုင်ယွန်အသင်းတိုက်စစ်မှူး မောက်ဆာဒမ်ဘီလီကို ပြောင်းရွှေ့ကြေးပေါင်သန်း ၆၀ နဲ့ ခေါ်ယူဖို့ မီးစိမ်းပြလိုက်ပြီလည်း ဖြစ်ပါတယ်။ မန်ယူအသင်းဟာ အသင်းရဲ့ တိုက်စစ်ပိုင်းမှာ တိုက်စစ်မှူးရက်ရှ်ဖို့ဒ်နဲ့ တိုက်စစ်မှူးမာရှယ်လ်တို့အပေါ် ကျရောက်နေတဲ့ ဝန်ထုပ်ဝန်ပိုးကို လျော့ကျစေဖို့အတွက် နွေရာသီအပြောင်းအရွှေ့ ဈေးကွက်အတွင်းမှာ တိုက်စစ်ကစားသမားတစ်ဦးကို ခေါ်ယူဖို့လည်း စီစဉ်ထားတာ ဖြစ်ပါတယ်။

ဒါကြောင့် မန်ယူအသင်းအကြီးအကဲ အက်ဒ်ဝုဒ်ဝက်ဒ်က လိုင်ယွန်အသင်းမှ အသက် ၂၃ နှစ်အရွယ် တိုက်စစ်မှူး မောက်ဆာဒမ်ဘီလီကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပြီး လိုင်ယွန်အသင်းကလည်း နွေရာသီဈေးကွက်အတွင်းမှာ မောက်ဆာဒမ်ဘီလီကို အသင်းကနေ ထွက်ခွာခွင့်ပြုမယ်လို့လည်း ပြောကြားထားပါတယ်။

တိုက်စစ်မှူး မောက်ဆာဒမ်ဘီလီကို ချယ်လ်ဆီးအသင်းကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတာ ဖြစ်ပါတယ်။ မောက်ဆာဒမ်ဘီလီဟာ ၂၀၁၈ ခုနှစ်က ဆဲလ်တစ်အသင်းကနေ ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ နဲ့ လိုင်ယွန်အသင်းက ခေါ်ယူခဲ့တာဖြစ်ပြီး အဲဒီအချိန်က စလို့ လိုင်ယွန်အသင်းအတွက် ၈၂ ပွဲ ပါဝင်ကစားပေးထားကာ သွင်းဂိုး ၃၉ ဂိုးအထိ သွင်းယူပေးထားတာ ဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့ မောက်ဆာဒမ်ဘီလီကို ခေါ်ယူဖို့အတွက် ချယ်လ်ဆီးအသင်းကို ကျော်ဖြတ်နိုင်လိမ့်မယ်လို့ ယုံကြည်ထားပြီး တစ်ပတ်လုပ်ခလစာ ပေါင်တစ်သိန်းခွဲအထိ ပေးမယ်လို့လည်း ဆိုပါတယ်။ မန်ယူအသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ ဂိုးရဖို့ရုန်းကန်နေရတာဖြစ်ပြီး ဩဂုတ်လအတွင်းက တိုက်စစ်မှူးလူကာကူ အင်တာမီလန်အသင်းဆီ ပြောင်းရွှေ့သွားပြီးနောက် အစားထိုးကစားသမား မခေါ်ယူနိုင်ခဲ့ခြင်းကလည်း မန်ယူအသင်းရဲ့ရလဒ်ပိုင်းကို အပြောင်းအလဲ ဖြစ်စေခဲ့တယ်လို့လည်း နည်းပြဆိုးရှားက ယုံကြည်ထားတာဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့ တိုက်စစ်မှူး မောက်ဆာဒမ်ဘီလီကို ခေါ်ယူဖို့စီစဉ်နေတဲ့အပြင် အင်တာမီလန်အသင်း တိုက်စစ်မှူး လော်တာရိုမာတီနက်ဇ်ကိုလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။



ငွေကြယ် ရေးသားသည်

❍ ဖူဆယ်လိဂ်မှ

ချန်ပီယံဆုအတွက် ၆၁ မှတ်စီရထားသည့် VUC နှင့် MIU အသင်းတို့ အပြိုင်ဖြစ်နေပြီး ပထမအကျော့အဝေးကွင်းတွင် နှစ်ဂိုးသွင်းပြီး သရေကျထားသည့်အပြင် ဂိုးကွာခြားချက်တွင် အသာရထားသည့် VUC အသင်းက အနည်းငယ် အသာရနေသည်။ ပြိုင်ပွဲစည်းမျဉ်းအရ ရမှတ်တူပါက နှစ်သင်းထိပ်တိုက် တွေ့ဆုံမှုစည်းမျဉ်းဖြင့် ဆုံးဖြတ်မည်ဖြစ်ရာ လက်ရှိ ချန်ပီယံ MIU အသင်းသည် အနိုင်ကစားရန်လိုအပ်နေသလို သုံးဂိုးနှင့်အထက် သရေကျမှသာ ချန်ပီယံဆု ကာကွယ်နိုင်မည်ဖြစ်သည်။ နှစ်သင်းစလုံးတွင် နိုင်ငံခြားသားကစားသမားများ ပါဝင်နေသည့်အပြင် လက်ရွေးစင်အဆင့် ကစားသမားအများဆုံး ပါဝင်နေသောကြောင့် ခြေစွမ်းအရ ကွာခြားမှုမရှိဘဲ အမှားများသည့်အသင်းက ရှုံးပွဲကြုံတွေ့သွားနိုင်ပေသည်။

ပွဲစဉ် (၂၂) အခြားပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲတွင် Winner အသင်းနှင့် Dream Team အသင်း၊ နံနက် ၉ နာရီတွင် လက်ဝဲသုန္ဒရအသင်းနှင့် Do Do Ko Ko အသင်း၊ နံနက် ၁၀ နာရီခွဲတွင် GV အသင်းနှင့် ဖူဆယ် ချစ်သူအသင်း၊ မွန်းတည့် ၁၂ နာရီတွင် AMM Brothers အသင်းနှင့် On Doctor အသင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် မြို့မ JY အသင်းနှင့် MFF ယူ-၁၉ အသင်း၊ ညနေ ၃ နာရီတွင် VUC အသင်းနှင့် MIU အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

VUC နှင့် MIU အသင်းတို့ ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင် ၁၂ သင်းစလုံးကို ဆုကြေးငွေများ ချီးမြှင့်မည်ဖြစ်သည်။ ပထမဆု ကျပ်သိန်း ၁၀၀၊ ဒုတိယဆု ကျပ် ၇၅ သိန်း၊ တတိယဆု ကျပ်သိန်း ၆၀၊ စတုတ္ထဆု ကျပ်သိန်း ၄၀၊ ပဉ္စမဆု ကျပ် ၂၅ သိန်း၊ အဆင့် ၆၊ ၇ အသင်းကို ကျပ်သိန်း ၂၀ စီ၊ အဆင့် ၈ အသင်းကိုကျပ် ၁၅ သိန်း၊ အဆင့် ၉ အသင်းကို ကျပ် ၁၀ သိန်းနှင့် ကျန်သုံးသင်းကို ကျပ်ငါးသိန်းစီ ချီးမြှင့်မည်ဖြစ်သည်။ ထို့ပြင် အကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံးဂိုးသမားဆုနှင့် အသန့်ရှင်းဆုံးအသင်းဆုလည်း ချီးမြှင့်မည်ဖြစ်သည်။

ဖူဆယ်လိဂ်ပြိုင်ပွဲတွင် MIU (ယခင် MIC) အသင်းက သုံးကြိမ်၊ ACE အသင်းက နှစ်ကြိမ်၊ PU အသင်းကတစ်ကြိမ် ဗိုလ်စွဲထားသည်။ ပွဲစဉ် (၂၁) အပြီးတွင် VUC နှင့် MIU အသင်းတို့နောက်၌ GV အသင်းက ၅၁ မှတ်၊ On Doctor အသင်းက ၃၆ မှတ်၊ Winner အသင်းနှင့် မြို့မ JY အသင်းတို့က ရမှတ် ၃၀ စီ၊ MFF ယူ-၁၉ အသင်းက ၂၈ မှတ်၊ Do Do Ko Ko အသင်းက ၂၆ မှတ်၊ Dream Team က ၂၂ မှတ်၊ AMM Brothers အသင်းက ၁၁ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ခုနစ်မှတ်၊ လက်ဝဲသုန္ဒရအသင်းကခြောက်မှတ်ရရှိထားသည်။

သတင်း-ရှိုင်းထက်ဇော်

❂ မြန်မာ့လက်ရွေးစင်အသင်းမှ

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် မတ် ၂၆ ရက်တွင် ဂျပန်အသင်းနှင့် အဝေးကွင်း၊ မတ် ၃၁ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းခြေစစ်ပွဲတွင် သုံးပွဲဆက်အရေးနိမ့်ခဲ့သော်လည်း နောက်ဆုံးနှစ်ပွဲ ပြန်လည်အနိုင်ရကာ အုပ်စုအောက်ဆုံးမှ အဆင့် (၄) နေရာသို့ တက်လှမ်းနိုင်ခဲ့ပြီး အဆင့်ရပ်တည်မှု ပိုမြင့်မားစေရန် လာမည့်ပွဲများတွင် ရလဒ်ကောင်းရန် လိုအပ်နေသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ငါးပွဲကစား ခြောက်မှတ်ရထားပြီး သုံးပွဲထပ်မံကစားရမည်ဖြစ်ကာ မတ်လတွင် နှစ်ပွဲကစားပြီးပါက နောက်ဆုံးပွဲကို ဇွန်လမှသာ ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လက်ရှိနည်းပြ အန်တွမ်နီဟေးလက်ထက်တွင် ရလဒ်ကောင်းများ ရရှိနေပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲနှစ်ပွဲစလုံး အနိုင်ရထားသလို နီပေါလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲတွင်လည်း အနိုင်ရထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၉ ခုနှစ်အတွင်း ကစားခဲ့သည့် နိုင်ငံတကာခြေစမ်းပွဲများတွင် နိုင်ပွဲနှစ်ပွဲသာရှိခဲ့ပြီး နိုဝင်ဘာလတွင် နီပေါအသင်းနှင့် နောက်ဆုံးကစားခဲ့ရာ သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲနှစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲ အနည်းဆုံးကစားနိုင်ရန် ကြိုးပမ်းနေပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ခြေစမ်းပွဲကစားရန် အာရှဒေသတွင်းမှ လက်ရွေးစင်အသင်းများကို ဖိတ်ကြားလျက်ရှိသည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-စိုးညွန့်

## အနုပညာ

# ချစ်သူများနေ့အထိမ်းအမှတ် တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်ခဲ့တဲ့ ဂျက်စတင်ဘီဘာ


ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာဟာ တေးအယ်လ်ဘမ်သစ် မထွက်ရှိခဲ့တာ အချိန်အတော်ကြာခဲ့ပြီဖြစ်ပြီး လတ်တလောမှာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်ပေးခဲ့ကြောင်း အီးတီအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်ရဲ့ ချစ်သူများနေ့မှာ ဂျက်စတင်ဘီဘာက ပရိသတ်တွေကို တေးအယ်လ်ဘမ်သစ် လက်ဆောင်ပေးခဲ့ပါတယ်။ ဖေဖော်ဝါရီ ၁၄ ရက် စတင်ချိန်မှာပင် ဂျက်စတင်ဘီဘာက သူ့ရဲ့တေးအယ်လ်ဘမ်သစ် “Changes” ကို စတင်ထုတ်လွှင့်ပေးခဲ့တာပါ။ အဆိုပါ တေးအယ်လ်ဘမ်ဟာ ငါးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ထုတ်လွှင့်တဲ့ သူ့ရဲ့တေးအယ်လ်ဘမ်သစ်လည်း ဖြစ်ပါတယ်။

တေးအယ်လ်ဘမ်သစ် မထုတ်လွှင့်မီ ဂျက်စတင်ဘီဘာက တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ “Yummy”၊ “Get Me” နဲ့ “Intentions” တေးသီချင်းသုံးပုဒ်ကို ဦးစွာထုတ်လွှင့်ပေးခဲ့ပါတယ်။ ဒီတေးအယ်လ်ဘမ်မှာ ဂျက်စတင်ဘီဘာနဲ့အတူ အခြားသော နာမည်ကျော် တေးသံရှင်တွေဖြစ်ကြတဲ့ ပို့စ်မယ်လွန်၊ ထရားဗစ်စကော့ထ်၊ လဲဒစ်ကီတို့နဲ့ တွဲဖက်သီဆိုထားတဲ့ တေးသီချင်းတွေလည်း ပါဝင်ကြောင်း သိရပါတယ်။

အေးပြည့် -စုစည်းသည်

# ဘီလီအဲလစ်ရှ်ရဲ့ ဂျိမ်းစ်ဘွန်းဇာတ်ဝင်တေးသီချင်း စတင်ထုတ်လွှင့်



ကမ္ဘာကျော်တေးသံရှင်တစ်ဦးဖြစ်သူ ဘီလီအဲလစ်ရှ်ဟာ ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ်အတွက် ဇာတ်ဝင်တေးကို ပါဝင်သီဆိုထားပြီး အဆိုပါ တေးသီချင်းကို လတ်တလောမှာ စတင်ထုတ်လွှင့်ပေးခဲ့ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ် နှစ်စပိုင်းမှာ ဘီလီအဲလစ်ရှ်ဟာ ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ် No Time To Die ရဲ့ ဇာတ်ဝင်တေးကို သီဆိုပေးသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဖေဖော်ဝါရီ ၁၃ ရက်မှာ No Time To Die တေးသီချင်းကို စတင်ထုတ်လွှင့်ခဲ့ပြီး ဒီတေးသီချင်းမှာ ဘီလီအဲလစ်ရှ်ဟာ သူ့ရဲ့အစ်ကိုဖြစ်သူနဲ့ တွဲဖက်ဖန်တီးထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

အသက် ၁၈ နှစ်အရွယ် ဂရမ်မီဆုရှင် ဘီလီအဲလစ်ရှ်က မကြာသေးမီက ကျင်းပခဲ့တဲ့ ဂရမ်မီဆုပေးပွဲမှာ ဂျိမ်းစ်ဘွန်းဇာတ်ဝင်တေး ရေးသားပြီးပြီဖြစ်ကြောင်း မီဒီယာကို ပြောကြားခဲ့ပါတယ်။ ဘီလီအဲလစ်ရှ်ဟာ ကမ္ဘာကျော် စုံထောက်ရုပ်ရှင် ဂျိမ်းစ်ဘွန်းရဲ့ အဓိကဇာတ်ဝင်တေးကို သီဆိုခွင့်ရခဲ့တဲ့ အသက်အငယ်ဆုံးသော တေးသံရှင်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါတယ်။ ဘီလီအဲလစ်ရှ်ကလည်း ဂျိမ်းဘွန်းဇာတ်ဝင်တေးရေးသားဖို့ဟာ သူ့ရဲ့အိပ်မက်တွေထဲက တစ်ခုဖြစ်ပြီး ဒီလိုရေးသားသီဆိုခွင့်ရခဲ့တဲ့အပေါ် အလွန်ဂုဏ်ယူမိကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

# ကျေးဇူးတင်ဂုဏ်ပြုခြင်း

၂၅-၁-၂၀၂၀ (၂၈)ကြိမ်မြောက် ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲအတွက် ကျပ်သိန်း(၃၀၀) နှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျပ်သိန်း(၆၀) လှူဒါန်းသော ဦးအောင်ကိုဝင်း +ဒေါ်နန်းသန်းထွေး (ဂျိန်းဖောအောင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်)တို့အား မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ မှ အထူးလိုက်လှဲစွာ ကျေးဇူးတင် ဂုဏ်ပြုအပ်ပါသည်။

MYANMAR INTERNATIONAL FURNITURE EXPO 2020

မြန်မာအင်တာနေရှင်နယ် ပရိဘောဂပြပွဲ ၂၀၂၀

ဖေဖော်ဝါရီ ၁၃ မှ ၁၆ အထိ (FEB 13-16)

တပ်မတော်ခန်းမ (Tatmadaw Hall)

home. design. living.

- 09 421153230 , 09 966576309, 09 250675969, 09 422451118

**မမ**

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။ 09-444880970

## လုံးချင်း အရောင်း/အငှားများအပ်နှံနိုင်ပါသည်

1. ဗဟန်း၊ ရန်ကင်းတွင် ဘိုးဘွားပိုင်မြေကွက် ဈေးတန်လုံးချင်း နောက်ထပ်အဝယ်ရှိသည်။
2. ရုံးခန်း၊ တိုက်၊ လုံးပြတ်အငှားများ အပ်နှံနိုင်ပါသည်။
3. စမ်းချောင်း၊ အလုံ၊ ကမာရွတ် လုံးချင်း ရုံးနှင့်စားသောက်ဆိုင်အငှား။

ပိုင်ရှင်တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ Agent:(Ph:09-428996688-Viber/Call)

## တက်နေဝန်း

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း

(10'/14")Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။

09-442076599
09-400448695
09-33100721

## နန်းထိုက်အောင်

အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း

လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမားနှင့် ကားစီစဉ်ပေးသည်။

09 3128 2593
09 3128 2594
09 3128 2595

## FAME အသိပေးအကြောင်းကြားခြင်း

FAME ဆေးဝါးများကို ဝယ်ယူအားပေးနေကြသည့် မန္တလေးမြို့နှင့် အထက်မြန်မာပြည်မှ ဆေးဆိုင်ကြီးများအနေဖြင့်

ရန်ကုန်ရုံးချုပ် ဖုန်းနံပါတ်

**09-43136775, 01-3682199, 3681908 သို့**

တိုက်ရိုက်ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်း လေးစားစွာဖြင့် အကြောင်းကြားအပ်ပါသည်။

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

## (၂၁)ကြိမ်မြောက် အထက(၃)စမ်းချောင်း အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့ အထက(၃)စမ်းချောင်းတွင် ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစားဆရာ/ဆရာမကြီးများအား နှစ်စဉ်ပူဇော်ပွဲကို ၂၀၂၀ခုနှစ်၊ မတ်လ ၂ ရက် (တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ပညာသင်ယူခဲ့ကြသော ကျောင်းသား/ကျောင်းသူအားလုံး စုံညီစွာ လာရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

(အလှူငွေများကို အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။)

| | | | |
|---|---|---|---|
| ဦးကံသာ | 09-420016062 | ဒေါ်ရီရီမေ | 09-896451494 |
| ဦးခင်ဝင်း | 09-785138233 | Mg Emmanuel David | 09-443642276 |
| ဦးကျော်သူ | 09-420054711 | မောင်အောင်ကျော်မိုး | 09-420044922 |

(AYA Bank Account-0095202010061408)

## Summit Int'l Learning Centre

No.91, Upper Kyeemyindaing Road, Yangon.
Ph : 01 7317321 , 09 450066812 , 09 73150347

**2020 Summer English 4~ Skills!**

**March, April & May**

Monday~ Friday Sessions — Opening on 5th March

Session I - 8:30 am ~ 11:30 am
Session II - 12:00 pm ~ 3:00 pm

Weekend Session (Sat~Sun) 9:00 am ~ 12:00 pm

- Critical Thinking & Problem Solving
- Reading & Writing
- Listening & Speaking
- Hands-on Activities
- Music & Sing Along
- Library Hunting Activity!
- Drawing & Art Painting Mon~ Fri & Weekend Classes!

Child Centered Approach (C.C.A) ... Activities ... Flow of Speech ... Sing Along နှင့် Public Speaking Practice ... Art နှင့် Activities ... Summer English 4~Skills Course ဖြစ်ပါသည်။(MACMILLAN, LONDON မှ Original Text Books များဖြင့် သင်ကြားပေးပါသည်။

... Mon~ Fri နှင့် Weekend ...

## ဇီဇဝါဥယျာဉ် ရေကူးကန်

ပျော်ပျော်ပါးပါးရေကူးသင်ကြစို့

သင်တန်းကာလ ၁၀. ၃. ၂၀၂၀ မှ ၉. ၄. ၂၀၂၀ ထိ

သင်တန်းကာလ ၂၁. ၄. ၂၀၂၀ မှ ၂၂. ၅. ၂၀၂၀ ထိ

ကြိုတင်စာရင်း ပေးသွင်းနိုင်ပြီ။

- ပါရမီဆရာများ ဦးစီးသည်။
- သင်တန်းသူ နည်းပြဆရာမရှိသည်။
- ကလေးငယ်ကန် သီးသန့်ရှိသည်။
- နေပူဒဏ်ကာကွယ်ရန် သစ်ခွစိမ်းအမိုးရှိသည်။
- ရေကူးတတ်ရန် အာမခံသည်။
- သင်တန်းသားဦးရေကန့်သတ်ထားသည်။

သံသုမာလမ်းမကြီး၊ တောင်ဥက္ကလာပမြို့နယ်။(ဘောလီတံတားအနီး)

Ph : 01 3564576, 01 3564577, 09 421040157

## ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ လက်ပန်ကျေးရွာ အထက(ခွဲ)လက်ပန် သတ္တမတန်းတွင် ပညာသင်ကြားနေသော မနှင်းအိဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဦး [၉/တကန(နိုင်)၁၀၄၇၄၅] ဖြစ်ပါကြောင်း။

**မစု**

ဒဂုံမြို့သစ်
(တောင်ပိုင်း)(ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်
ဖုန်း-09-450066170

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းနှင့်လူနေရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်-၁၃၁၆၊ အကျယ်အဝန်း(၂၄၀၀)စတုရန်းပေရှိ ဦးလှကြည် [၁၂/သကတ(နိုင်)၀၃၃၀၉၁]အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ဦးလှကြည်၏ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဇနီး ဒေါ်အေးအေးခိုင်[၁၂/သကတ(နိုင်) ၁၃၁၅၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုစရန်ငွေပေးချေခြင်းအပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်အေးအေးမြင့်(LL.B,D.B.L)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၂၈)
အမှတ်-၃၅၊ ၃-လွှာ၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၉၉၁၄၁

## ဒေါ်ထားထား
## အသက်(၈၀)
### အလက(၄)မင်္ဂလာဒုံ

ပြင်ဦးလွင်မြို့နေ (ဦးညို-ဒေါ်လှရင်)တို့၏ သမီး၊ ဟင်္သာတမြို့ နေ ဦးခင်မောင်သောင်း-(ဒေါ်စိန်စိန်)တို့၏ သမီးချွေးမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ပညာတန်ဆောင် (၃)လမ်း၊ အမှတ် (၂၂၀)နေ ဦးခင်မောင်ဝင်း၏ ချစ်လှစွာသောဇနီး၊ ဦးလင်းအောင်-ဒေါ်မော်မော်စိန်၊ ဦးတေဇဝင်း၊ ဦးမိုးဝင်း-ဒေါ်ခိုင်သဇင်၊ ဦးရဲဝင့်သူ-ဒေါ်စောဝေမာထွန်းတို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၃-၂-၂၀၂၀ ရက် ညနေ ၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၁၅-၂-၂၀၂၀ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်စန္ဒာအောင်
### မန်နေဂျာ(စီမံ-ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## အသက်(၆၃)နှစ်

အမှတ်(၂)ဂန္ဓမာလမ်း၊ ငွေကြာရံရိပ်သာ၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးအောင်သိန်း-ဒေါ်သန်းရီ)တို့၏ သမီး၊ ဦးရန်နိုင်ထွန်း(Chief Officer-R.C.L Shipping)၏ ချစ်လှစွာသောဇနီး၊ မလဲ့ဖြူထွန်း (ခေတ္တ-Atlanta U.S.A)၏ မိခင်၊ ဦးဇေယျာအောင်-ဒေါ်သူဇာဝေ၊ Mr. Hideo Sakai-ဒေါ်မေအောင်တို့၏ အစ်မ၊ ကိုဗညားအောင်(TMT Ports)-မမြပန်းချစ်၊ မသက်နှင်းဝေဝေ (Penninsula Hotel, Tokyo)တို့၏ တီတီကြီး၊ မမြဝါဆို၏ ဘွားဘွားဖြစ်သူ ဒေါ်စန္ဒာအောင်သည် ၁၃-၂-၂၀၂၀ ရက် ည ၁၀:၁၀ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၂၀ (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ [ကွယ် လွန်သူအားရည်စူး၍ ၁၉-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ဝေဝေတင့်
## အသက်(၅၄)နှစ်
### အထက-၁၊ မရမ်းကုန်းကျောင်းသူဟောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ပိတောက်ရိပ်ငြိမ်လမ်း (၂/၁၀)နေ (ဗိုလ်ကြီးတင်မြင့်)-ဒေါ်ခင်သန်း ၏ သမီး၊ ဦးသန်းထွန်း-ဒေါ်စန်းစန်းကြည်၊ ဦးသက်လွင်-ဒေါ်ဝေဝေမြင့်၊ (ဦးခင်မောင်စိုး)-ဒေါ်ဝေဝေသန်း၊ ဦးအောင်သူရ-ဒေါ်နွေးနွေးမြင့်၊ ဦးဆန်းအောင် တို့၏ ညီမ၊ ဦးစိုးနိုင်-ဒေါ်ရင်ရင်ထွေးတို့၏ အစ်မ၊ ဦးစိုင်းဇော်ဝင်းမြိုင်၏ ဇနီး၊ ကိုအောင်မင်းထက်-မနန်းသဲဝေစိုင်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်ထက်မြတ်အောင်၏ အဘွားသည် ၁၃-၂-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၅:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၂၀ (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ရှိန် (မြို့မတော်ပုံ) (ဇီးကုန်းမြို့)
## အသက် (၁၀၀)

ဇီးကုန်းမြို့နယ်အသင်း (ရန်ကုန်)၏သက်ကြီးကန်တော့ခံ၊ ရာသက်ပန် အသင်းဝင် ဦးကျော်ရှိန် အသက် (၁၀၀)သည် ၁၀-၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဇီးကုန်းမြို့နယ်အသင်း (ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာဒေါ်ထားကြူ
### ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)
## အသက် (၉၀)

ရန်ကုန်မြို့၊ အမှတ်(၅၁-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းနေ ပါမောက္ခ ဒေါက်တာဒေါ်ထားကြူ (ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်-၁)သည် ၁၃-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **မြန်မာနိုင်ငံရောဂါဗေဒဆရာဝန်များအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ရဟန်း ဒါယိကာမကြီး
## ဒေါ်ကြင်ဥ
## အသက် (၇၈) နှစ်

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ-ဒေါ်စန္ဒာဝင်း တို့၏မိခင် ဒေါ်ကြင်ဥသည် ၁၂-၂-၂၀၂၀ ရက် နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**မြန်မာ့စီးပွားရေးဘဏ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန္ဒာအောင်
### မန်နေဂျာ (စီမံ) (ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## အသက် (၆၃) နှစ်

အစ်မကြီး ဒေါ်စန္ဒာအောင်သည် ၁၃-၂-၂၀၂၀ ရက် ည ၁၀:၁၀ နာရီ တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးခမ်းအောင် (ဦးဆောင်ညွှန်ကြားရေးမှူး)နှင့်**
**မြန်မာ့စာတိုက်လုပ်ငန်းမိသားစု**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မောင်ခိုင်(ခ)ဥူးမဏ္ဍလ
## သိက္ခာတော်(၆)ဝါ၊ သက်တော်(၈၄)နှစ်
### ကြည်း-၉၇၂၇ OTS(29)
### ပါမောက္ခချုပ်(ငြိမ်း) ယဉ်ကျေးမှုတက္ကသိုလ်

ရေဦးမြို့နေ (ဦးဘိုးကြည်-ဒေါ်သိန်း)တို့၏ သား၊ (ဦးကျော်ဒင်-ဒေါ်ခ) တို့၏ သားသမက်၊ အမှတ်(၂၀၆)၊ သီဟသူလမ်း၊ မြသီတာအိမ်ရာဝင်းနေ (ဒေါ်နှင်းနှင်းကြိုင်(ခ)ဒေါ်အဂ္ဂမွှေ)၏ ခင်ပွန်း၊ Capt ဦးရဲအောင်-ဒေါ်ဖြူဖြူငွေး၊ ဦးမျိုးခင်-ဒေါ်သူဇာမင်း (Khaing Su Tha Industrial Co.,Ltd, လှိုင်သာယာ)၊ ဦးကျော်ထင်သူတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ကိုအောင်ကျော်ခိုင်၊ ကိုမျိုးကျော်နိုင်၊ မရွှေရည်ဖြိုး၊ မဗေရယ်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီး သည် ၁၄-၂-၂၀၂၀ (သောကြာနေ့) နံနက် ၆:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိစျာပနကျင်းပမည် ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းမောင်
### ကျန်းမာရေးမှူး (ငြိမ်း)
### မဲဇလီကုန်းမြို့၊ အင်္ဂပူမြို့နယ်
## အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ အထက်ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ တိုက်(A3-2)၊ အခန်း(303)နေ (ဦးဘိုးရှင်း-ဒေါ်သန်းမြ)တို့၏သား၊ (ဦးထွန်း-ဒေါ်ပု)တို့၏ သားသမက်၊ ဒေါ်ခင်သန်းထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝိမလ (ဇောဓိမဏ္ဍိုင်ကျောင်းတိုက် သက္ကပြင်ရွာ)၊ ဦးသက်ထွန်းဦး-ဒေါ်ခင်စိုးကြည်၊ ဦးမိုးမြင့်ထွန်း-ဒေါ်ဝင်းဝင်းမင်း တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ကြည်သာလင်း-မဖူးငုံမွှေး၊ မမီမိုနှင်းပွင့်၊ မသင်းသဇင်စိုးတို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၂-၂-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် အာယုအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေ၊ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၂-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ထွေးညွန့် (အုတ်တွင်း)
## အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ပန်းပဲတန်းမြို့နယ်၊ အမှတ်(၅၂၀)၊ မဟာဗန္ဓုလလမ်း၊ (၂၈)လမ်းထိပ်နေ (ဦးသောင်း)၏ ဇနီး၊ ဒေါ်တင်တင်မြင့်၊ ဦးမောင်လှ-ဒေါ်ချယ်ရီ၊ ဦးဝေစိန်-ဒေါ်မျိုးမျိုးထွန်း(ရွှေမင်္ဂလာဈေး)၊ ဦးဆန်းထွန်း-မနွေးနွေး၊ မမီးငယ်(ရွှေမင်္ဂလာဈေး)တို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၃-၂-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၆:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း
## အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ နဂါးရုံဘုရားလမ်းသွယ်၊ အမှတ်(၆၉-C)နေ (ဦးချစ်မောင်-ဒေါ်ကြင်စိန်)တို့၏ သား၊ (ဦးအုန်းမောင်-ဒေါ်အုန်းကြွေ)တို့၏ သားသမက်၊ (ဒေါ်ခင်ဆွေမြင့်)၊ ဒေါ်အေးသွယ်-(ဦးမျိုးမြင့်)တို့၏ မောင်၊ (ဦးစောထွန်း)-ဒေါ်ဖြူဖြူဝင်းငွေ၊ ဦးမျိုးဝေ-ဒေါ်မွန်မွန်အေး တို့၏ ညီ/မောင်၊ တူ/တူမ ကိုးယောက်တို့၏ ချစ်လှစွာသော ဦးလေး၊ မြေးခြောက်ယောက်တို့၏ အဘိုး၊ ဒေါ်သန်းသန်းအေး၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၃-၂-၂၀၂၀ (ကြာသပတေးနေ့) ည ၉ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၂၀ (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအသင်းသင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၂၀ ရက် နံနက် ၇ နာရီမှ ၉ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ဝေ
## အသက်(၆၇)နှစ်

သူငယ်ချင်း ဇော်မင်းထွန်း (ဗိုလ်မှူး-ငြိမ်း)၏ ဖခင် ဦးကျော်ဝေ အသက်(၆၇)နှစ်သည် ၁၀-၂-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန် ကြောင်း ကြားသိရသည့်အတွက် ဝမ်းနည်းကြေကွဲရပါသည်။

ဦးလေး ကောင်းရာသုဂတိလားပါစေ။

**OTS (102) ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း
## ကိုမျိုးမြင့်နိုင်(ခ)ကိုမောင်နိုင်
## အသက်(၄၇)နှစ်
### ငြိမ်းချမ်းအေးပုံနှိပ်တိုက်

မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင် ကိုမျိုးမြင့်နိုင်(ခ)ကိုမောင်နိုင်သည် ၃၁-၁-၂၀၂၀ ရက် (သောကြာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA)**

## ဒေါက်တာ ဒေါ်ထားကြူ (Betty Chu) (မြိတ်မြို့)
### ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)
## အသက် (၉၀)

ရန်ကုန်မြို့၊ အမှတ်(၅၁-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းနေ (ဦးချေရှပ်-ဒေါ်ကင်းလင်)တို့၏သမီး၊ (ဦးဝါဟင်-ဒေါ်မြူယီရယ်)၊ (ဦးဝါကြူ)-ဒေါ်ခင်ခင်လှ တို့၏ညီမ၊ (ဦးဝင်းကြိုင်)-ဒေါ်မြူယီရယ်ထွန်းကျော်၊ (ဦးကြီးမြင့်-ဒေါက်တာဒေါ်မြတ်သီ)၊ (ဦးကျော်ညိမ်း)-ဒေါ်ခင်လေးညိုတို့၏အစ်မကြီး၊ ဦးလှမြင့်သိန်း-Mary၊ ဒေါက်တာဇော်လင်း-ဒေါ်ခင်မေထွေး၊ ဦးလှဖေမြင့်-ဒေါ်တင်တင်အေး၊ ဒေါက်တာဦးငွေသိန်း-ဒေါ်ကြူကြူဆွေ၊ ဒေါက်တာဦးချစ်ဇော်-ဒေါ်တင်အေးကြူ၊ ဦးတင်မောင်အေး-Gloria၊ ဒေါ်မြသင်းကြူ၊ ဦးတင်အောင်ထွေး-Sandra၊ (ဦးဇေယျာဝင်းကြိုင်)၊ ဒေါက်တာဦးအောင်ထွန်း-ဒေါ်သက်သက်ဝင်းကြိုင်၊ ဒေါ်သီသီမြင့်၊ ဒေါ်မိုးစန္ဒာကျော်၊ ဦးဝင်းလှိုင်-ဒေါ်အေးအေးသီ၊ ဒေါ်စန်းရင်မြင့်တို့၏ အဒေါ်သည် ၁၃-၂-၂၀၂၀ ရက် နံနက် ၁:၂၅ နာရီတွင် အာယုအင်တာနေရှင်နယ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၂၀ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၂၀(ဗုဒ္ဓဟူးနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတာ်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ] ကျန်ရစ်သူမိသားစု

## အနိစ္စ

### မြိတ်မြို့နယ်အသင်း (ရန်ကုန်)
## ဒေါက်တာဒေါ်ထားကြူ
### (Betty Chu) (မြိတ်)
### ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)
## အသက် (၉၀)

ရန်ကုန်မြို့၊ အမှတ်(၅၁-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းနေ (ဦးချေရှပ်-ဒေါ်ကင်းလင်)တို့၏သမီးသည် ၁၃-၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၂၀ (စနေနေ့) နံနက် ၁၀ နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

## ဦးအောင်တင့်
### အထက-၅ (မြောင်းမြမြို့)၊ ကျောင်းအုပ်ကြီး (ငြိမ်း)
## အသက် (၈၉) နှစ်

မြောင်းမြမြို့၊ အထက-၅ ကျောင်းအုပ်ဆရာကြီး ဦးအောင်တင့်(ငြိမ်း)သည် ၁၃-၂-၂၀၂၀ ရက် ညနေ ၃:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ကျောင်းသား/ သူဟောင်းကြီးများ သိစေအပ်ပါသည်။

ကျောင်းသားဟောင်းအဖွဲ့

## ဒေါ်မြတ်မာလာဝင်း
## အသက် (၄၉) နှစ်

(ဦးတင်စန်း-ဒေါ်မြမြဝင်း) တို့၏ သမီးချွေးမ၊ ဦးသန်းဝင်း-ဒေါ်ချစ်ချစ်ဝင်း တို့၏ သမီးကြီး၊ ဦးကိုကိုဦး၊ ဒုတိယဗိုလ်မှူးကြီးဝဏ္ဏဆန်း - ဒေါ်အေးစန္ဒာငွေး (နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ အစ်မ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်ရဲစခန်းဝင်း၊ လိုင်း(၂)၊ အခန်း(၁)နေ ဒေါ်ဝင်းသီတာဇော်(AYA Bank၊ လက်ထောက် မန်နေဂျာ)၊ ဦးဗိုလ်ဗိုလ်လွင်-ဒေါ်အင်ကြင်းခိုင်၊ မောင်ရှိန်းထက်အာကာတို့၏ မွေးသမိခင်၊ မမျိုးသီရိအောင်၊ မောင်အောင်ဘုန်းပြည့်စုံတို့၏အဘွား၊ ရဲတပ်ကြပ်ကြီး ခင်ဇော်(ဘုရင့်နောင်နယ်မြေရဲစခန်း)၏ ချစ်လှစွာသောဇနီးသည် ၁၄-၂-၂၀၂၀ (သောကြာနေ့) နံနက် ၅:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁:၃၀ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## သင့်သွေးဖြင့် အသက်ကယ်ပါ

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်ဆွေ (သာယာဝတီ)
### ခရိုင်သစ်တောရုံးအုပ်ကြီး (ငြိမ်း)၊ မုံရွာ
## အသက် (၈၅) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ ဗိုလ်ထိန်ဝင်းလမ်း၊ အမှတ်(0/70-ခ) နေ (ဦးသိန်း-ဒေါ်အေး)တို့၏သား၊ (ဦးအုန်းဟန်-ဒေါ်ဖွားတင့်)တို့၏သားသမက်၊ (ဒေါ်ခင်သန်းမြင့်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးထွန်းလင်းစိုး-ဒေါ်နီနီဝင်းတို့၏ မွေးသဖခင်၊ မောင်ဖြိုးသူရအောင်-မသွန်းသီရိထွန်း၊ မောင်ပြည့်လျှံထက်ကျော်၊ မောင်ခန့်ညားဘုန်းရှိန်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၃-၂-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၂၀ ရက် ညနေ ၃ နာရီတွင် အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ] ကျန်ရစ်သူမိသားစု

## ဒေါ်ရီ (ခ) ဒေါ်အေးအေး (ညောင်ခါးရှည်မြို့) (၇၃) နှစ်
### ဒုပဲစွည်းထိန်း (ငြိမ်း)
### ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တိုင်း (၁၁)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၁၀၀၊ ၆/ဘီ)နေ (ဦးဘိုကေး-ဒေါ်လှရင်)တို့၏သမီးကြီး၊ (ဦးစိန်လွမ်း-ဒေါ်တင်အေး)တို့၏သမီးချွေးမ၊ ဦးအောင်မင်း(မန်နေဂျာ၊ ရန်ကုန်တိုင်း သမအသင်းစု-ငြိမ်း)၏ဇနီး၊ ဦးကျော်မင်းဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့ပြဖလမ်းခရိုင်)-ဒေါ်တင်မာအေး၊ ဦးအေးမင်းလတ်(ခေတ္တ စင်ကာပူ)-ဒေါ်တိုးတိုးလွင်၊ ဒေါ်တင်မင်းထွေး(ခေတ္တ-စင်ကာပူ)-ဦးမျိုးမြတ်ထွဋ်တို့၏မိခင်၊ မမေသူခိုင်၊ မောင်ဘုန်းဟန်ကို၊ မဟေသီလတ်၊ မောင်ဇေယျာမင်း၊ မောင်အောင်ခန့်မင်း၊ မောင်ဇာနည်မြတ်ထွဋ်တို့၏အဘွားသည် ၁၄-၂-၂၀၂၀ (သောကြာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်မအေးလှ
## အသက်(၇၂)နှစ်
### စစ်တွေ

စစ်တွေမြို့၊ ကုန်သည်လမ်း၊ ကျောင်းတက်လမ်းရပ်ကွက်၊ အမှတ်(၂၅၂)နေ ဦးမဲထွန်းအောင် (စက်ပြင်မှူး-ငြိမ်း၊ မြန်မာ့လျှပ်စစ်)၏ ဇနီး၊ ဒေါ်နိုင်နိုင်(ပြုံးပန်းဝေ-ယုဇနပလာဇာ)၊ (ဦးမောင်မောင်သန်း)-ဒေါ်မြစန္ဒာ၊ ဦးသန်းမြင့်၊ ဦးအေးမြင့်၊ ဒုရဲအုပ်မြင့်ထွန်း (လေကြောင်းရဲတပ်ဖွဲ့၊ ဟဲဟိုးလေဆိပ်)-ဒေါ်အေးအေးနိုင်၊ (ဦးမြင့်စိုး) တို့၏ ကျေးဇူးရှင်မိခင်၊ မအေးငြိမ်းဇံ၊ မောင်အောင်မင်းဟိန်း၊ မောင်ကျော်စိုးပိုင်၊ မဆုစံမိုး၊ မောင်မြတ်ကိုလင်း၊ မောင်သန့်ဇင်ဖြိုး၊ မရွှေစင်ဖြိုး၊ မသဇင်ထက်တို့၏ အဘောင်ရှင်၊ မောင်ခန့်ဘုန်းသုခ၏ အဖီးရှင်သည် ၁၃-၂-၂၀၂၀ (ကြာသပတေးနေ့) ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၂၀ (စနေနေ့) မွန်းလွဲတွင် စစ်တွေမြို့ အာကျိုတ်တော်ကုန်း သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ကိုမင်းသွေးထက်
### မဟာသိပ္ပံ(အပိုင်း-က)၊ ကုန်ထုတ်ဓါတု၊ ရန်ကုန်တက္ကသိုလ်
## အသက် (၂၃) နှစ်

သူငယ်ချင်းဖြစ်သူ ဦးအောင်ကျော်ဇော-ဒေါ်ယဉ်ယဉ်ဦးတို့၏ချစ်လှစွာသောသားငယ် ကိုမင်းသွေးထက်သည် ၁၁-၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၈၂-ခုနှစ်၊ သိပ္ပံဘွဲ့ (သစ်တော)သူငယ်ချင်းများ**

**ကြေးမုံ ယနေ့ဖတ်စရာ**


**ညွှန်းကိန်းအသစ်များနှင့် Doing Business 2020**

စာမျက်နှာ ၁၀

---

**အာဖဂန်တွင် ယာယီအပစ်အခတ်ရပ်စဲရေးရယူရန် အမေရိကန် သတ်မှတ်**

စာမျက်နှာ ၁၃

---

**ချစ်သူများနေ့အထိမ်းအမှတ် တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်ခဲ့တဲ့ ဂျက်စတင်ဘီဘာ**

စာမျက်နှာ ၁၉


# နေပြည်တော်ရေပန်းဥယျာဉ် ပန်းပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၄

နေပြည်တော်တွင် ပထမဦးဆုံးအကြိမ်ကျင်းပသည့် နေပြည်တော်ရေပန်းဥယျာဉ် ပန်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရေပန်းဥယျာဉ်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးအေးမောင်စိန်နှင့် ဦးညီထွန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆန်းမြတ်ထွန်းကုမ္ပဏီ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၅ ကော်လံ ၄ သို့ ❖



၂၀၁၉ ခုနှစ်က ခြေစမ်းပွဲအဖြစ် မြန်မာနှင့် နီပေါအသင်း ယှဉ်ပြိုင်ကစားခဲ့စဉ်။

## မြန်မာ့လက်ရွေးစင်အသင်း မတ်လလယ်တွင် လေ့ကျင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားအာရှဇုန် (ဒုတိယအဆင့်) ခြေစစ်ပွဲနှစ်ပွဲကို မတ်လတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မတ်လလယ်တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။ စာမျက်နှာ ၁၉ ကော်လံ ၄ သို့ ❂

## ဖူဆယ်လိဂ် ချန်ပီယံဆုအတွက် VUC နှင့် MIU အသင်း အဆုံးအဖြတ်ကစားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၉-၂၀၂၀ ရာသီ MFF ဖူဆယ်လိဂ်ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၂၂) ကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းမှ စတင်ကာ ကျင်းပမည်ဖြစ်သည်။ ချန်ပီယံဆုအတွက် VUC နှင့် MIU အသင်းတို့ ရမှတ်တူဖြင့် အကြိတ်အနယ်ဖြစ်နေပြီး ထိပ်တိုက်တွေ့ဆုံမည့် နောက်ဆုံးပွဲမှာ အဆုံးအဖြတ်ဖြစ်နေသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❍

## MNL အမှတ်ပေးပြိုင်ပွဲဘောလုံးပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

၂၀၂၀ ရာသီ Myanmar National League (MNL) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) ပွဲစဉ်များအနက် ချင်းယူနိုက်တက် FC အသင်းနှင့် ရှောဝတီယူနိုက်တက် FC အသင်းတို့သည် ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၄ နာရီတွင်လည်းကောင်း၊ ဖွဲ့ကပင်ယူနိုက်တက် FC အသင်းနှင့် ရှမ်းယူနိုက်တက် FC အသင်းတို့သည် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၄ နာရီတွင်လည်းကောင်း ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါဘောလုံးပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြား (MRTV) နှင့် MRTV Sports Channel တို့တွင် ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





